MTSH

MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.



ANNUAL REPORT 2018 2019

ANNUAL
REPORT
2018-2019

CONTENTS

Welcome MESSAGE

“Expanding our investment horizon”

During Myanmar Investment conference held in Tokyo in conjunction with 10th Mekong-Japan Summit, State Counsellor Daw Aung San Suu Kyi stated that the success of our Thilawa SEZ as a crowning success within a short period. Furthermore, State Counsellor recognized Thilawa SEZ as the most successful SEZ and a model success of democracy era.

Our company MTSH successfully reached 6th anniversary while the Country is focusing on the political and economic transformations.

Since the implementation of Thilawa SEZ, we received consistent support and special attention from the Governments. On 18 July 2019, Vice President U Henry Van Thio visited Thilawa SEZ, provided guidance on the progress and future development as a Myanmar's model economic development.

First of all, I would like to mention that we are proud of being interested as a leading public listed company by the general public.

“ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဖော်ဆောင်မည်”

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ပင် (၁၀) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးဆွေးနွေးပွဲအတွင်း ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားရာ၌ မိမိတို့ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကြီး၏ အောင်မြင်မှုအား Crowning Success အချိန်တိုကာလအတွင်း သရဖူဆောင်းခဲ့သည့် လုပ်ငန်းဟု တင်စားမိန့်ဆိုခဲ့သည့်အပြင် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခေတ်သစ်မှာ အအောင်မြင်ဆုံး SEZ စီမံကိန်းကြီးတစ်ခုအဖြစ်နှင့် နိုင်ငံတော်အတွက် အရေးပါတဲ့ စံပြစီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် အသိအမှတ်ပြုခြင်း ခံရပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲတိုးတက်မှုလမ်းကြောင်းကို အလေးထားဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ MTSH သည်လည်း (၆)နှစ်မြောက် နှစ်ပတ်လည်သို့ အောင်မြင်စွာ ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ကျွန်တော်တို့ သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး စီမံကိန်းလုပ်ငန်းကို စတင်တည်ထောင်ဖို့ ဆောင်ရွက်ခဲ့တဲ့အချိန်ကစ၍ နိုင်ငံတော်အစိုးရ အဆက်ဆက်အနေဖြင့် အထူးအလေးထားအားပေးခဲ့ပြီး၊ အရေးပါသော မြန်မာနိုင်ငံ၏ စံပြစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကြီး တစ်ခုအဖြစ် အလေးထားသည့်အတွက် နိုင်ငံတော်ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူကလည်း ၂၀၁၉ခုနှစ်၊ ဇူလိုင်လ (၁၈)ရက်နေ့တွင် သီလဝါအထူးစီးပွားရေးဇုန်သို့ ထပ်မံလာရောက်၍ လုပ်ငန်းတိုးတက်မှုများနှင့် ဆက်လက်တိုးတက်ဆောင်ရွက်ရန် ကိစ္စများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

MTSH is proud to report another successful year of strong growth in Group net profit with a 22% increase from Ks 12.8 billion last year to Ks 15.6 billion this year thanks to the hard work of our partners, executives, and staff and thanks to our customers for believing in us. Contributing factors for the rise of our profit include increases in our agency work introducing more investors to locating in the Thilawa SEZ and increased efficiency of our operation company, Myanmar Japan Thilawa Development Limited (MJTD). With such an increase in profitability, our Board Members are pleased to recommend an increase in dividends of Ks 250 per share compared to Ks 230 per share last year. After proposed dividends payout, MTSH will still have a strong cash position of Ks 28.9 billion which will allow us to expand our investment horizons.

Following the recent announcement by the Securities and Exchange Commission of Myanmar (SECM) on 12th July which has allowed the participation of Foreign Investors and Organizations to openly trade on the Yangon Stock Exchange (YSX). We also believe that this announcement will unlock the real future potential value of our MTSH and that the YSX will become a more lively and active market with higher liquidity. MTSH as well as the YSX as a whole is now on the cusp of welcoming Foreign Investors in the next 3 months or so.

Operation of Thilawa SEZ is starting to build momentum with investment by 108 companies from 18 countries totaling US$1.61 billion. Seventy-two of these companies' factories have started commercial operations. Due to increase in number of companies in operation, our utilities income is on the way up for a consistent future income stream. Our business is growing.

The recent public announcement by Toyota Motor Corporation on 30th May regarding the formation of Toyota Myanmar (TMY) Company and the establishment of an assembling plant at Thilawa Special Economic Zone is another milestone with a US$52.6 million investment and the assembly of 2,500 Toyota Hilux cars per year in 2021. We are delighted to welcome Toyota into our Thilawa Special Economic Zone. With Toyota investment inside our zone,

ကုမ္ပဏီလုပ်ငန်းဆောင်ရွက်မှုများကို တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းခဲ့ရာ ယနေ့ချိန်ခါတွင်မြန်မာနိုင်ငံရှိ ပြည်သူအများ စိတ်ဝင်စားသည့် ထိပ်တန်းအများပိုင် ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်သည်ကို ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါသည်။

MTSH အနေဖြင့် လုပ်ငန်းစုကြီးတစ်ခုလုံး၏ ယခုနှစ် အသားတင်အမြတ်ငွေသည် ကျပ် ၁၅. ၆ ဘီလီယံရရှိခဲ့သဖြင့် ယခင်နှစ်အမြတ်ငွေ ကျပ် ၁၂. ၈ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၂၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းအား ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် တင်ပြလိုပါသည်။ ယခုကဲ့သို့ တစ်နှစ်ထက်တစ်နှစ် အမြတ်ငွေများ တိုးတက်လာခဲ့ခြင်းသည် မိမိတို့၏ ကောင်းမွန်သော လုပ်ငန်းမိတ်ဖက်များ၊ အမှုဆောင်အရာရှိများနှင့် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုတို့အပြင် မိမိတို့အား ယုံကြည်မှုများ ရှိခဲ့ကြသည့် အစုရှယ်ယာရှင်များကြောင့်သာ ယခုကဲ့သို့ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားလိုပါသည်။

ကျွန်တော်တို့ရဲ့ အမြတ်အစွန်းများ တိုးတက်လာခဲ့ခြင်းသည် MTSH မှ ရင်းနှီးမြှုပ်နှံသူများအား သီလဝါအထူးစီးပွားရေးဇုန်တွင် လာရောက် ရင်းနှီးမြှုပ်နှံရန် ချိတ်ဆက်ပေးသည့် အေဂျင်စီလုပ်ငန်းမှဝင်ငွေများ ပိုမိုရရှိခဲ့ခြင်းနှင့် မြန်မာ-ဂျပန်သီလဝါ ဒီဗလော့မင့်လီမိတက် (MJTD)မှ လုပ်ငန်းများအား ထိရောက်အောင်မြင်စွာ လည်ပတ်လုပ်ဆောင်မှုများကြောင့် ဖြစ်ပါသည်။ ထိုသို့ အမြတ်အစွန်းများ တိုးတက်ရရှိသည့်အတွက် မိမိတို့ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှ မိမိတို့၏ အစုရှယ်ယာရှင်များကို ယခင်နှစ်တွင် အမြတ်ခွဲဝေငွေ (Dividend) အား ရှယ်ယာတစ်စုလျှင် ကျပ် ၂၃၀ ပေးအပ်ခဲ့ရာမှ ယခုနှစ်တွင် ရှယ်ယာတစ်စုလျှင် ကျပ် ၂၅၀အထိ တိုးမြှင့်ပေးရန်အတွက် အစုရှယ်ယာရှင်များ ဆုံးဖြတ်ပေးနိုင်ရန် အဆိုပြုထားပါသည်။ အဆိုပြုထားသော အမြတ်ခွဲဝေငွေများအား ပေးဆောင်ပြီးခဲ့လျှင်လည်း MTSH အနေဖြင့် ငွေကြေးအင်အား ကျပ် ၂၈. ၉ ဘီလီယံရှိနေမည် ဖြစ်ပါသောကြောင့် ကျွန်ုပ်တို့၏ အနာဂတ်တွင်ရှိသည့် ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးသစ်များအား တိုးပွားနိုင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ အရောင်းအဝယ် ပြုလုပ်ရာ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် အဖွဲ့အစည်းများအား ပါဝင်ဆောင်ရွက်ခွင့်ပြုသည့် ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ ဤကြေညာချက်သည် မိမိတို့ MTSH ၏ ရှယ်ယာဈေးနှုန်းအား အမှန်တကယ် ထိုက်တန်သည့်တန်ဖိုးကို ဖော်ဆောင်နိုင်ပြီး ရန်ကုန်စတော့အိပ်ချိန်းဈေးကွက်တွင်လည်း အရောင်းအဝယ်များ ပိုမိုမြင့်တက်လာ၍ ငွေဖြစ်လွယ်နှုန်း မြန်လာမည်ဟု ယုံကြည်မိပါသည်။ MTSH အပါအဝင် ရန်ကုန်စတော့အိပ်ချိန်းရှိ စာရင်းဝင် ကုမ္ပဏီများ အားလုံးသည် လာမည့် (၃) လမှစ၍ ပေါ်ပေါက်လာမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဝမ်းမြောက်စွာ ကြိုဆိုအပ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်သည် စက်ရုံများတည်ဆောက်ရန် နိုင်ငံပေါင်း (၁၈)နိုင်ငံမှ မြေများရယူခဲ့သည့် ကုမ္ပဏီပေါင်း (၁၀၈)ကုမ္ပဏီ၊ စီးပွားဖြစ် လည်ပတ်နေသည့် စက်ရုံပေါင်း (၇၂) ခုတို့မှ အမေရိကန်ဒေါ်လာ (၁. ၆၁)ဘီလီယံ ကျော်အထိလာရောက် ရင်းနှီးမြှုပ်နှံကြပြီး လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန်တွင် ကုမ္ပဏီများမှလုပ်ငန်းလည်ပတ်လျက်ရှိသည့် စက်ရုံအရေအတွက် များပြားလာသည်နှင့်အမျှ ရေနှင့် လျှပ်စစ်ဓာတ်အား အသုံးပြုနှုန်း တိုးတက်လာမည်ဟု မျှော်မှန်း

we expect to attract many of Toyota's suppliers and to create a larger economic spinoff. We are excited to capitalize on the growth potential we see in front of us.

We believe Thilawa SEZ will continue to be seen as the best destination for investors to locate their factories, despite increase in competition in the near future, due to strong support of both the Myanmar and Japanese Governments for the improvement in surrounding infrastructure. A major road linking Thanlyin Bridge to Thilawa SEZ is near completion and will ease the traffic congestion and reduce traveling time for both people and goods. Additional infrastructure projects include a water supply and purification facility from Lagunbyin Reserivor to meet the future demand of Thilawa SEZ and a new bridge over the Bago River in parallel to the existing Thanlyin Bridge with expected completion by 2021. These efforts will further improve the attractiveness of Thilawa SEZ in the coming years.

In commemoration of Japan-Myanmar Joint Venture 5th Anniversary, MTSH Board Members visited Japan. During this trip, we met with the Deputy Prime Minister, H.E Mr. Taro Aso where we discussed about the future development of the remaining area from 2,400 Hectares of Thilwa SEZ as we believe that increasing the value and facilitating to reach to the fullest potential of the Thilawa SEZ is the best for our Nation’s economy as well as our stakeholders and shareholders.

A new port constructed under Japanese Overseas Development Assistance (ODA) named Thilawa Multipurpose International Terminal Co., Ltd. (TMIT), was handed over on 14th December 2018 and operations have commenced. There is a growing need for an international port as well as logistics operations as more and more factories start operating within the Thilawa SEZ. We are closely monitoring the situation and planning for a multimodal logistic hub within Thilawa SEZ in the near future. We will be moving forward quickly with all these new opportunities.

Within the residential and commercial area developed by our subsidiary Thilawa Property Development Limited (TPD), the Japanese international hotel chain Super Hotel Thilawa had a Grand Opening Ceremony on 16th March 2019. This type of development is complimenting Thilawa Industrial Zone and bringing us one step closer to creating a regional city center. TPD is also finalizing the design for Thilawa Community Shopping Mall and we expect the development work will commence in late 2019 with a

ထားပြီး ၎င်းလုပ်ငန်းများမှလည်း ဝင်ငွေများတိုး တက်လာမည်ဟု သုံးသပ်ပါသည်။ မိမိတို့ လုပ်ငန်း စုကြီးတစ်ခုလုံးသည် တစ်ဆထက်တစ်ဆ ဖွံ့ဖြိုးတိုး တက်နေမည် ဖြစ်ပါသည်။

တိုယိုတာ မော်တော်ကော်ပိုရေးရှင်းမှ အများပြည်သူသို့ မေလ (၃၀) ရက်နေ့ ကြေညာချက်နှင့်ပတ်သက်၍ မိမိတို့မှ ဂုဏ်ယူစွာဖြင့် တင်ပြလိုသည်မှာ ဂျပန်နိုင်ငံ၏ ထိပ်တန်းကုမ္ပဏီ တစ်ခုဖြစ်သည့် တိုယိုတာမှ သီလဝါအထူးစီးပွားရေးဇုန် တိုယိုတာ မြန်မာကုမ္ပဏီလီတက်ကို အမေရိကန်ဒေါ်လာ (၅၂. ၆) သန်းဖြင့် ရင်းနှီး မြှုပ်နှံကာ မော်တော်ယာဉ်ထုတ်လုပ်ငန်းများ စတင်သည့် ၂၀၂၁ ခုနှစ်မှ စတင်၍ တစ်နှစ်လျှင် Toyota Hilux အစီးရေ (၂,၅၀၀)အား ထုတ်လုပ် သွားမည် ဖြစ်ပါသည်။ မိမိတို့ သီလဝါအထူးစီးပွားရေးဇုန်၏ နောက်ထပ် မှတ်တိုင်တစ်ခုဖြစ်သည့် တိုယိုတာ၏စီမံကိန်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆို အပ်ပါသည်။ တိုယိုတာ၏ ရင်းနှီးမြှုပ်နှံမှုနှင့်အတူ တိုယိုတာကားထုတ်လုပ်ရာတွင် လိုအပ်သည်စက်ပစ္စည်း အစိတ် အပိုင်းများကို ရောင်းချနေသည့် ကုမ္ပဏီများကိုပါ သီလဝါအထူးစီးပွားရေးဇုန်အတွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံနိုင် အောင်ဆွဲဆောင်၍ စီးပွားရေးကွင်းဆက်ကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

အနာဂတ်ကာလတွင် စီးပွားရေးအရ ယှဉ်ပြိုင်မှုများ ပိုမိုပြင်းထန်လာနိုင်သော်လည်း သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၊ဂျပန် နှစ်ဖက်အစိုးရအဖွဲ့များမှ ဇုန်နှင့်ဇုန်ပတ်ဝန်းကျင်ဒေသများရှိ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက် လာရေးအတွက် အားပေးထောက်ပံ့မှုများကြောင့် မိမိတို့၏သီလဝါအထူးစီးပွားရေးဇုန်သည် ရင်းနှီးမြှုပ်နှံသူများမှ စီးပွားရေးလုပ်ငန်း များ လုပ်ကိုင်ရန်အတွက် အကောင်းဆုံးနေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဟု ယုံကြည်ပါသည်။ လဂွန်းပြင် ရေလှောင်ကန်မှ ရေကိုရယူ၍ ရေသန့်စင်မှု အစီအမံများဖြင့် အနာဂတ်တွင်သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေး နိုင်ခြင်း၊ ပဲခူးမြစ်ကိုဖြတ်လျက် လက်ရှိသန်လျင်တံတားနှင့်အပြိုင် တံတားအသစ်တစ်စင်းကို ၂၀၂၁ ခုနှစ်တွင် အပြီးသတ်တည်ဆောက် အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်းတို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန်သည် ရှေ့လာမည့်နှစ်များတွင်လည်း ရင်းနှီး မြှုပ်နှံသူများ၏ စိတ်ဝင်စားမှုကို ဆက်လက်ရရှိနေမည် ဖြစ်ပါသည်။

Japan-Myanmar Joint Venture လက်မှတ်ရေးထိုးခြင်း(၅)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကျင်းပသည့်အခမ်းအနားသို့ မိမိတို့၏ ဒါရိုက်တာအဖွဲ့ဝင်များသည် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ကြသည်။ အဆိုပါခရီးစဉ်အတွင်း မိမိတို့ဒါရိုက်တာအဖွဲ့သည် ဂျပန်နိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် H.E Mr. Taro Aso နှင့် တွေ့ဆုံခဲ့ကြပြီး သီလဝါအထူးစီးပွားရေးဇုန်တွင် စီမံကိန်းဟက်တာ ၂,၄၀၀ အနက် ကျန်ရှိသည့်ဧရိယာ များအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများကို ဆွေးနွေးခဲ့ပါသည်။ သီလဝါအထူးစီးပွားရေး ဇုန်အား တန်ဖိုးမြှင့်ပေးခြင်း၊ ထောက်ပံ့ဆောင်ရွက်မှုများ လုပ်ဆောင်ခြင်းအားဖြင့် သီလဝါအထူးစီးပွားရေးဇုန်သည် မိမိတို့၏နိုင်ငံနှင့် အစုရှယ်ယာရှင်များ၊ အကျိုးစီးပွားဆက်စပ်သူများအားလုံးအတွက် အကောင်းဆုံး၊ အအောင်မြင်ဆုံး အထူးစီးပွားရေးဇုန်တစ်ခုဖြစ်လာမည်ဟု ယုံကြည်ပါသည်။

ဂျပန်နိုင်ငံ၏ ပြည်ပဖွံ့ဖြိုးမှုအကူအညီဖြင့် Thilawa Multipurpose International Terminal Co.,Ltd (TMIT) ဘက်စုံသုံး သီလဝါ ဆိပ်ကမ်းကို၂၀၁၈ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဆိပ်ခံတံတားတည်ဆောက်ခြင်း လုပ်ငန်းပြီးစီးခြင်း အခမ်းအနားကျင်းပ၍ လုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်အတွင်း စက်ရုံများ ပိုမိုကျယ်ပြန့်စွာ လည်ပတ်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာဆိပ်ကမ်းများ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ လိုအပ်လျက်ရှိသဖြင့် မိမိတို့ MTSH မှလည်း ဘက်စုံထောက်ပံ့ပို့ဆောင်ရေး ဗဟိုချက်စီမံကိန်း (Multimodal Logistic Hub) တစ်ခုဖြစ်လာစေရေးအတွက် ကြိုတင်လေ့လာမှုများလည်း ဆောင်ရွက်နေပါသည်။ မိမိတို့ကုမ္ပဏီအတွက် အကျိုးရှိစေမည့် လုပ်ငန်းများကို ရရှိသည့် အခွင့်အလမ်းများဖြင့် အလျင်အမြန်ဆောင်ရွက်မှာ ဖြစ်ပါသည်။

မိမိတို့၏ လက်အောက်ခံကုမ္ပဏီခွဲတစ်ခုဖြစ်သော Thilawa Property Development Limited (TPD)၏ လူနေအိမ်ရာနှင့် စီးပွားရေးဧရိယာ အတွင်းတွင် ဂျပန်နိုင်ငံမှ ဟိုတယ်လုပ်ငန်းစုတစ်ခုဖြစ်သည့် Super Hotel သည် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပြီး စီးပွားဖြစ်လုပ်ငန်းများ လည်ပတ်နေပြီဖြစ်ပါသည်။ ယခုလို ဖွံ့ဖြိုးတိုးတက်မှုများသည် သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးမှုနှင့် ဒေသဆိုင်ရာမြို့ပြတည် ဆောက်ရာတွင် အထောက်အကူဖြစ်စေပါသည်။ TPD လီမိတက်မှ သီလဝါဒေသအတွင်း ဈေးဝယ်စင်တာကို ဖော်ဆောင်ရန်အတွက် ဒီဇိုင်းအပြီးသတ် ရေးဆွဲ၍ ၂၀၁၉ နှစ်ကုန်ပိုင်းတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် အစောပိုင်းတွင် တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးမည်ဟု မျှော်မှန်းထားပါသည်။ သီလဝါဒေသအတွင်း အလုံးစုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းသည် 'အလုပ်၊ ဘဝ၊ ပျော်ရွှင်မှု' တို့ကို ဟန်ချက်ညီစေရန် ကိုလည်း ရည်ရွယ်ပါသည်။

MTSH ၏ စီမံခန့်ခွဲသူများသည် မြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် လေ့လာမှုများ လုပ်ဆောင်လျက်ရှိပါသည်။ အဆိုပါဇုန်နှစ်ခုလုံးသည် တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့် လမ်းကြောင်းမဟာဗျူဟာစီမံကိန်း (Belt and Road Initiative, BRI) ဖြစ်သဖြင့် အလွန်အရေးပါသည့် စီမံကိန်းများဖြစ်ပါသည်။ မြစ်ကြီးနားစီးပွားဖွံ့ဖြိုးရေးဇုန်သည် လူဦးရေအများဆုံးနိုင်ငံနှစ်ခုဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကို ဆက်သွယ်ပေးနိုင်ရန်အတွက် ဖောက်လုပ်ထားသည့် လီဒိုလမ်းမကြီးပေါ်တွင်တည်ရှိပြီး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် တရုတ်နိုင်ငံ အနောက်ဘက်ဒေသအတွက် အိန္ဒိယသမုဒ္ဒရာသို့ ထွက်ပေါက်အဖြစ် တည်ရှိပါသည်။ အဆိုပါစီမံကိန်းနှစ်ခုလုံးသည် မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှု ကဏ္ဍများတွင် အထူးအရေးပါသော စီမံကိန်းများ ဖြစ်ပါသည်။

completion date of early 2021. With all these developments, we aim to make Thilawa SEZ a destination for "Work, Live and Play".

MTSH management continues to dialogue on potential investments in Myitkyina Economic Zone and Kayuk Phyu SEZ. Both projects are important for the Belt and Road Initiative (BRI) by China. Myitkyina Economic Zone sits on the pathway of Ledo Road which connects China and India, the world's two most populous countries. The Kyauk Phyu SEZ is the western gateway to the India Ocean for China. These projects hold significant importance for Myanmar economy once developed.

MTSH is committed to transparent and responsible business practices, aligned with the international standard for responsible business and the ten principles of the UN Global Compact. MTSH has been a member of the UN Global Compact since 2015. Good Corporate Governance is one of MTSH's core principles. We are committed to fair and transparent business practices and creating sustainable best value for our shareholders. MTSH is honoured to be recognized as one of the most transparent companies in Myanmar by the Myanmar Centre for Responsible Business ("MCRB"), ranked seventh in the 2019 Transparency in Myanmar Enterprises(TiME) Report, an improvement of two rankings from ninth in 2018. We will continue to strive to be a model company.

On behalf of the Board and myself, I wish to thank all the shareholders for your investment in Myanmar Thilawa SEZ Holdings Public Company Limited. I also wish to thank our new CEO, U Kyaw Zaw Wai, and his executive team and employees who deliver great results year-on-year and for the continuous support from our partners and Thilawa SEZ Management Committee Chairman, His Excellency Dr Sett Aung, and the committee members. We remain committed to doing all we can to build long-term value creation for shareholders and stakeholders connected to our business.

MTSH သည် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများဖြစ်သော United Nations Global Compact (UNGC) မှ ချမှတ်ထားသော မူ(၁၀)ချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၅ ခုနှစ်ကတည်းက UNGC ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။ ကောင်းမွန်ပြည့်စုံသော စီးပွားရေးလုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှုသည် MTSH ၏ အဓိကကျသော အခြေခံမူများထဲမှ တစ်ခုဖြစ်ပါသည်။ မိမိတို့၏ အစုရှယ်ယာရှင်များအား ရေရှည်တည်တံ့၍ တာဝန်သိသောလုပ်ငန်းများ ဖြစ်ထွန်းစေရန်နှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့အပေါ်တွင် လိုက်နာကျင့်သုံးလျက်ရှိပါသည်။ မိမိတို့၏ ကောင်းမွန်တဲ့ စီမံခန့်ခွဲမှု၊ ပွင့်လင်းမြင်သာမှုများအား အကဲဖြတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့် Myanmar Centre for Responsible Business (MCRB)မှ ထုတ်ပြန်သည့် ၂၀၁၉ခုနှစ်၊ ပွင့်သစ်စ အစီရင်ခံစာ၏ TiME (Transparency in Myanmar Enterprises) ထုတ်ပြန်ချက်၏ ပွင့်လင်းမြင်သာမှုအရှိဆုံးကုမ္ပဏီများတွင် မိမိတို့ MTSH သည် ၂၀၁၈ ခုနှစ်တွင် အဆင့် ၉ ရရှိခဲ့ရာမှ ယခုနှစ်တွင် အဆင့် ၇ သို့တိုးတက်ခဲ့ပါသည်။ ကုမ္ပဏီ၏ Corporate Gorvenance ပိုင်းတွင်လည်း စံပြကုမ္ပဏီတစ်ခုဖြစ်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

မိမိတို့၏ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် လာရောက်ရင်းနှီးမြှုပ်နှံကြသည့် မိမိတို့၏ အစုရှယ်ယာရှင်များ၊ ယခုတစ်နှစ်တာကာလပတ်လုံးကို ကောင်းမွန်သည့်ရလဒ်တွေ ရနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အမှုဆောင်အရာရှိချုပ် ဦးကျော်ဇောဝေနှင့်တကွ အမှုဆောင်အရာရှိများ၊ ဝန်ထမ်းများအားလုံး၊ မိမိတို့အား အစဉ်အမြဲပံ့ပိုးကူညီခဲ့ကြသည့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်နှင့် အဖွဲ့ဝင်များအားလုံးကို ဒါရိုက်တာအဖွဲ့ဝင်များကိုယ်စား မိမိမှ ကျေးဇူးအထူးပင်တင်ရှိပါသည်။ မိမိတို့၏ကုမ္ပဏီနှင့် အပြန်အလှန်ဆောင်ရွက်လျက်ရှိသည့် အကျိုးဆက်စပ်သူများ၊ အစုရှယ်ယာရှင်များနှင့်အတူ ရေရှည်အကျိုးစီးပွားကိုဖန်တီးဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါသည်။

WIN AUNG
Chairman

Corporate Profile

Our company, Myanmar Thilawa SEZ Holdings Public Co., Ltd. was incorporated on 3 May 2013 in Myanmar under the Companies Act as a public limited company. Our company was established by a Myanmar Consortium comprising of nine founding shareholders initially for participating in the Zone A industrial park development within the Thilawa Special Economic Zone, which the Myanmar Government and the Japanese Government have co-invested to develop pursuant to the Cooperation Memorandum. On the 20th of May 2016, our company's shares commenced trading on the Yangon Stock Exchange. Our company is the second company to be listed on the Yangon Stock Exchange and the first developer of a Special Economic Zone of Myanmar to do so.

The nine founding shareholders of the Company are as follows:

1. First Myanmar Investment Company Limited;
2. Golden Land East Asia Development Limited;
3. Myanmar Agribusiness Public Corporation Limited;
4. Myanmar Agricultural & General Development Public Limited;
5. Myanmar Edible Oil Industrial Public Corporation Limited;
6. Myanmar Sugar Development Public Company Limited;
7. Myanmar Technologies and Investment Corporation Limited;
8. National Development Company Group Limited;
9. New City Development Public Company Limited;

With 17,032 shareholders recorded to date, MTSH is the public listed company with the highest number of shareholders in Myanmar.

Company Registration Number : 151830293

Certificate of Commencement of Business : 66 of 2013-2014

၂၀၁၃ ခုနှစ်၊ မေလ (၃)ရက်နေ့တွင် မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်အတွင်းရှိ သီလဝါဒေသတွင် မြန်မာ-ဂျပန်နှစ်နိုင်ငံ အစိုးရပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာအရ တည်ဆောက်အကောင်အထည်ဖော်မည့် အထူးစီးပွားရေးဇုန်စီမံကိန်းကို မြန်မာ-ဂျပန် ကုမ္ပဏီများဖြင့် ဖက်စပ်ကုမ္ပဏီထူထောင်၍ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ အများပိုင်ကုမ္ပဏီ (၉)ခုမှ ဦးဆောင်ဦးရွက်ပြု၍ မြန်မာသီလဝါ အက်(စ်) အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို စတင်တည်ထောင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀)ရက်နေ့တွင် ကုမ္ပဏီ၏ အထင်ကရအောင်မြင်မှုတစ်ခုအဖြစ် ရန်ကုန်စတော့အိပ်ချိန်းတွင် အောင်မြင်စွာ စာရင်းဝင်နိုင်ခဲ့ပါသည်။ ထို့ပြင်ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်နိုင်ခဲ့သည့် ပထမဦးဆုံးသော အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီဖြစ်ပါသည်။ ကမကထပြုသူ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (၉)ခုမှာ

၁။ ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက်

၂။ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်

၃။ မြန်မာအဂရီ ဘစ္စနက်ပတ်ဘလစ်ကော်ပိုရေးရှင်း လီမိတက်

၄။ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် လီမိတက် (အမ်အေဂျီဒီပီအယ်လ်)

၅။ မြန်မာအယ်ဒီဘယ်(လ်)အွိုင်း(လ်)အင်းဒတ်စရီရယ် ကော်ပိုရေးရှင်း (အမ်အီးအိုင်စီအို) လီမိတက်

၆။ မြန်မာသကြားဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်

၇။ မြန်မာနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်းလီမိတက်

၈။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအုပ်စု ကုမ္ပဏီလီမိတက်

၉။ မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်တို့

အပါအဝင် အစုရှယ်ယာရှင်ပေါင်း (၁၇,၀၃၂) ဦးရှိလာပြီး၊ ယခုအချိန်ထိ မြန်မာနိုင်ငံတွင် အစုရှယ်ယာရှင်အများဆုံးပါဝင်သည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်ပါသည်။

ကုမ္ပဏီမှတ်ပုံတင်အမှတ် : ၁၅၁၈၃၀၂၉၃

လုပ်ငန်းစတင်ဆောင်ရွက်သည့် လက်မှတ်အမှတ် : ၆၆ (၂၀၁၃-၂၀၁၄)

MISSION, VISION and VALUE

VISION

To invest in the development of Thilawa SEZ, Yangon Region, for all round socio and economic growth of the Republic of the Union of Myanmar and to become a regional leader attracting foreign direct investments

MISSION

To create value for all our shareholders, investors, partners, employees and communities by investing and providing reliable, sustainable business environment through the development of word class industrial and commercial infrastructure with responsible international practices and good governance ensuring long term growth.

မျှော်မှန်းချက်

ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါအထူးစီးပွားရေးဇုန်မှ တဆင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တစ်ဝှမ်း လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အရေးပါသည့် အခြေခံအဆောက်အအုံများ ပေါ်ထွန်းတိုးတက်လာမှုနှင့် ဒေသတွင်း နိုင်ငံများအတွင်း နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု အများဆုံးလက်ခံရရှိသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်။

ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ အစုရှယ်ယာဝင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ဖော် ကိုင်ဖက်များ၊ ဝန်ထမ်းများနှင့် ဒေသတွင်းအဖွဲ့အစည်းများ အားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်၊ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရန်အတွက် နိုင်ငံတကာအဆင့် တာဝန်ခံသည့် လုပ်ထုံးလုပ်နည်းများ၊ ယုံကြည် စိတ်ချကောင်းမွန်သော စီမံခန့်ခွဲမှုများနှင့် ရေရှည်တည်တံ့မည့် စီးပွားရေးအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံပြီး အကျိုးစီးပွား အခွင့်အလမ်းများ ဖော်ဆောင်ရန်။

CORPORATE VALUE

S

Sustainability ရေရှည်တည်တံ့နိုင်ရေး

The process followed diligently to manage financial, social and environmental risks, obligations and opportunities.

T

Transparency ပွင့်လင်းမြင်သာမှုရှိရေး

There is a real need for the business to be open with all stakeholders.

R

Responsibility တာဝန်ခံမှုရှိရေး

Beyond normal CSR with a responsibility to prevent human rights harms, whilst ensuring corrective avenues are available for infringements.

E

Efficiency အမြင့်မားဆုံးစွမ်းဆောင်နိုင်ရေး

Maximize outputs from given inputs, and in doing so, minimize costs.

N

Notable ထင်ပေါ်ကျော်ကြားနိုင်ရေး

Significant, memorable and worthy of attention.

G

Goal Oriented မဆုတ်မနစ်သည့် ရည်ရွယ်ချက်ပန်းတိုင် ရောက်ရှိရေး

Focus on tasks and the end results of those tasks.

T

Training လေ့ကျင့်သင်ကြားပေးရေး

Develop employee skills to keep the business competitive.

H

Health and Safety ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး

Identify workplace health and safety risks and put together comprehensive risk mitigation measures.

CORPORATE STRUCTURE



Note: MMS Thilawa Development Co., Ltd owned by (1) Mitsubishi Corporation, (2) Marubeni Corporation, (3) Sumitomo Corporation (4) Sumitomo Mitsui Banking Corporation, (5) Mizuho Bank and (6) MUFG Bank

MTSH BOARD STRUCTURE



Board of Directors' Profile

U WIN AUNG	CHAIRMAN
Date of Appointment	8 July 2013.
Last Re-elected	29 September 2018

U Win Aung is the Chairman of the Myanmar Thilawa SEZ Holdings Public Co., Ltd. He is one of the initiators and the lead negotiator between Japan and Myanmar Government leaders as well as founder Chairman for Myanmar private sector's involvement in the implementation of the Thilawa SEZ jointly with the Japanese investors, to create investment opportunities for Myanmar Citizens.

U Win Aung founded and continues as the Chairman of the Dagon Group of Companies since its establishment in 1990. Since 1993, Dagon Group of Companies has successfully implemented property development projects. Dagon Group of Companies engages in wide range of business in general trading, residential and commercial development such as shopping malls, hotel development, integrated agricultural development, value added food industry, logistics and distribution, automobile distribution, petroleum distribution, and in other business sectors. He is the Chairman of Myanmar Agro Exchange Public Limited which

ဦးဝင်းအောင်သည် Myanmar Thilawa SEZ Holdings Public Co., Ltd. ၏ ဥက္ကဋ္ဌဖြစ်ပါသည်။ ဦးဝင်းအောင်သည် မူလအစ သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည် ပေါ်ပေါက်လာနိုင်ရေး အတွက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအစိုးရအဖွဲ့ အကြီးအကဲများအကြား ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပြီး ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များနှင့် တွဲဖက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံခွင့်ရရှိရန်နှင့် အများပြည်သူများမှ အစုရှယ်ယာထည့်ဝင်နိုင်ရန် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်ညှိနှိုင်းကမကထ ပြုခဲ့သူတစ်ဦးဖြစ်ပါသည်။

ဦးဝင်းအောင်သည် Dagon Group of Companies ကို ၁၉၉၀ ခုနှစ်တွင် ဦးဆောင်တည်ထောင်ခဲ့ပါသည်။ Dagon Group of Companies သည် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းများကို ၁၉၉၃ ခုနှစ်ကပင် စတင်၍ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း၊ shopping mall များ၊ ဘက်စုံလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်စည်ဖြန့်ဖြူးခြင်း၊ မော်တော်ယာဉ်နှင့် စက်သုံးဆီဖြန့်ဖြူးရေးလုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသော စီးပွားရေးလုပ်ငန်းစုကြီးကို ဦးဆောင်နေသူတစ်ဦးလည်းဖြစ်ပါသည်။ နိုင်ငံတကာအဆင့်မီ တည်းကုန်းဟင်းသီးဟင်းရွက်သစ်သီးဝလံ ပန်းမန်လက်ကားဈေးကြီး၊ အခြေခံအဆောက်အဦးများနှင့် ပွဲရုံများ၊ လူနေအဆောက်အအုံ

specializes in agri value chain & infrastructure development such as Danyingon vegetables, fruits and flower wholesale market. He is also founder and Chairman of Golden Land East Asia Development Limited (GLAD), which is one of the founding public companies of MTSH. He is a board secretary representing Yangon Regional Government at Yangon Metropolitan Development Public Co., Ltd (YMD) a joint venture company between Yangon Regional Government and Myanma Construction and Development Public Co., Ltd which aims to develop & upgrade greater Yangon City & Yangon Region. He is also Patron of the Myanmar Construction Entrepreneurs Federation (MCEF) and Myanmar Licensed Contractors Association (MLCA) as well. U Win Aung was elected as President of Union of Myanmar Federation of Chamber of Commerce and Industries from 2011 to 2016.

He was also Chairman of ASEAN Business Advisory Council (ABAC) (2013-2014) and Chairman of Greater Mekong Sub-region Business forum (GMS-BF) (2012-2014). He was also one of the members of National Economic and Social Advisory Council (NESAC) & UN-ESCAP Advisory Council.

များကို တည်ဆောက်အကောင်အထည်ဖော်ခြင်း စီမံကိန်းကို ဖော်ဆောင်လျက်ရှိသည့် မြန်မာအက်ဂရို အိတ်(စ်)ချိန်း အများပိုင်လီမိတက် (Myanmar Agro Exchange Public Ltd. MAEX)ကို ဦးဆောင်တည်ထောင်သူ ဥက္ကဋ္ဌတစ်ဦးဖြစ်ပါသည်။ ဦးဝင်းအောင်သည် MTSH တွင် ကနဦး ဦးဆောင်ပါဝင်တည်ထောင်သော အများပိုင်ကုမ္ပဏီများတွင် တစ်ခုအပါအဝင်ဖြစ်သော Golden Land East Asia Development Limited (GLEAD) ၏ ဥက္ကဋ္ဌတစ်ဦးလည်း ဖြစ်ပါသည်။ ထို့အပြင် ဦးဝင်းအောင်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာ့ဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Myanmar Construction and Development Public Co., Ltd.) တို့ ပူးပေါင်းပြီး ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးကို ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ရန်ကုန်မက်ထရိုပိုလီတန် ဒယ်ဗလော့မင့် ပတ်ပလစ်ကုမ္ပဏီလီမိတက် (YMD - Yangon Metropolitan Development Public Co., Ltd.) ၏ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ ရန်ကုန်တိုင်းအစိုးရအဖွဲ့အား ကိုယ်စားပြုဒါရိုက်တာ ဘုတ်အဖွဲ့၏ အတွင်းရေးမှူးတာဝန်ကို စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသူ တစ်ဦးလည်းဖြစ်ပါသည်။ သူသည် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF) နှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း (MLCA) တို့၏ နာယကအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။

ဦးဝင်းအောင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၁ ခုနှစ် မှ ၂၀၁၆ ခုနှစ်ထိ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် အာဆီယံစီးပွားရေး အကြံပေးကောင်စီ (ABAC)၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၃ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ၊ မဲခေါင်ဒေသခွဲ စီးပွားရေးဖိုရမ် (GMS-BF) ၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေး ကောင်စီ (NESAC)နှင့် ကုလသမဂ္ဂအရှေ့အာရှနှင့် ပစိဖိတ်နိုင်ငံများဖွံ့ဖြိုးတိုးတက်ရေး UN-ESCAP တို့၏ အကြံပေးကောင်စီတွင် အဖွဲ့ဝင်တစ်ဦးအဖြစ်လည်း တာဝန်ယူခဲ့ပါသည်။

U THEIM WAI	VICE CHAIRMAN
Date of Appointment	8 July 2013.
Last Re-elected	29 September 2018

U Theim Wai @ Serge Pun is the Vice Chairman of the Board of Directors and one of the Principal Shareholders of the Company. He is also the Chairman of Serge Pun and Associates (SPA), First Myanmar Investment Company Limited (FMI), Yoma Strategic Holdings (YSH) and Memories Group Limited (Memories).

SPA's flagship FMI, one of the first public companies in Myanmar, was established in 1992. In 2006, Mr. Pun led YSH to a successful listing on the mainboard of the Singapore Stock Exchange (SGX). FMI became the first company to be listed on the new Yangon Stock Exchange on March 2016. On January 2018, the Memories Group, the Group's tourism business successfully gained a listing on the SGX Catalist Board.

Mr. Pun is currently a member of the World Economic Forum ASEAN Regional Group, ASEAN Business Council, Asia Business Council and a standing member of the Chinese People's Political Consultative Conference of Dalian. Additionally, he served as an Honorary Business Representative of the International Enterprise Singapore for Myanmar from 2004 till 2006.

ဦးသိမ်းဝေသည် ကုမ္ပဏီ ဒါရိုက်တာအဖွဲ့၏ ဒုတိယဥက္ကဋ္ဌတစ်ဦး ဖြစ်ပြီး၊ ကုမ္ပဏီ၏ ရှယ်ယာအများဆုံး ပိုင်ဆိုင်သူများအနက် တစ်ဦး အပါအဝင်ဖြစ်ပါသည်။ သူသည် Serge Pun and Associates Ltd. (SPA), First Myanmar Investment (FMI), Yoma Strategic Holdings (YSH) နှင့် Memories Group of Limited (Memories) တို့ပါဝင်ဖွဲ့စည်းထားသည့် SPA ကုမ္ပဏီများအုပ်စု (SPA Group) ၏ ဥက္ကဋ္ဌတစ်ဦး ဖြစ်ပါသည်။

၁၉၉၂ ခုနှစ်တွင် FMI ကုမ္ပဏီအား ထူထောင်ခဲ့ပြီး ယင်းကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ပထမဆုံးတည်ထောင်ခဲ့သော အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် ဦးသိမ်းဝေသည် Yoma Strategic Holdings ကို ဦးဆောင်တည်ထောင်ခဲ့ပြီး အဆိုပါ Holdings သည် စင်္ကာပူစတော့အိပ်ချိန်း (SGX) ဈေးကွက်၌ အောင်မြင်စွာ ရပ်တည်နိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ မတ်လတွင် FMI သည် Yangon Stock Exchangeဈေးကွက်တွင် ပထမဆုံးစာရင်းဝင်ကုမ္ပဏီ ဖြစ်လာခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် Memories Group အုပ်စု၏ ခရီးသွားလုပ်ငန်းကိုလည်း စင်္ကာပူစတော့အိပ်ချိန်း (SGX) ၏ Catalist Board တွင် အောင်မြင်စွာဖြင့် စာရင်းဝင်ခဲ့ပါသည်။

ဦးသိမ်းဝေသည် ယခုလက်ရှိတွင် World Economic Forum ASEAN Regional Group, ASEAN Business Council နှင့် Asia Business Council တို့၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ Chinese People's Political Consultative Conference of Dalian တွင် အမြဲတမ်းအဖွဲ့ဝင်၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ International Enterprise Singapore၏ မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင်စီးပွားရေး ကိုယ်စားလှယ်တစ်ဦးလည်း ဖြစ်ခဲ့ပါသည်။

U KHIN MAUNG AYE	
VICE CHAIRMAN	
Date of Appointment	8 July 2013.
Last Re-elected	9 September 2017

U Khin Maung Aye is a Vice Chairman of the Board of Directors of the Company. He is the Chairman of New City Development, which is one of the Principal Shareholders of our Company. New City Development is a Public Company that is engaged in town planning and infrastructure development, with the objective of improving the living standards of rural areas in Myanmar and relieving the population pressure in the big cities in Myanmar.

U Khin Maung Aye established Kaytumadi Co., Ltd in 1991 and is also the Founder and Chairman of the Kaung Myanmar Aung Group. He is also the Chairman of the KMA Shipping Co., Ltd, Citizen Business Insurance Public Limited, Myanmar Microfinance Bank Limited and Golden Myanmar Airlines Public Company Limited (all of which are associated with the Kaung Myanmar Aung Group). He is also the Chairman of Co-Operative Bank Limited and the Chairman of the Central Cooperative Society (CCS).

U Khin Maung Aye was elected as Chairman of the Myanmar Banks Association at its 15th Annual General Meeting that took place on 4 December 2015. He is the Chairman of Myanmar Investors Development Association (MIDA), which was established in 2014, the main objective of which is Bridging Myanmar to the world.

He is a member of the Private Sector Development Committee formed by the President of the Republic of the Union of Myanmar on 24 October 2016 by Notification No. 79/2016 of President's Office.

He is also a member of Farmer's Rights Protection and Promotion of Framer's Interests Steering Committee.

In additional to his expansive entrepreneurial duties, he is a well-known philanthropist. He accomplishes the humanitarian work with a unique passion and innovation.

U Khin Maung Aye graduated with a Bachelor of Science (Maths) Q2 degree from the University of Yangon in 1985.

ဦးခင်မောင်အေးသည် ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ တစ်ဦးဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံး ပိုင်ဆိုင်သူများထဲမှ တစ်ဦးဖြစ်သည့် New City Development ၏ ဥက္ကဋ္ဌဖြစ်သည်။ New City Development ကုမ္ပဏီသည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ လူနေမှုအဆင့်အတန်းတိုးတက်စေရန်နှင့် မြန်မာနိုင်ငံ၏ မြို့ကြီးများတွင် လူဦးရေထူထပ်မှုဖိအားမှ လွတ်မြောက်စေရေး ရည်ရွယ်ချက်ဖြင့် မြို့ပြစီမံကိန်းရေးဆွဲခြင်းနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းကို လုပ်ဆောင်သည့် အများပိုင် ကုမ္ပဏီတစ်ခု ဖြစ်သည်။

ဦးခင်မောင်အေးသည် Kaytumadi Co., Ltd. ကို ၁၉၉၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး၊ Kaung Myanmar Aung အုပ်စု၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌလည်းဖြစ်ပါသည်။ သူသည် Kaung Myanmar Aung Group နှင့် ပတ်သက်သည့် KM Shipping Co., Ltd, Citizen Business Insurance Public Limited, Myanmar Microfinance Bank Limited နှင့် Golden Myanmar Airlines Public Company Limited တို့၏ ဥက္ကဋ္ဌလည်းဖြစ်ပါသည်။ သူသည် Co-Operative Bank Limited ၏ ဥက္ကဋ္ဌနှင့် ဗဟိုသမဝါယမအသင်း၏ ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။

ဦးခင်မောင်အေးသည် ဒီဇင်ဘာလ (၄)ရက်၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပသည့် မြန်မာနိုင်ငံဘဏ်များအသင်း၏ (၁၅) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အသင်း၏ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါသည်။ သူသည် မြန်မာ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ ဥက္ကဋ္ဌလည်းဖြစ်ပါသည်။

ဦးခင်မောင်အေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးသည့် နိုင်ငံတော်သမ္မတရုံး၏ (၂၄. ၁၀. ၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၆ ဖြင့် ဖွဲ့စည်းသည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်အဖွဲ့၏ အဖွဲ့ဝင်လည်း ဖြစ်ပါသည်။

ဦးခင်မောင်အေးသည် များပြားလှသော စွန့်ဦးတီထွင်ခြင်းဆိုင်ရာ ကိစ္စများ လုပ်ကိုင်ရုံသာမက သူသည် လူသိများသည့် ပရဟိတလုပ်ငန်း ဆောင်ရွက်သူတစ်ဦးလည်းဖြစ်သည်။ သူသည် လူသားအကျိုးပြုလုပ်ငန်းများကို မတူထူးခြားသည့် စိတ်အားထက်သန်မှုနှင့် တီထွင်ကြံဆမှုတို့ဖြင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်သည်။

ဦးခင်မောင်အေးသည် ၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ (သင်္ချာ) Q2 ဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။

Prof. Dr. AUNG TUN THET	
INDEPENDENT DIRECTOR	
Date of Appointment	1 November 2014
Last Re-appointed	29 September 2018

Prof. Dr. Aung Tun Thet is an Independent Director of the Company. He serves as member of the Peace Commission, Honorary Professor at the University of British Columbia, in Vancouver, Canada, Chairman of the UN Global Compact Myanmar Network, Advisor to the Union of Myanmar Federation of Commerce and Industries, Visiting professor at Yangon University and Yangon University of Economics and National Contact Point for the Organization for Economic Co-operation and Development (OECD) Responsible Business Conduct, Chief Coordinator of Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine (UEHRD), Member of Myanmar Investment Commission.

Prof. Dr. Aung Tun Thet holds a Bachelor of Commerce from Yangon University, a Post-Graduate Diploma in Management Studies from the University of Brighton, M.Sc. in Operations Research from the University of Warwick and a Ph.D, in Management Sciences from the University of Manchester and a Post-doctoral Research Fellow from University of Marburg. He was awarded an Honorary Doctorate D.Litt. Degree by the Yangon University of Economics in 2015.

ပါမောက္ခဒေါက်တာ အောင်ထွန်းသက်သည် ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူသည် ငြိမ်းချမ်းရေးကော်မရှင်၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့်လည်းကောင်း၊ ကနေဒါနိုင်ငံ ဗန်ကူးဘားမြို့ရှိ University of British Columbia တွင် ဂုဏ်ထူးဆောင်ပါမောက္ခအနေဖြင့်လည်းကောင်း၊ UN Global Compact Myanmar Network တွင် ဥက္ကဋ္ဌအနေဖြင့်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အကြံပေးအဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့၏ ဧည့်ပါမောက္ခတစ်ဦးအနေဖြင့် လည်းကောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တာဝန်သိအဖွဲ့အစည်းတစ်ခုဖြစ်သည့် Organization for Economic Co-operation and Development (OECD) အဖွဲ့တွင် National Contact Point အနေဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) တွင် Chief Coordinator အဖြစ်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ပါမောက္ခဒေါက်တာ အောင်ထွန်းသက်သည် ရန်ကုန်တက္ကသိုလ်မှ စီးပွားဘွဲ့အားလည်းကောင်း၊ University of Brighton မှ စီမံခန့်ခွဲမှုဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာအားလည်းကောင်း၊ University of Warwick မှ သိပ္ပံမဟာဘွဲ့ (Operations Research) အားလည်းကောင်း၊ University of Manchester မှ ပါရဂူဘွဲ့ (Management Sciences) အားလည်းကောင်း၊ University of Marburg မှ Post-doctoral Research Fellow တို့အား ရရှိခဲ့ပါသည်။ သူသည် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (D.Litt. Degree) ကိုလည်း ၂၀၁၅ ခုနှစ်တွင် ရရှိခဲ့ပါသည်။

U TIN HTUT OO INDEPENDENT DIRECTOR

Date of Appointment	1 November 2014
Last Re-appointed	29 September 2018

U Tin Htut Oo is an Independent Director of the Company. He was appointed in November 2014. Currently he is the Chairman of Agriculture Group of Yoma Strategic Holdings Ltd., a public listed Myanmar Company in Singapore and CEO of Agribusiness and Rural Development Consultants (ARDC) in Myanmar. He is Chairing the Board of the Center for Economic and Social Development (CESD) and also an Advisor to Union of Myanmar Chamber of Commerce and Industry (UMFCCI) and Myanmar Rice Federation.

He holds a Bachelor of Agriculture degree (B. Ag) from the Institute of Agriculture, University of Mandalay (1971) Myanmar and M.Sc (Agricultural Economics) from Ohio State University (1985) USA. He was a Visiting Research Fellow at the Institute of Developing Economics, Tokyo, Japan in 1994-1995.

From 2001 to 2009, he was the Director-General of the Department of Agricultural Planning, Ministry of Agriculture and Irrigation and before that held various posts in the same Ministry since 1974. He retired from the Civil Service in 2009. U Tin Htut Oo served as the Chairman of the National Economic and Social Advisory Council (NESAC), and Economic Advisor to the President, the Republic of the Union of Myanmar (2012-2016).

In his capacity with the UN and international organizations, he served as Senior Advisor to the Executive Secretary, UNESCAP from 2009-2011. U Tin Htut Oo has been awarded 5th Dioscoro L. Umali Achievement Award in Agricultural Development in 2015 which recognizes exemplary individuals who have advanced agricultural development in Southeast Asia.

ဦးတင်ထွဋ်ဦးသည် ကုမ္ပဏီ၏ လွတ်လပ်သောဒါရိုက်တာအဖြစ် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ခန့်အပ်ခြင်းခံရပါသည်။ သူသည် စင်ကာပူနိုင်ငံရှိ စာရင်းဝင်ကုမ္ပဏီဖြစ်သည့် Yoma Strategic Holdings Ltd တွင် လယ်ယာစီးပွားလုပ်ငန်းစု၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ Agribusiness and Rural Development Consultants (ARDC)၏ အလုပ်အမှုဆောင်အရာရှိချုပ်အဖြစ်လည်းကောင်း တာဝန်များထမ်းဆောင်လျက်ရှိပါသည်။ သူသည် စီးပွားရေးနှင့်လူမှုဖွံ့ဖြိုး တိုးတက်ရေးစင်တာ (CESD) ၏ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အကြီးတန်းအကြံပေးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

သူသည် မန္တလေးတက္ကသိုလ်မှ လယ်ယာစိုက်ပျိုးရေးပညာဘွဲ့ကို ၁၉၇၁ ခုနှစ်တွင် ရရှိခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စုရှိ Ohio State University မှ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးမဟာဘွဲ့တို့အား ၁၉၈၅ ခုနှစ်တွင် ရရှိခဲ့ပါသည်။ သူသည် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ၁၉၉၄ မှ ၁၉၉၅ ခုနှစ်အထိ Institute of Developing Economics တွင် ဧည့်သုတေသီ (Visiting Research Fellow) အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

သူသည် ၂၀၀၁ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ လယ်ယာစိုက်ပျိုးရေးစီမံကိန်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ယင်းမတိုင်မီ ၁၉၇၄ ခုနှစ်မှစ၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့ပါသည်။ သူသည် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ သမ္မတဦးသိန်းစိန်၏ စီးပွားရေးအကြံပေးအဖြစ်လည်းကောင်း၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ၏ ဥက္ကဋ္ဌအနေဖြင့်လည်းကောင်း ထမ်းဆောင်ခဲ့ပါသည်။ သူသည် ကုလသမဂ္ဂအဖွဲ့အစည်းများတွင် အတိုင်ပင်ခံ အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အကြီးတန်းအကြံပေးအဖြစ် UNESCAP အမှုဆောင်အတွင်းရေးမှူးရုံးတွင် ထမ်းဆောင်ခဲ့ပါသည်။ သူသည် အရှေ့တောင်အာရှတွင် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံပြပုဂ္ဂိုလ်တစ်ဦးအဖြစ် ၂၀၁၅ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် Dioscoro L.Umali Achievement ဆုကို ပေးအပ်ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

U AUNG NYUNT

INDEPENDENT DIRECTOR

Date of Appointment	23 October 2016
Last Re-appointed	29 September 2018

U Aung Nyunt is an Independent Director of the Company. He was appointed in October 2016. From 1966 to 2007, nearly (41) years of services at Myanmar Timber Enterprise – Finance/Account Department, Planning Department and retired as a General Manager (Planning). As an attached duty in 1991, he served as a Director (Finance) for two years at National Industrial Holding Company Limited (NIHL) (Public Company). From 1995 to 1996, he was a part time Director of Myanmar Forest Products Joint Venture Company Limited (Forest J.V), Myanmar Korea Timber International Company Ltd (MKTI), Myanmar Seal Company Limited (M.S.L) and International Business Centre (I.B.C) Co Ltd. Starting from 2008 to 2013, he was an Independent Auditor for the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI), Myanmar Engineering Society (MES), NGO-Japan Seeds Asia Project, Trustee Board of Pyi Shwe San Taw Pagoda and International Business Centre Company Limited (I.B.C) under the name of Aung Nyunt and Associates (Auditors). During his service at the Ministry, he has joined and attended various Financial Management Seminars in (9) different countries. He attended the Audit Committee Master Programme in April 2018 jointly sponsored by International Finance Corporation and Myanmar Institute of Directors. He was born in 1944 and studied at Myoma National High School. He graduated with B.Com (Accounting) in 1964 and Registered Accountant (Full-fledge) (now CPA) in 1965 respectively.

ဦးအောင်ညွန့်သည် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှစ၍ လွတ်လပ်သော ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ၁၉၆၆ မှ ၂၀၀၇ ခုနှစ်အထိ (၄၁) နှစ်ခန့် မြန်မာ့သစ်လုပ်ငန်း-ဘဏ္ဍာရေး/ ငွေစာရင်းဌာနနှင့် စီမံကိန်းဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အထွေထွေမန်နေဂျာ (စီမံကိန်း) ရာထူးဖြင့် အငြိမ်းစားရယူခဲ့ပါသည်။ တွဲဖက်တာဝန်ဖြင့် ၁၉၉၁ခုနှစ်တွင် နေရှင်နယ် အင်ဒတ်စ်ထရီရယ်ဟိုလ်ဒင်း ကုမ္ပဏီလီမိတက် (NIHL) (အများပိုင် ကုမ္ပဏီ) တွင် ၂ နှစ်ခွဲခန့် ဒါရိုက်တာ (ဘဏ္ဍာရေး) တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ မြန်မာ့သစ်တောထွက် ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (Forest J.V) (အများပိုင် ကုမ္ပဏီ)၊ နိုင်ငံခြားဖက်စပ်-မြန်မာ ကိုရီးယား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကုမ္ပဏီ (MKTI)၊ မြန်မာဆီးလ်ကုမ္ပဏီလီမိတက် (M.S.L)နှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ဗဟိုဌာနကုမ္ပဏီလီမိတက် (I.B.C)တို့တွင် မြန်မာ့သစ်လုပ်ငန်း၏ အချိန်ပိုင်းဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်မှစ၍ ၂၀၁၃ ခုနှစ်အထိ အောင်ညွန့်နှင့်အဖွဲ့ စာရင်းစစ်အမည်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်/စက်မှု အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES)၊ NGO-Japan Seeds Asia Project၊ ပြည်မြို့ ရွှေဆံတော်ဂေါပက ဘဏ္ဍာတော်ထိန်းအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာနလီမိတက် (I.B.C) တို့တွင် (၆) နှစ်ခန့် လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး စာရင်းစစ်အစီရင်ခံစာများ ထုတ်ပြန်ခဲ့ပါသည်။ အစိုးရတာဝန်ဖြင့် နိုင်ငံ(၉) နိုင်ငံတွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှုပညာ ဆွေးနွေးပွဲများ တက်ရောက်ခဲ့ပါသည်။ သူသည် ၂၀၁၈ ခုနှစ် ဧပြီလတွင် IFC နှင့် Myanmar Institute of Director (MIoD) တို့မှ ကျင်းပသည့် AUDIT COMMITTEE MASTER PROGRAMME သင်တန်းကိုလည်း တက်ရောက်ခဲ့ပါသည်။ သူသည် ၁၉၄၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး၊ မြို့မအမျိုးသားအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၄ ခုနှစ်တွင် B.Com (Accounting), ၁၉၆၅ ခုနှစ်တွင် Registered Accountant (Full-fledge) (ယခု C.P.A) ဘွဲ့ အသီးသီးရရှိခဲ့ပါသည်။

U TUN LWIN	
NON-EXECUTIVE DIRECTOR	
Date of Appointment	8 July 2013.
Last Re-elected	29 September 2018

U Tun Lwin is a Director and the Secretary of the Board. He has been the Chairman of MAGDPL since 2012, which is one of the biggest shareholders of our Company. MAGDPL is a public company, and is currently developing container and general cargo handling International Terminal at plot number 29 of the Thilawa Port Area, among other business operations.

He is the director of MAPCO and he is also the Director of Myanmar Citizens Bank Limited. He is serving as the Vice Chairman of National Resources Development Company Limited too.

He is presently the Managing Director of Shwe Me Group of Companies. Shwe Me Group of Companies has been listed as 3rd to 49th highest taxpayer in the country for the Income Tax and Commercial Tax Categories from Financial year 2010-2011 to 2017-2018. And, on 2014, it has been awarded the prestigious "President's Excellence Award for Tax and Revenue Duty". He is the Chairman of SCG – Shwe Me Logistics (Myanmar) Co., Ltd.

He is currently serving as the Chairman of Myanmar Pulses, Beans and Sesame Seeds Merchants Association, the Central Executive Committee Member of UMFCCI and the Treasurer of Myanmar-Japan Association.

The companies he is associating are currently exporting agricultural products, importing construction materials and general cargo, providing logistics services, developing terminal at Thilawa port area, growing teak plantations and involving in other business sectors too. He attended the Audit Committee Master Programme in April 2018 jointly sponsored by International Finance Corporation and Myanmar Institute of Directors.

ဦးထွန်းလွင်သည် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးနှင့် ဘုတ်အတွင်းရေးမှူးအဖြစ် တာဝန်ယူထားပါသည်။ သူသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ရှယ်ယာအများဆုံး ပိုင်ဆိုင်သူများအနက်မှ တစ်ဦးဖြစ်သည့် MAGDPL ၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၂ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့ပါသည်။ MAGDPL သည် အများပိုင်ကုမ္ပဏီ တစ်ခုဖြစ်ကာ (အခြားလုပ်ငန်းများအပါအဝင်) ကွန်တိန်နာများနှင့် အထွေထွေကုန်စည် ကိုင်တွယ်ခြင်းလုပ်ကိုင်သည့် သီလဝါဆိပ်ကမ်း အကွက် (၂၉)ရှိ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားအား ဆောက်လုပ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်းကို လုပ်ကိုင်နေပါသည်။

သူသည် MAPCOတွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။ သူသည် Myanmar Citizens Bank Limited ၏ ဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။ သူသည် National Resources Development Company Limited ၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

သူသည် မြန်မာတစ်နိုင်ငံလုံး၌ ၂၀၁၀-၂၀၁၁ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန်အဆင့် (၃) မှ အဆင့် (၄၉) အတွင်း အများဆုံးထမ်းဆောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် ဂုဏ်ထူးဆောင်လက်မှတ်ရရှိခဲ့သည့် Shwe Me Group of Companies ၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။

သူသည် SCG – Shwe Me Logistics (Myanmar) Co., Ltd. ၏ ဥက္ကဋ္ဌလည်း ဖြစ်ပါသည်။ သူသည် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ဥက္ကဋ္ဌလည်းဖြစ်ပြီး၊ UMFCCIတွင် ဗဟိုအလုပ်အမှုဆောင်နှင့် Myanmar-Japan Association တို့တွင်လည်း ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူထားပါသည်။

သူပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပတင်ပို့ခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အထွေထွေကုန်စည်များ တင်သွင်းဖြန့်ဖြူးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုများပေးခြင်း၊ သီလဝါဆိပ်ကမ်းတွင် ဆိပ်ခံတံတား တည်ဆောက်ရေးဆောင်ရွက်ခြင်းနှင့် ကျွန်းသစ်စိုက်ပျိုးရေးအပါအဝင် စီးပွားရေးကဏ္ဍမျိုးစုံတွင် လုပ်ငန်းများ ဆောင်ရွက်ပါသည်။

သူသည် ၂၀၁၈ခုနှစ် ဧပြီလတွင် IFCနှင့် Myanmar Institute of Director (MIoD) တို့ ကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်း တက်ရောက်ခဲ့ပါသည်။

U THEIN HAN	NON-EXECUTIVE DIRECTOR
Date of Appointment	8 July 2013.
Last Re-elected	24 October 2016

U Thein Han is the member of the Board of Company. He served as the Managing Director in our Company and also as the Chairman of Myanmar Japan Thilawa Development Limited (MJTD) from 2013 to 2017. He is the Chairman of Myanmar Edible Oil Industrial Public Corporation Limited (MEICO), which is one of the Principal Shareholders of our Company.

MEICO is an Industrial Public Company engaged in manufacturing, importing and in local distribution of various kinds of edible oil and oil related products.

He is the Founder of Golden Horse Company Limited established in 1990 which is engaged in the business of manufacturing, export, import and in local distribution of various kinds of edible oil and oil-related products and also export sesame seeds and sesame oil to Japan market. He served as a member of the Board of Director of Shwe Taung Cement Company Limited (Apache Brand Cement) from 2010 to 2017. Currently, he is serving as one of the Directors of Future Energy Company Limited (Hydropower), both of which are part of the Shwe Taung Group in Myanmar.

He is also a Director of Myanmar National Telecom Holdings Public Limited (MNTH) which is one of the Principal Shareholders of the 4th mobile telecommunication operator in Myanmar with the brand name MYTEL. U Thein Han is a patron of the Myanmar Edible Oil Dealers' Association (MEODA) and also serves as Vice President of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI).

U Thein Han graduated with a Bachelor of Science Degree, majoring in Chemistry,B.Sc (Chem) from Rangoon Arts and Science University (RASU) in 1972.

ဦးသိန်းဟန်သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ကုမ္ပဏီတွင် အုပ်ချုပ်မှုဒါရိုက်တာအနေ ဖြင့်လည်းကောင်း၊ မိမိတို့၏ဖက်စပ်ကုမ္ပဏီဖြစ်သည့် မြန်မာ ဂျပန်သီလဝါ ဒီဗလော့မန့်လီမိတက် (MJTD) တွင် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ် မှ ၂၀၁၇ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့ ပါသည်။ သူသည်ကျွန်ုပ်တို့ကုမ္ပဏီ၏ တည်ထောင်သူ အစုရှယ်ယာရှင် များအနက်မှ တစ်ဦးဖြစ်သည့် မြန်မာအက်ဒီဘယ် (လ်)အွိုင်း(လ်) အင်ဒတ်စထရီရယ် ပတ်ဘလစ်ကော်ပိုရေးရှင်းလီမိတက် (အမ်အီးအိုင်စီအို)၏ ဥက္ကဋ္ဌဖြစ်ပါသည်။ MEICO သည် စားသုံးဆီနှင့် ဆီနှင့်ပတ်သက်သော ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်းများကို လုပ်ကိုင်သော စက်မှုလုပ်ငန်းလုပ်ကိုင်သည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ သူသည် ၁၉၉၀တွင် တည်ထောင်ခဲ့သော Golden Horse Company Limited ၏ တည်ထောင်သူဖြစ်ပြီး၊ ၎င်းကုမ္ပဏီသည် နှမ်းနှင့် နှမ်းဆီကို ဂျပန်နိုင်ငံ ဈေးကွက်သို့ တင်သွင်း ခြင်း၊ စားသုံးဆီနှင့်ပတ်သက်သော ထုတ်ကုန် ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးရောင်းချ ခြင်းများ လုပ်ကိုင်ပါသည်။ သူသည် Shwe Taung Cement Company Limited (Apache Cement) တွင် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ၂၀၁၀ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ လုပ်ကိုင်ခဲ့ပြီး၊ လက်ရှိတွင် Future Energy Company Limited ၏ ဒါရိုက်တာအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းကုမ္ပဏီ နှစ်ခုလုံးသည် မြန်မာနိုင်ငံရှိ Shwe Taung Group တွင် ပါဝင်ကြပါသည်။ သူသည် မြန်မာနိုင်ငံ၏ (၄)ခုမြောက် MYTEL အမည်ရှိ ဆက်သွယ်ရေးအော်ပရေတာ၏ ကနဦးရှယ်ယာဝင် အများပိုင် ကုမ္ပဏီဖြစ်သည့် မြန်မာနေရှင်နယ် တယ်လီကွန်း ဟိုးလ်ဒင်းစ် ပတ်ဘလစ် လီမိတက်တွင်လည်း ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ ဦးသိန်းဟန်သည် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းများအသင်း (Myanmar Edible Oil Dealer's Association – MEODA) ၏ နာယကဖြစ်ပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ် (UMFCCI)တွင်လည်း ဒုတိယဥက္ကဋ္ဌအနေဖြင့် တာဝန်ယူထားပါသည်။ ဦးသိန်းဟန်သည် ၁၉၇၂ခုနှစ်တွင် သိပ္ပံ(ဓာတုဗေဒ) ဘွဲ့ဖြင့် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ အောင်မြင်ခဲ့ပါသည်။

U AUNG SOE THA

NON-EXECUTIVE DIRECTOR

Date of Appointment	8 July 2013.
Last Re-elected	24 October 2016

U Aung Soe Tha is one of the members of the Board of Directors of the Company. He is one of the Board of Director of MTI Corporation, which is one of the Principal Shareholders of MTSH. MTI Corporation is a Public Company established to invest and to become a leading player in the info-communications and telecommunications and telecommunications-related fields in Myanmar. He also performs as a Board of Director of Myanmar Information Technology Pte Ltd since 2002. U Aung Soe Tha is the Chairman of Myanmar ComBiz Group, which is engaged in the business of Construction, Real Estates & Property Development Export, Import and Distribution of Agriculture Products, FMCG Products, Electronic Products, Petroleum Products, Constructions Materials, and various commodities, and the services in the information communications and technology sector.

He was conferred the ASEAN Business Outstanding Entrepreneur Award in 2011. He entered his steps to business life in 2005 and became to get the Runner-Up of ASEAN Business Award 2016 CLMV SME Excellence Awards: Employment Category in 2016 by creating the better environment and opportunities for employees. As reflecting the best effort, Myanmar ComBiz Trading Co., Ltd. was proudly achieved Most Promising ASEAN Enterprise Award in ASEAN Business Awards 2017 which he is performing as the Executive Chairman.

Being Young and Active Entrepreneur, he is serving many areas of associations with all of his professionalism. He is a Joint Treasurer of the UMFCCI, and Joint Secretary of the Myanmar Computer Federation.He has achieved Bachelor of Economic from Yangon Institute of Economic in 2005. He has joined in Doctorate program of Organizational Development in Assumption University after graduating Master of Business Administration from Yangon Institute of Economic in 2009.

ဦးအောင်စိုးသာသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများအနက်မှ တစ်ဦးဖြစ်သည့် MTI Corporation ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။ MTI Corporation သည် မြန်မာနိုင်ငံတွင် သတင်းအချက်အလက်ဆက်သွယ်ရေး၊ တယ်လီကွန်းဆက်သွယ်ရေး၊ တယ်လီကွန်းဆက်သွယ်ရေးနှင့် ဆက်နွယ်သည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံပြီး ဦးဆောင်သူတစ်ဦးဖြစ်ရန် ရည်ရွယ်၍ တည်ထောင်ထားသည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ သူသည် ၂၀၀၂ ခုနှစ်ကတည်းက Myanmar Information Technology Pte Ltd ၏ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေသူတစ်ဦးဖြစ်ပြီး၊ သတင်းအချက်အလက် ဆက်သွယ်ရေးနှင့် နည်းပညာကဏ္ဍ၊ စိုက်ပျိုးရေးပစ္စည်းများ ကုန်သွယ်ခြင်းလုပ်ငန်း၊ ရေနံထွက်ပစ္စည်းများနှင့် အခြားကုန်မျိုးစုံကုန်သွယ်ခြင်းလုပ်ငန်း၊ အိမ်ခြံမြေဆောက်လုပ်ခြင်း ရောင်းဝယ်ခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်နေသော Myanmar ComBiz Group (မြန်မာ့စီးပွားဆက်လုပ်ငန်းစု) တစ်ခုလုံး၏ ဥက္ကဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ သူသည် ၂၀၁၁ ခုနှစ်တွင် "ASEAN Business Outstanding Entrepreneur Award" အား အပ်နှင်းခြင်း ခံခဲ့ရပါသည်။ သူသည် ၂၀၀၅ ခုနှစ်တွင် "Myanmar ComBiz Group" ကုမ္ပဏီဖြင့် စီးပွားရေးလောကသို့ ဝင်ရောက်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ်တွင် "the Runner-Up of ASEAN Business Award 2016 (Employment) ဆုကို ရရှိခဲ့ပါသည်။ အကောင်းဆုံး ကြိုးစားအားထုတ်မှု၏ရလဒ်အနေဖြင့် Myanmar ComBiz Trading Co., Ltd. သည် ၂၀၁၇ ခုနှစ်တွင်လည်း "Most Promising ASEAN Enterprise Award in ASEAN Business Awards 2017" အား ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရပြီး အလုပ်အမှုဆောင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ဦးအောင်စိုးသာသည် လူငယ်လုပ်ငန်းရှင်တစ်ယောက်ဖြစ်သည့်အပြင် အဖွဲ့အစည်းများ၏ ကဏ္ဍအသီးသီးတွင်လည်းပါဝင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ သူသည် UMFCCI ၏ တွဲဖက်ဘဏ္ဍာရေးမှူးတစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ သူသည် Myanmar Computer Federation တွင်လည်း တွဲဘက်အတွင်းရေးမှူးတစ်ဦးဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ B.ECom စီးပွားရေးပညာဘွဲ့ကို ရရှိခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် MBA စီးပွားရေးမဟာ ပညာဘွဲ့ကို ရရှိပြီးနောက် Assumption University တွင် Doctorate program of Organizational Development အား ဆက်လက်လေ့လာဆည်းပူးလျက်ရှိပါသည်။

DR. NYAN THIT HLAING

NON-EXECUTIVE DIRECTOR

Date of Appointment	2 August 2013
Last Re-elected	29 September 2018

Dr. Nyan Thit Hlaing is a Director of Myanmar Thilawa SEZ Holdings Public Company Limited. He is one of Directors in Myanmar Japan Thilawa Development Limited (MJTD) and Thilawa Property Development Limited (TPD) as well. He is currently a Managing Director of the National Development Company Group Limited (NDCG), which is one of the Principal Shareholders of our Company. NDCG is a Public Company engaged primarily in the business of construction, trading and general services. He is a Director of Proven Technology Industrial Co., Ltd (TOYO Battery). He is also a Director of Small & Medium Development Bank (SME Development Bank) which is established to provide financial assistance to small and medium enterprises (SME) in the country. He is Joint Secretary of Myanmar Construction Entrepreneur Association. Dr. Nyan Thit Hlaing graduated with a Bachelor of Medicine from the University of Medicine (1) Yangon in 1995.

ဒေါက်တာ ညဏ်သစ်လှိုင်သည် မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ တစ်ဦးဖြစ်ပါသည်။ သူသည် MJTD ၏ ဒါရိုက်တာတစ်ဦး ဖြစ်သကဲ့သို့ သီလဝါပရောပါတီး ဒတ်ပလော့မင့်လီမိတက် (TPD)၏ ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။ သူသည် လက်ရှိတွင် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စုလီမိတက် (NDCG) ၏ အုပ်ချုပ်မှု ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။ NDCG သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများအနက်မှ တစ်ဦးဖြစ်ပြီး၊ အဓိကအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်သွယ်ခြင်းလုပ်ငန်းနှင့် အထွေထွေ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သည့် အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်သည်။ သူသည် Proven Technology Industrial Co., Ltd (TOYO Battery) ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ သူသည် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၌ ငွေကြေးဆိုင်ရာ ထောက်ပံ့မှုပေးနေသည့် အသေးစားနှင့် အလတ်စားလုပ်ငန်း ဖွံ့ဖြိုးရေး ဘဏ်တွင်လည်း ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်လျှက်ရှိပြီး၊ Myanmar Construction Entrepreneur Association ၏ တွဲဘက်အတွင်း ရေးမှူးလည်းဖြစ်ပါသည်။ ဒေါက်တာညဏ်သစ်လှိုင်သည် ၁၉၉၅ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ် (၁) မှ Bachelor of Medicine ဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။

U TIN MAUNG HLAING

NON-EXECUTIVE DIRECTOR

Date of Appointment	2 August 2013
Last Re-elected	9 September 2017

U Tin Maung Hlaing is a Director of the Company. He is Executive Director of MAPCO, which is one of the founding shareholders of our Company. MAPCO is a Public Company formed to mobilize public savings and to foster broader investment in agriculture and agro-based industries of Myanmar. He served as an Executive Director in the Myanmar Automobile Development Public Company Limited that manufactures and distributes of motor vehicles. He has also been working as a Managing Director in Evergreen Autos Co., Ltd since the founding of the company. He is also involved with Myanmar National Telecom Holdings Public Ltd., a company that focuses on development of telecommunication sectors in Myanmar.

U Tin Maung Hlaing is also actively involved in Myanmar Japan Association as Central Executive Committee member. He graduated with a Bachelor of Science in Physics from the Yangon University in 1988. He attended the Audit Committee Master Programme in April 2018 jointly sponsored by International Finance Corporation and Myanmar Institute of Directors. He is fluent in the Japanese language.

ဦးတင်မောင်လှိုင်သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူသည် MAPCO၏ အမှုဆောင် ဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။ MAPCO သည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများအနက်မှ တစ်ဦးဖြစ်ပြီး၊ အများပြည်သူ၏ စုဆောင်းငွေများအား စုစည်း၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံသော စက်မှုလက်မှုလုပ်ငန်းများတွင် ကျယ်ပြန့်စွာ ရင်းနှီး မြှုပ်နှံခြင်းကို အားပေးရန်ရည်ရွယ်ချက်ဖြင့် တည်ထောင်ထားသည့် အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

သူသည် မော်တော်ယာဉ်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်သည့် Myanmar Automobile Development Public Company Limited တွင် အမှုဆောင်ဒါရိုက်တာတစ်ဦးအနေဖြင့် ထမ်းဆောင်ခဲ့ပါသည်။ သူသည် Evergreen Autos Co.,Ltd တွင် ကုမ္ပဏီစတင်တည်ထောင်ကတည်းက အုပ်ချုပ်မှုဒါရိုက်တာအနေဖြင့် ဆောင်ရွက်လျှက် ရှိပါသည်။ သူသည် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရန် အားပေးကူညီခြင်းကို အလေးထားသည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သော Myanmar National Telecom Holdings Public Ltd တွင်လည်း ပါဝင်ပါသည်။

ဦးတင်မောင်လှိုင်သည် Myanmar-Japan Association တွင်လည်း ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်အဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပါသည်။ သူသည် ၁၉၉၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒသိပ္ပံဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။ သူသည် ၂၀၁၈ ခုနှစ် ဧပြီလတွင် IFC နှင့် Myanmar Institute of Director (MIoD)တို့ ကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်း တက်ရောက်ခဲ့ပါသည်။ သူသည် ဂျပန်ဘာသာစကားကိုလည်း ကျွမ်းကျင်စွာ ပြောဆိုနိုင်ပါသည်။

U MYINT ZAW	
EXECUTIVE DIRECTOR	
Date of Appointment	29 September 2018
Last Re-elected	Not Applicable

U Myint Zaw is the Sales and Marketing Director of the Myanmar Thilawa SEZ Holdings Public Co. Ltd (MTSH) and also Admin and HR Officer & General Manager of Myanmar Japan Thilawa Development Limited (MJTD). He joined the company since founded in 2013. U Myint Zaw has over 20 years of experience in the sales and marketing & trading of commodity like agriculture products and palm oil, manufacturing of automotive spare parts, hospitality and services, construction and property development industry. He is a trading and investment veteran with background in the development of rental factory, condominium project, hotel and auto parts manufacturing. His primary responsibility at the moment is the new business development and sales and marketing at MTSH. He is also responsible to set up the new standard operation procedure (SOP), new company rules and procurement policy together with Admin and HR department matter and general affairs at MJTD. He is the coordinator between Japanese and Myanmar Officers, Shareholders, Directors and also between MJTD and TSMC (Thilawa SEZ Management Committee). U Myint Zaw obtained with a Bachelor of Science (Chemistry) degree from Yangon University, Master of Business Administration (MBA) from University of Thai Chamber of Commerce, Diploma of Business Law (DBL) from Yangon University and Myanmar Directorship Certification which is a first Director course in Myanmar designed by Myanmar Institute of Director Certification Program (MIoD) and Singapore Management University (SMU).

ဦးမြင့်ဇော်သည် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH)၏ ဈေးကွက်ဖော်ဆောင်ရေးဒါရိုက်တာဖြစ်သည့်အပြင် မြန်မာဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက် (MJTD) တွင်လည်း လူ့စွမ်းအားအရင်းအမြစ်နှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာအရာရှိအဖြစ်လည်းကောင်း၊ အထွေထွေအုပ်ချုပ်မှုမန်နေဂျာအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဦးမြင့်ဇော်သည် ၂၀၁၃ ခုနှစ် ကုမ္ပဏီစတင်တည်ထောင်စဉ်ကနဦးအစကပင်စတင်ကာ တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ ဦးမြင့်ဇော်သည် လယ်ယာထွက်ကုန်နှင့် စားအုန်းဆီ စသည့်လူသုံးကုန်ပစ္စည်းကုန်သွယ်မှုလုပ်ငန်း၊ ယာဉ်အပိုပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် မြေယာဖွံ့ဖြိုးရေးလုပ်ငန်းများ စသည့်လုပ်ငန်းများတွင် အရောင်းနှင့် ဈေးကွက်ဖော်ဆောင်မှု အတွေ့အကြုံ (၂၀)နှစ်ကျော် ရှိသူတစ်ဦးဖြစ်ပါသည်။ ထို့အပြင် စက်ရုံငှားရမ်းခြင်းလုပ်ငန်း၊ လူနေအဆောက်အအုံစီမံကိန်းလုပ်ငန်းများ၊ ဟိုတယ်နှင့် ယာဉ်အပိုပစ္စည်းများ၊ ထုတ်လုပ်ခြင်းလုပ်ငန်း စသည့်တို့နှင့်ပတ်သက်၍ ကုန်သွယ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတို့တွင် ဦးမြင့်ဇော်သည် အတွေ့အကြုံရင့်သန်သူတစ်ဦးလည်း ဖြစ်ပါသည်။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH)တွင် ဦးမြင့်ဇော်၏ အဓိကလုပ်ငန်းတာဝန်များမှာ စီးပွားရေးလုပ်ငန်းသစ်များ ရှာဖွေရန်နှင့် ရင်းနှီးမြှုပ်နှံသူများတိုးတက်လာစေရန် အရောင်းပိုင်းနှင့်ဈေးကွက် ဖော်ဆောင်ရေးတို့ကို ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။ MJTD တွင် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံနှုန်းမီ လုပ်ထုံးလုပ်နည်းများ (SOP) သတ်မှတ်ခြင်း၊ ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းများ၊ အဝယ်တော်ကိစ္စရပ်များနှင့် ပတ်သက်သော မူဝါဒများ ချမှတ်ခြင်းများနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်နှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း ဦးမြင့်ဇော်သည် တာဝန်ရှိသူတစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ဦးမြင့်ဇော်သည် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဂျပန်၊ မြန်မာအရာရှိများ အကြားတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဒါရိုက်တာများ အကြားတွင်လည်းကောင်း၊ မြန်မာဂျပန်သီလဝါ ဒီဗလော့မန့်လီမိတက် (MJTD) နှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC) တို့ အကြားတွင်လည်း ညှိနှိုင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဦးမြင့်ဇော်သည် ရန်ကုန်တက္ကသိုလ်မှ BSc (Chemistry) ဘွဲ့၊ University of Thai Chamber of Commerce မှ Master of Business Administration ဘွဲ့၊ ရန်ကုန်တက္ကသိုလ်မှ Diploma in Business Law (DBL) တို့ကို ရရှိခဲ့ပြီး Singapore Management University (SMU) နှင့် မြန်မာဒါရိုက်တာများ အင်စတီကျု (MIoD) တို့မှ ပူးပေါင်းဖွဲ့စည်းထားသော မြန်မာနိုင်ငံတွင် ပထမဦးဆုံးကျင်းပသည့် Myanmar Directorship Certificationကို တက်ရောက်ထားသူတစ်ဦးလည်း ဖြစ်ပါသည်။

Key Management

U KYAW ZAW WAI

CHIEF EXECUTIVE OFFICER

U Kyaw Zaw Wai is the Chief Executive Officer of Myanmar Thilawa SEZ Holdings Public Co., Ltd (MTSH) and its subsidiary company, Thilawa Property Development Limited (TPD) since January 2019.

U Kyaw Zaw Wai has extensive financial and operational management experience in leading Global and Americas Real Estate Organizations, more than 27 years of international professional experiences in Americas and Asia including Canada, United States of America, Thailand, Singapore, Japan, and Myanmar with numerous senior management positions such as Country Leader, Vice President Asset Management, Alliance Director, Director Finance and Accounting, Director Planning & Analysis in leading real estate organizations. Before joining MTSH, he worked for the World's Largest Commercial Real Estate Firm CBRE, Toronto in Canada from 2006 to 2018, held different management positions such as Director, Country Leader. In MTSH, he takes a leading role in the sectors of strategic planning, development, asset management, and financial management. He is a founding member and Director at the Canada Myanmar Business Council.

U Kyaw Zaw Wai holds Bachelor of Commerce from Yangon Institute of Economics, Master of Business Administration from Asian Institute of Technology in Thailand and Post-MBA in Advanced Management Program from York University in Canada.

ဦးကျော်ဇောဝေသည် မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MTSH) နှင့် MTSH ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီခွဲတစ်ခုဖြစ်သော သီလဝါ ပရောပါတီး ဒီဗလော့မင့်လီမိတက် (TPD)တို့တွင် အမှုဆောင်အရာရှိချုပ် အဖြစ် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

သူသည် အမေရိကားနှင့် ကမ္ဘာ့ထိပ်တန်းအိမ်ခြံမြေ အဖွဲ့အစည်း တို့တွင် ဘဏ္ဍာရေးနှင့် လုပ်ငန်းပိုင်းစီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံ များစွာရှိသူ တစ်ဦးဖြစ်သည့်အပြင် ကနေဒါ၊ အမေရိကန်၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ မြန်မာ စသည့်နိုင်ငံများ၏ အိမ်ခြံမြေအဖွဲ့အစည်းများတွင် Country Leader, Vice President Asset Management, Alliance Director, Director Finance and Accounting, Director Planning & Analysis စသော ရာထူးတာဝန်အမျိုးမျိုးကို နှစ်ပေါင်း (၂၅) နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့ရှိ ကမ္ဘာ့အကြီးဆုံး အိမ်ခြံမြေလုပ်ငန်းများကို စီမံဆောင်ရွက်နေသည့် CBRE LIMITED တွင် Director, Country Leader စသည့် ရာထူးများဖြင့် ၂၀၀၆ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ ပါသည်။ သူသည် MTSH တွင် မဟာဗျူဟာချမှတ်ခြင်း၊ ကုမ္ပဏီ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ရပိုင်ခွင့်များနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲခြင်းစသည့် ကဏ္ဍတို့တွင် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ သူသည် ကနေဒါ-မြန်မာစီးပွားရေးကောင်စီ၏ စတင်တည်ထောင်သူတစ်ဦးဖြစ်သည့်အပြင် ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။

ဦးကျော်ဇောဝေသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ Bachelor of Commerce ဘွဲ့၊ ထိုင်းနိုင်ငံ Asian Institute of Technology မှ Master of Business Administration ဘွဲ့နှင့် ကနေဒါနိုင်ငံ York University မှ Post-MBA in Advanced Management Program ဘွဲ့တို့ကို ရရှိထားသူဖြစ်ပါသည်။

U MYINT ZAW

SALES & MARKETING DIRECTOR

The profile of U Myint Zaw is on page no (23). Please refer to the page for the detail.

ဦးမြင့်ဇော်၏ ကိုယ်ရေးအကျဉ်းအား စာမျက်နှာ(၂၃) ဖော်ပြထားပြီးဖြစ်ပါသဖြင့် အဆိုပါ စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။

U THURANE AUNG

PROJECT DIRECTOR

U Thurane Aung is the Project Director of our Company and Vice President of Myanmar Japan Thilawa Development Limited (MJTD). His diversify experiences came from more than 17 years of service in Dagon Group, which is one of the leading conglomerates in Myanmar with diversified businesses in sectors that include property development and construction, hospitality, timber, agriculture, commodity trading, plantation, retail and distribution, petroleum, automobile and food processing.

During his position as CEO of Dagon Group, he successfully negotiated and implemented many new joint ventures and new businesses with multinational corporations. Drawing from these experiences U Thurane Aung carried out the feasibility study and negotiated for the joint venture between MTSH and Japanese Consortium to form MJTD from the beginning of MTSH. His experience in property development in Dagon Group equip him with greater understanding of project management and project implementation which was put to use by MTSH when our subsidiary Thilawa Property Development Limited was formed.

His primary responsibility in MTSH is to coordinate among the stakeholders for the smooth running of existing business as well as develop new opportunities and investment within Thilawa SEZ and beyond.

ဦးသူရိန်အောင်သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ စီမံကိန်းဒါရိုက်တာဖြစ်ပြီး မြန်မာ-ဂျပန်သီလဝါဒီဗလော့မန့်လီမိတက် (MJTD) ၏ ဒုတိယဥက္ကဋ္ဌ (Vice President) ဖြစ်ပါသည်။ ဦးသူရိန်အောင်၏ များပြားကျယ်ပြန့်လှသော လုပ်ငန်းအတွေ့အကြုံများမှာ ဒဂုန်ကုမ္ပဏီများအုပ်စုတွင် လုပ်သက် ၁၇နှစ်ကျော် ဦးဆောင်လုပ်ကိုင်မှုများမှ ရရှိလာခြင်းဖြစ်ပါသည်။

ဒဂုန်ကုမ္ပဏီများ အုပ်စုသည် မြန်မာနိုင်ငံတွင် လုပ်ငန်းကဏ္ဍမျိုးစုံလုပ်ကိုင်သည့် ဦးဆောင်စီးပွားရေး ကော်ပိုရေးရှင်းကြီးများအနက် တစ်ခုဖြစ်ပြီး အိမ်ခြံမြေဖွံ့ဖြိုးရေးနှင့်ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ နှစ်ရှည်စိုက်ခင်းလုပ်ငန်း၊ လက်လီအရောင်းနှင့် ဖြန့်ဖြူးရေးလုပ်ငန်း၊ လောင်စာဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း၊ မော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ငန်းနှင့် စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းများ ပါဝင်ပါသည်။

ဦးသူရိန်အောင်သည် ဒဂုန်ကုမ္ပဏီများအုပ်စု၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်တွင် နိုင်ငံတကာကုမ္ပဏီ ပေါင်းများစွာနှင့် ချိတ်ဆက်၍ ဖက်စပ်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်း အသစ်များကို အောင်မြင်စွာညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဦးသူရိန်အောင်၏ ဖြစ်နိုင်ခြေများလေ့လာဆန်းစစ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်း စသည့် အတွေ့အကြုံကောင်းများသည် မြန်မာသီလဝါအက်(စ်) အီးဇက်ဟိုးဒင်း ပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH) ၏ ကနဦးအစမှပင် MTSH နှင့် ဂျပန်လုပ်ငန်းစုတို့၏ ဖက်စပ်လုပ်ငန်းဖြစ်သော မြန်မာ-ဂျပန်သီလဝါဒီဗလော့မန့်လီမိတက် (MJTD) ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းများတွင် လွန်စွာအထောက်အကူပြုခဲ့ပါသည်။

ဦးသူရိန်အောင်၏ ဒဂုန်ကုမ္ပဏီများအုပ်စုတွင် အိမ်ခြံမြေဖွံ့ဖြိုးရေး

He also contribute much of his time for the development of the different business sectors he is in by joining the Executive Committee Member of Myanmar Construction Entrepreneur Association (MCEA), Vice-President of Yangon Region Young Entrepreneur Association (YRYEA). He holds a Bachelor of Arts (Honors) in Business Information Management & Finance, which he obtained from the University of Westminster, United Kingdom in 2004.

လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာမှရရှိခဲ့သော လုပ်ငန်းအတွေ့အကြုံများသည် စီမံကိန်းစီမံခန့်ခွဲခြင်းနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သာလွန်ကောင်းမွန်စေခဲ့ပြီး ကျွန်ုပ်တို့မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH)၏ လက်အောက်ခံကုမ္ပဏီဖြစ်သော သီလဝါပရောပါတီး ဒီဗလော့မန့် လီမိတက် (TPD) တည်ထောင်ရာတွင်လည်း များစွာအကျိုးပြုခဲ့ပါသည်။

ဦးသူရိန်အောင်၏ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH) ရှိ အဓိကလုပ်ငန်းတာဝန်များမှာ လက်ရှိလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းခြင်းလုပ်ငန်းများအပြင် သီလဝါ SEZ အတွင်းနှင့် အခြားနေရာများတွင်ပါ စီးပွားရေးလုပ်ငန်း အခွင့်အလမ်းသစ်များ ရှာဖွေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် ဆောင်ရွက်ခြင်းများဖြစ်ပါသည်။

ဦးသူရိန်အောင်သည် စီးပွားရေးလုပ်ငန်းကဏ္ဍမျိုးစုံဖွံ့ဖြိုး တိုးတက်ရေးအတွက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင် ကော်မတီဝင်အဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ ဒု-ဥက္ကဋ္ဌအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ဦးသူရိန်အောင်သည် ၂၀၀၄ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၊ လန်ဒန် မြို့ရှိ Westminster တက္ကသိုလ်မှ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုပညာနှင့် ဘဏ္ဍာရေးဘာသာရပ် (Business Information Management & Finance)ဖြင့် ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို ရရှိခဲ့သူဖြစ်ပါသည်။

U MYO MYINT AUNG

HEAD OF FINANCE

U Myo Myint Aung is the Head of Finance of Myanmar Thilawa SEZ Holdings Public Company Limited and concurrently the Chief Financial Officer of Myanmar Japan Thilawa Development Limited.

U Myo Myint Aung has over 10 years of experience in planning and budgetary control, financial and management reporting, performance management, cash management, financial and business analysis, investment analysis and internal controls.

He worked as a Management Accountant for Pun Hlaing Siloam Hospital (formerly Pun Hlaing International Hospital) from 2005 to 2007. During 2007 to 2017, he worked in Singapore for chemical segment of NOK Corporation (a company listed on Tokyo Stock Exchange), and his last position with them is Finance Manager.

U Myo Myint Aung holds Bachelor of Science degree with first class honors in applied accounting from Oxford Brookes University. He is also a member of Institute of Singapore Chartered Accountants (ISCA) and a fellow member of Association of Chartered Certified Accountant (ACCA).

ဦးမျိုးမြင့်အောင်သည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အကြီးအကဲဖြစ်ပြီး မိမိတို့၏ဖက်စပ်ကုမ္ပဏီဖြစ်သည့် MJTD တွင် ဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်လျှက် ရှိပါသည်။

သူသည် ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီတွင်း စီမံကွပ်ကဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း၊ စွမ်းဆောင်ရည်ဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာ အစီရင်ခံ တင်ပြခြင်း၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲခြင်းတို့တွင် (၁၀)နှစ်ကျော် အတွေ့အကြုံရှိသူတစ်ဦးဖြစ်ပါသည်။ သူသည် ၂၀၀၅ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း ပန်းလှိုင်ဆေးရုံတွင် Management Accountantအဖြစ် လည်းကောင်း၊ ၂၀၀၇ခုနှစ်မှ ၂၀၁၇ခုနှစ်အတွင်း တိုကျိုစတော့အိပ်ချိန်း စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သည့် NOK Corporation ၏ စင်ကာပူအခြေစိုက် Chemical Segmentသို့ ဝင်ရောက်ခဲ့ပြီးFinance Manager အဖြစ်လည်းကောင်း တာဝန်များထမ်းဆောင်ခဲ့ပါသည်။

ဦးမျိုးမြင့်အောင်သည် အသုံးချစာရင်းပညာအထူးပြု၍ Bachelor of Science ဘွဲ့ကို ဂုဏ်ထူးတန်း (ပထမအဆင့်)ဖြင့် Oxford Brookes University မှ အောင်မြင်ခဲ့ပါသည်။ သူသည် Institute of Singapore Chartered Accountants (ISCA)၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ Association of Chartered Certified Accountant (ACCA)၏ Fellow Member တစ်ဦးလည်းဖြစ်ပါသည်။

HIGHLIGHTS of the Year

Visit of Vice President HE U Henry Van Thio

Visit of Vice President HE U Henry Van Thio

Union Minister HE U Than Myint

Visit of Minister of Investment & Foreign Economic Relations H.E U Thaung Tun

Visit of Yangon Region Chief Minister U Phyo Min Thein

Visit of Kachin State Chief Minister Dr. Khet Aung

G to G Meeting at Naypitaw

New Year welcome celebration

Deputy Minister of the Ministry of Planning and Finance and Chairman of TSMC



Deputy Minister of the Ministry of Commerce

Japanese Ambassador

Japan and U.S.A Ambassadors visit

Canada Ambassador visit

Canada trade link visit

General Administration Department Officials

SUPER HOTEL Grand Opening Ceremony

5th Anniversary Celebration of Japan-Myanmar Joint Venture

As invited by Mr. Hideo Watanabe, Chairman of Japan Myanmar Association, U Win Aung, Chairman of Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH), Members of Board of Directors, and Senior Officials from MMSTD (Mitsubishi, Marubeni,Sumitomo) attended the " Myanmar Economic Seminar " and "5th Anniversary Dinner of the Signing of the MOU on the establishment of Myanmar-Japan JV Company, MJTD to implement the "Thilawa Special Economic Zone"; celebrated in Tokyo, Japan on the 29th of October 2018. HE Yukio Edano, who was the Minister of Ministry of Economic Trade and Industry (METI) during the initial negotiation to establish Thilawa SEZ and U Thurain Thant Sin, Myanmar Ambassador to Japan attended the Dinner Celebration. During the visit, MTSH had the meeting with HE Taro Aso, Deputy Prime Minister of Japan who provided tremendous support for the joint establishment of Thilawa SEZ; Mr. Tatsuya Terasawa, Vice Minister of METI; Chairmen from MMSTD; had open and friendly discussions on the development plan of Thilawa SEZ.

Mr. Hideo Watanabe (Chairman, Japan Myanmar Association) မှ ဖိတ်ကြား၍ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့၌ ကျင်းပပြုလုပ်သည့် "Myanmar Economic Seminar" နှင့် "သီလဝါ အထူးစီးပွားရေးဇုန် ပူးပေါင်းအကောင်အထည်ဖော်ရေးအတွက် မြန်မာနှင့် ဂျပန် ဖက်စပ်ကုမ္ပဏီအဖြစ် MJTD ကိုတည်ထောင်ရန် သဘောတူ လက်မှတ်ရေးထိုးသည့် (၅)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ညစာစားပွဲ"သို့ MTSH ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ MMSTD Consortium ကုမ္ပဏီ၏ အဆင့်မြင့်တာဝန်ရှိသူများမှ တက်ရောက်ခဲ့ကြပါသည်၊ အဆိုပါ ညစာစားပွဲသို့ သီလဝါ အထူးစီးပွားရေးဇုန်ကို ဂျပန် - မြန်မာ ပူပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် စတင်ညှိနှိုင်းခဲ့စဉ်က Ministry of Economic Trade and Industry (METI) ဝန်ကြီးဌာန၏ ဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူ HE Yukio Edano နှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်စင်တို့မှ တက်ရောက်ချီးမြှင့်ခဲ့ပါသည်၊အဆိုပါဂျပန်ခရီးစဉ်အတွင်း သီလဝါအထူးစီးပွားရေးဇုန် ဖြစ်ပေါ်လာရေးအတွက် အစဉ်တစိုက်ကူညီအားပေးခဲ့သော ဂျပန်နိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် HE Mr. Taro Aso ၊ METI ၏ ဒုတိယဝန်ကြီး Mr. Tatsuya Terasawa ၊ MMSTD Consortium ကုမ္ပဏီအဖွဲ့ဝင်များဖြစ်ကြသည့် Mitsubishi, Marubeni, Sumitomo တို့၏ ဥက္ကဋ္ဌကြီးများနှင့်လည်း တွေ့ဆုံ၍ သီလဝါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက် သွားရန် ကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်၊

Performance Review

FY2018-19 Group Financial Highlights

Net Profit

MMK 15.6 bn

FY2018-19	MMK 15.6 bn
FY2017-18	MMK 12.8 bn

Earning Per Share

MMK 398

FY2018-19	MMK 398
FY2017-18	MMK 310

Gross Profit Margin

60 %

FY2018-19	60%
FY2017-18	48%

Return on Equity

17 %

FY2018-19	17%
FY2017-18	14%

	% CHANGE	FY 2018-19	FY 2017-18
FOR THE FINANCIAL YEAR (MMK '000)			
Net Profit	20.0%	4,519,791	3,765,838
Share of Profit from Associate, MJTD	25.5%	11,395,054	9,082,732
Profit Attributables to Equity Holers	28.4%	15,487,486	12,060,965
AS AT 31 MARCH 2019 (MMK '000)			
Cash and Cash Equivalents	0.7%	32,343,081	32,126,840
Total Loan and Borrowing	-	-	-
Total Equity	7.8%	92,048,849	85,392,163
Debt to Equity Ratio	-	-	-

Operating landscape and outlook

We are exposed to residential and commercial real estate sector through our investment in Thilawa Property Development Limited, and industrial real estate sector through Myanmar Japan Thilawa Development Limited. Following section discuss performance and outlook of real estate sector in order to provide better nderstanding of our business and business environment.

Residential sector performed poorly in 2018 and expected the trend will continue to 2019 due to oversupply of properties in market, limited access to financing and weak demand. Although residential sector is gloomy, commercial retail sector shows robust performance at average 90% occupancy rate with some major shopping malls maintaining almost full occupancy rate throughout 2018. We expect occupancy level and rental rates for commercial sector will remains healthy for future years. Industrial estate maintained its star performance in 2018 and demands for industrial land will remains strong due to growing manufacturing sector. According to "Manufacturing Guide 2019" published by European Chamber of Commerce in Myanmar, manufacturing sector is a major source of Myanmar's economic growth and will expand in coming years. As an only operational special economic zone and best industrial park in Myanmar at the present time, Thilawa Special Economic Zone is poise to reap the benefits and opportunities of this manufacturing growth. We believe Thilawa SEZ will continue to attract as the best destination for investors.

Based on market outlook and industry analysis we believe that industrial estate will maintain its strong performance for coming years, growing demand for commercial real estate especially for retail space while residential sector will remain sluggish. As we are excited to capitalize on the growth potential we see in front of us, have streamlined our strategy and business plan in the lights of current development in the market.

ကျွန်ုပ်တို့ကုမ္ပဏီသည် လက်အောက်ခံကုမ္ပဏီခွဲဖြစ်သော သီလဝါ ပရောပါတီး ဒီဗလော့မင့်လီမိတက် (TPD) မှတဆင့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ ဖက်စပ်ကုမ္ပဏီဖြစ်သောမြန်မာ-ဂျပန်သီလဝါ ဒီဗလော့မင့် လီမိတက် (MJTD) မှတစ်ဆင့် စက်မှုလုပ်ငန်း အဆောက်အအုံများ တည်ဆောက်ဖော်ဆောင်ရေးလုပ်ငန်းများတွင် လည်းကောင်း ပါဝင် ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်း သဘောသဘာဝများကို ပိုမိုနားလည်နိုင်စေရန် အိမ်ခြံမြေစီးပွားရေး ကဏ္ဍနှင့်ပတ်သက်၍ လက်ရှိဈေးကွက် အခြေအနေနှင့် အနာဂတ်အလားအလာများကို အောက်ဖော်ပြပါစာပိုဒ်များတွင် ဆက်လက်၍ ကြည့်ရှု လေ့လာနိုင်ပါသည်။

၂၀၁၈ ခုနှစ်အတွင်းတွင် လူနေအိမ်ရာဖော်ဆောင်ခြင်းလုပ်ငန်း ကဏ္ဍသည် ဈေးကွက်၌ ရောင်းလိုအားများ ပိုလျှံပြီး ဝယ်လိုအား လျော့နည်းခြင်းတို့ကြောင့် လုပ်ငန်းအခြေအနေများအားလျော့ခဲ့ရပြီး ၂၀၁၉ ခုနှစ်တွင်လည်း ၎င်းအနေအထားအတိုင်းသာ ဆက်လက် တည်ရှိနေလိမ့်မည်ဖြစ်ပါသည်။ လူနေအိမ်ရာ ဖော်ဆောင်ခြင်းလုပ်ငန်း တွင် မှေးမှိန်အားဖျော့ခဲ့သော်လည်း ကုန်သွယ်မှုဆိုင်ရာ အသေးစား လုပ်ငန်းများတွင် နေရာငှားရမ်းမှုနှုန်းထား သည် ရာခိုင်နှုန်းအားဖြင့် (၉၀%)ရှိပြီး အချို့သော အထင်ကရ ဈေးဝယ်စင်တာ ကြီးများသည် ဈေးဆိုင်ခန်းများ အပြည့်ဖြင့် ၂၀၁၈ တစ်နှစ်ပတ်လုံးအတွင်း ကောင်းမွန် သော အနေအထားရှိခဲ့ပါသည်။ ဖော်ပြပါ ကုန်သွယ်မှုကဏ္ဍနှင့် ပတ်သက်၍ နေရာဆိုင်ခန်းငှားရမ်းနိုင်မှု အနေအထားသည် ရှေ့လာမည့်နှစ်များ တွင်လည်း ဆက်လက်၍ တိုးတက်ကောင်းမွန်နေမည်ဟု မျှော်လင့်ပါသည်။

စက်မှုလုပ်ငန်းဖော်ဆောင်ခြင်းလုပ်ငန်းသည် ၂၀၁၈ ခုနှစ်တွင် အကောင်းဆုံး အနေအထား၌ရှိခဲ့ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ များပြား လာခြင်းကြောင့် စက်မှုနယ်မြေများကို ဆက်လက်အကောင်အထည် ဖော်ရန် လိုအပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ European Chamber of Commerce မှ ထုတ်ဝေသည့်၊ Manufacturing Guide 2019 အရ ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍသည် မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှု၏ အဓိကအကြောင်းအရင်းတစ်ခုဖြစ်ပြီး လာမည့်နှစ်များတွင်လည်း အဆိုပါ လုပ်ငန်းများကို ဆက်လက်တိုးချဲ့သွားမည်ဖြစ်သည်။ ယခု လက်ရှိတွင် မြန်မာနိုင်ငံ၏ အကောင်းဆုံးသော စက်မှုဇုန်တစ်ခုဖြစ်ပြီး လုပ်ငန်း လည်ပတ်ဆောင်ရွက်လျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန်သည် ကုန်ထုတ်လုပ်မှုတိုးတက်လာခြင်း၏ အခွင့်အလမ်းနှင့် အကျိုးကျေးဇူး များကို ရယူခံစားနိုင်မည့်အနေအထားသို့ ရောက်ရှိနေပြီး ဖြစ်ပါသည် သီလဝါအထူးစီးပွားရေးဇုန်သည် ပြည့်စုံကောင်းမွန်သော စက်မှုနယ်မြေ တစ်ခုအဖြစ် ရင်းနှီးမြှုပ်နှံသူများကို ဆက်လက်၍ဖိတ်ခေါ်သွားနိုင်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

ဈေးကွက်အလားအလာနှင့် စက်မှုလုပ်ငန်းဆိုင်ရာ လေ့လာသုံးသပ်ချက်များအရ စက်မှုလုပ်ငန်းဖော်ဆောင်ခြင်း လုပ်ငန်းများသည် ရှေ့လာမည့် နှစ်များတွင်လည်း ကောင်းမွန်သောရလဒ်များကို ဆက်လက် ထိန်းသိမ်း ထားနိုင်မည်ဖြစ်ပြီး၊ အိမ်ရာဖော်ဆောင်ခြင်းလုပ်ငန်းများတွင် တိုးတက်မှု နှေးကွေးနေသော်လည်း ကုန်သွယ်မှုဆိုင်ရာ ဈေးဆိုင်ခန်းများ၏ လိုအပ်ချက်သည် မြင့်တက်လာမည်ဖြစ်ကြောင်း ယုံကြည်ပါသည်။ ဈေးကွက်၏ လက်ရှိတိုးတက်မှု အခြေအနေများပေါ်မူတည်၍ ထိရောက်မှုရှိပြီး တွက်ခြေကိုက်မည့် စီးပွားရေးအစီအစဉ်ကောင်းများ၊ မဟာဗျူဟာများဖြင့် ကျွန်ုပ်တို့မျက်မှောက်ရှိ တိုးတက်မှု အလားအလာကောင်းများတွင် ရင်းနှီး မြှုပ်နှံသွားမည်ဖြစ်ပါသည်။

Integrated Report

We are committed to build long-term value creation for shareholders and stakeholders connected to our business. In our endeavor to fulfil corporate mission of creating value for all stakeholders in transparent, responsible and sustainable ways, our business activities and subsequent outcome have interactions with various type of resources ("the capitals") during the course of value creation process. These capitals comprise financial, manufactured, intellectual, human, social and relationship, and natural.

It is our responsibility to communicate to stakeholders how we conducted our business activities in transparent and comprehensive report. Financial information alone is not sufficient for comprehensive understanding of our activities and performance. We have used integrated reporting to link strategy, value creation process and performance to provides broader and deeper insight and to tell more **coherent value creation story**. Moreover, integrated reporting link contribution of our activities toward United Nations Development Programme (UNDP) Sustainable Development Goals (SDGs), and integrated report also serve the purpose of sustainability report.

Guided by our vision, mission and corporate value, our strategy is to balance between conformance and performance aspects of governance, actively coordinating between investments to capture the synergy among the investments and making focus investments in the real estate value chain, asset class and location. The following diagram illustrates our value creation process.

ဘက်စုံအစီရင်ခံခြင်း

ကျွန်ုပ်တို့သည် ကုမ္ပဏီနှင့်ပတ်သက်ဆက်နွယ်နေသော အစုရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအတွက် ရေရှည်အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် တန်ဖိုးဖော်ဆောင်မှုများကို ဖန်တီးတည်ဆောက်ပေးမည် ဖြစ်ပါသည်။ အဖွဲ့အစည်း၏ ရည်မှန်းချက်ဖြစ်သော အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်သိသော ရေရှည်တည်တံ့မည့် နည်းလမ်းများဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါသည်။ ထိုကြိုးပမ်းမှု၏ အကျိုးရလဒ်များသည် ဘဏ္ဍာရေး၊ အနာဂတ်ဝင်ငွေ၊ ဉာဏ၊ လူ့စွမ်းအား၊ လူမှုဆက်သွယ်ရေးနှင့် သဘာဝဆိုင်ရာစသော အရင်းအမြစ်များစွာတို့နှင့် အပြန်အလှန် အကျိုးသက်ရောက်မှုရှိပါသည်။

စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိပြီး ပြီးပြည့်စုံသော အစီရင်ခံစာတင်ပြချက်များဖြင့် အစုရှယ်ယာရှင်များအား ဆက်သွယ်သတင်းပေးရေးကဏ္ဍသည် ကျွန်ုပ်တို့ ဆောင်ရွက်ရမည့် အဓိကတာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ဖော်ပြချက်တစ်ခုတည်းဖြင့် ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်ချက်နှင့် စွမ်းဆောင်ရည်များကို အမှန်တကယ် နားလည်နိုင်စေရန် မပြည့်စုံသည့်အတွက် မဟာဗျူဟာများဖြင့် ချိတ်ဆက်၍လည်းကောင်း၊ တန်ဖိုးဖော်ဆောင်မှုလုပ်ငန်းများကို အစုရှယ်ယာရှင်များမှ ပို၍ကျယ်ပြန့်စွာ နားလည်သဘောပေါက်စေရန်နှင့် ရှင်းလင်းစွာ တင်ပြနိုင်ရန် ရည်ရွယ်၍ ဘက်စုံရှုထောင့်များမှ သုံးသပ်တင်ပြချက် (Integrated Report)ကို စုစည်းတင်ပြရခြင်းဖြစ်ပါသည်။ အဆိုပါဘက်စုံအစီရင်ခံစာကို တင်ပြခြင်းဖြင့် ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များသည် United Nations Development Programme (UNDP) ၏ Sustainable Development Goals (ရေရှည်တည်တံ့ဖွံ့ဖြိုးရေးရည်မှန်းချက်)များကို ဖြည့်ဆည်းထောက်ပံ့ပေးနိုင်သည့်အပြင် Sustainability Report (ရေရှည်တည်တံ့ခိုင်မြဲရေး အစီရင်ခံစာ)၏ ရည်ရွယ်ချက်ကိုလည်း ဖြည့်စွမ်းပေးနိုင်မည်ဖြစ်သည်။

ကုမ္ပဏီ၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ကော်ပိုရိတ်ဆိုင်ရာတန်ဖိုးများ၏ လမ်းညွှန်ချက်များနှင့်အညီ ကျွန်ုပ်တို့၏ မဟာဗျူဟာကို စီးပွားရေးဆိုင်ရာ စွမ်းဆောင်မှုနှင့် ဥပဒေပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာမှုတို့အကြား ဟန်ချက်ညီမျှစေရန်နှင့် အိမ်ရာမြေဈေးကွက်များ၊ ပိုင်ဆိုင်မှုတန်ဖိုးအမျိုးအစားနှင့် တည်နေရာများပေါ်မူတည်သော ရင်းနှီးမြှုပ်နှံမှုများမှ စုပေါင်းရင်းနှီးမြှုပ်နှံမှု အကျိုးရလဒ်များကို ရရှိနိုင်ရန်အတွက် ရည်ရွယ်ဖော်ဆောင်လျက်ရှိပါသည်။ အောက်ဖော်ပြပါပုံသည် ကျွန်ုပ်တို့၏ တန်ဖိုးများ ဖန်တီးဖော်ဆောင်မှုလုပ်ငန်းစဉ်ကို ဖော်ညွှန်းထားခြင်းဖြစ်ပါသည်။


RESOURCES
Input
Accountability & Assurance
Vision, mission and corporate values
Enterprise Governance
Business Governance
Performance aspect
Corporate Governance
Conformance aspect
Synergy Manager
Strategic Focus
Active involvement
Developer
Construction
Agent/Broker
Financing
Estate Management
Property Owner
Complimentary Facilities
Industrial
Recreational
Residential
Hospitality
Commercial
Strategic
Locations
Other
THILAWA SEZ
Facilitator of best practices
Value Creation and Resource Utilization
Output
Outcome
Human capital
Financial capital
Social and relationship capital
Manufactured capital
Natural capital
Intellectual capital
1 NO POVERTY
2 ZERO HUNGER
3 GOOD HEALTH AND WELL-BEING
4 QUALITY EDUCATION
5 GENDER EQUALITY
6 CLEAN WATER AND SANITATION
7 AFFORDABLE AND CLEAN ENERGY
8 DECENT WORK AND ECONOMIC GROWTH
9 INDUSTRY, INNOVATION AND INFRASTRUCTURE
10 REDUCED INEQUALITIES
11 SUSTAINABLE CITIES AND COMMUNITIES
12 RESPONSIBLE CONSUMPTION AND PRODUCTION
13 CLIMATE ACTION
14 LIFE BELOW WATER
15 LIFE ON LAND
16 PEACE, JUSTICE AND STRONG INSTITUTIONS
17 PARTNERSHIPS FOR THE GOALS
SUSTAINABLE DEVELOPMENT GOALS

Boundary of reporting entity for financial capital is the same as financial reporting entity for financial statements. Financial information presented in financial capital are in consistent with financial statements. Our financial statements are audited by independent auditor, and conformed to International Financial Reporting Standards (IFRS) and regulatory requirements.

For other type of capitals, the boundary of reporting entity is broader than financial reporting entity. Non-financial information and monetized value of other capitals are aggregate value of all entities net of intercompany transactions. These aggregate values include the portion not related to us by virtue of control or significant influence as defined in accounting standards. The reason for going beyond the boundary of financial reporting entityis the effect of risk and opportunities created from these activities can better understand on aggregate basis.

We define value created as total revenue of all entities within the group after eliminating intercompany transactions. We make value for ourselves by creating value for customer by delivering beneficial products to them along the real estate value chain. In FY2018-2019, created value amount to MMK 76 billion (FY2017-2018: MMK 68 billion) and distributed to our stakeholders as follow.

ဘက်စုံအစီရင်ခံစာ (Integrated Report) တွင် ဖော်ပြထားသော ဘဏ္ဍာရေးအရင်းအမြစ်သည် ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်တွင် ဖော်ပြပါရှိသော ငွေကြေးဆိုင်ရာအချက်အလက်များနှင့် တူညီပါသည်။ အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို နိုင်ငံတကာစာရင်းစံနှုန်းစံထားများ၊ စည်းမျဉ်းများနှင့်အညီ လွတ်လပ်သောစာရင်းစစ်အဖွဲ့က စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

ဘဏ္ဍာရေးအရင်းအမြစ်အပြင် ကုမ္ပဏီတွင်း လုပ်ငန်းဆောင် ရွက်ချက်များ၏ အရင်းအမြစ်စုပေါင်းတန်ဖိုးကို သုံးသပ်သိရှိနိုင်မှသာလျှင် ကုမ္ပဏီ၏ အောင်မြင်မှုအခွင့်အလမ်းနှင့် ဆုံးရှုံးနိုင်ခြေများကို ပိုမိုနားလည်လာမည် ဖြစ်သည်။

တန်ဖိုးဖော်ဆောင်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကုမ္ပဏီအုပ်စု၏ စုစုပေါင်းဝင်ငွေမှ အုပ်စုဝင်ကုမ္ပဏီအချင်းအချင်း အပြန်အလှန်ရောင်းချမှု ရရှိသော ဝင်ငွေကိုထုတ်ဖယ်၍ အသားတင်ရရှိသောတန်ဖိုးကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ အိမ်ရာမြေ တည်ဆောက်ဖော်ဆောင်သည့် ကဏ္ဍများတွင် အရည်အသွေးကောင်းမွန်ပြီး အကျိုးအမြတ်ဖြစ်ထွန်း စေခြင်းအားဖြင့် ကျွန်ုပ်တို့၏ အရင်းအမြစ်တန်ဖိုးများကိုလည်း တိုးမြှင့်ပေးနိုင်မည် ဖြစ်သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တန်ဖိုးပမာဏကျပ် ၇၆ ဘီလီယံ (၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ဖိုးပမာဏကျပ် ၆၈ဘီလီယံ)ကို ဖော်ဆောင်နိုင်ခဲ့ပြီး အောက်ဖော်ပြပါ ကဏ္ဍအသီးသီးသို့ အကျိုးအမြတ် တန်ဖိုးများကို ခွဲဝေပေးနိုင်ခဲ့ပါသည်။



Value creation and distribution

Financial capital

The group net profit for FY2018-19 is MMK 15.6 billion, which is 22% improve from previous financial year. The main reason is due to MMK 2.3 billion increase in group's share of profit from Myanmar Japan Thilawa Development Limited and MMK 2.0 billion exchange gain in current financial year. The exchange gain was resulted in FY2018-19 due to currency depreciation of MMK against USD.

The Group revenue for FY2018-19 declined 51%, mainly resulting from MMK 3.5 billion decrease in construction revenue and MMK 2.7 billion decrease in land lease revenue of Thilawa Development Limited. Despite decrease in revenue, gross profit only falls 38% from MMK 5.2 billion to MMK 3.2 billion. The main reason was due to MMK 1.1 billion increase in commission income of MTSH, a comparatively high profit activity. Gross profit margin remains high at healthy level of 60% for FY2018-19.

Cash generated from operating activities for FY2018-19 is MMK 9 billion and cash balance at the end of financial year is MMK 32 billion, and the retained earning stood at MMK 46 billion which is 17% increase from previous year.

ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ အရင်းအမြစ်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီအုပ်စု၏ အခွန်နှုတ်ပြီး အသားတင်အမြတ်သည် ကျပ် (၁၅. ၆)ဘီလီယံဖြစ်သည့်အတွက် ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက (၂၂) ရာခိုင်နှုန်း မြင့်တက်ခဲ့သည်မှာ MTSH ၏ ဖက်စပ်ကုမ္ပဏီဖြစ်သော မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့် လီမိတက်မှ ရှယ်ယာ အမြတ်ရရှိငွေသည် ကျပ်(၂. ၃)ဘီလီယံထိ တိုးမြင့်ခဲ့ခြင်းနှင့် နိုင်ငံခြား ငွေကြေးလဲလှယ်မှုနှုန်းထားများမှ ကျပ် (၂. ၀) ဘီလီယံ ရရှိခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးကဏ္ဍမှ ဝင်ငွေ ကျပ် (၃. ၅) ဘီလီယံ ကျဆင်းသွားခြင်းနှင့် မြေငှားရမ်းမှုမှ ရရှိသောဝင်ငွေ ကျပ် (၂. ၇) ဘီလီယံ လျော့နည်းသွားခြင်းတို့ကြောင့် ကုမ္ပဏီအုပ်စု၏ ဝင်ငွေသည် (၅၁) ရာခိုင်နှုန်း ကျဆင်းခဲ့ရပါသည်။ သို့သော် အကြမ်းအမြတ်သည် ကျပ် (၅. ၂) ဘီလီယံမှ (၃. ၂) ဘီလီယံသို့ ရာခိုင်နှုန်းအားဖြင့် (၃၈%)သာ ကျဆင်းသွားရခြင်း၏ အဓိကအကြောင်းအရင်းမှာ MTSH ၏ အရောင်းကော်မရှင်လုပ်ငန်းမှ ဝင်ငွေသည် ကျပ် (၁. ၁) ဘီလီယံ တိုးမြင့်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်အတွက် ကုမ္ပဏီအုပ်စု၏ အကြမ်းအမြတ်ရာခိုင်နှုန်းသည် (၆၀%) အထိ မြင့်တက်ကောင်းမွန်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လုပ်ငန်းဆောင်ရွက်ချက်များမှ ဝင်ငွေကျပ် (၉)ဘီလီယံရရှိခဲ့ပြီး ဘဏ္ဍာရေးနှစ်ကုန်ရှိ ငွေကြေးအခြေအနေသည် ကျပ် (၃၂)ဘီလီယံဖြစ်ပါသည်။ စုဆောင်းထားရှိသော အမြတ်လက်ကျန်သည် ကျပ် (၄၆) ဘီလီယံဖြစ်ခြင်းတို့ကြောင့် ယခင်ဘဏ္ဍာနှစ်ထက် (၁၇)ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

Financial capital	FY2018-19	FY2017-18	FY2016-17
Return on equity (%)	17%	14%	26%
Return on assets (%)	16%	13%	24%
Current ratio (Time)	23	16	19
Quick ratio (Time)	13	9	11
Earning per share (MMK)	398	310	553
Earning yield (%)	14%	11%	13%
PE ratio (Time)	7.2 x	9.2 x	7.4 x
PB ratio (Time)	1.2 x	1.3 x	1.9 x
Dividend per share (MMK)	250	230	260
Dividend yield (%)	9%	8%	6%
Payout ratio (%)	63%	74%	47%

Manufactured capital

Manufactured capital are physical objects that are available to us for use in generating future revenue. We have generated following manufactured capitals through our investment in Thilawa Property Development Limited and Myanmar Japan Thilawa Development Limited. We aim to make Thilawa SEZ a destination for "Work, Live and Play".

Thilawa Property Development Limited ("TPD") was formed to undertake the development, construction, marketing, leasing and operation of the Residential and Commercial Area, Shopping Malls and Hyper Market in Thilawa Special Economic Zone ("Thilawa SEZ"). TPD is a joint venture with Thilawa Special Economic Zone Management Committee Company Limited ("TSMCC") in which TSMCC owns 20% and Myanmar Thilawa SEZ Holdings Public Limited own 80%.

Thilawa Garden City

Residential and commercial land own by TPD has total area of 34 hectares, of which 1 hectare was subleased to 8 major local banks where KBZ Bank is now under construction and 0.6 hectare was subleased to Super Hotel. Super Hotel had commenced their operation on March 2019. Another 1.1 hectare was used for development of worker accommodation and shophouses. As of 31 March 2019, we still have balance of 20 hectares available for future sublease and/or own development.

Worker accommodations, shophouses, Super Hotel, ATM from local banks and convenience store are operational in Thilawa Garden City currently. Upcoming projects such as development of shopping mall, futsal courts, branch of local bank, food court for Café, Japanese foods, Thai foods, and Local & Chinese foods will increase the foot traffic.

အနာဂတ်ဝင်ငွေ အရင်းအမြစ်

အနာဂတ်ဝင်ငွေ အရင်းအမြစ်ဆိုသည်မှာ ကုမ္ပဏီ၏ အနာဂတ်ဝင်ငွေ ရရှိရေးအတွက် အသုံးချနိုင်သော ပိုင်ဆိုင်မှုများကို ဆိုလိုခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီသည် သီလဝါပရောပါတီး ဒီဗလော့မင့် လီမိတက် (TPD) နှင့် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့်လီမိတက် (MJTD) တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းဖြင့် အနာဂတ်ဝင်ငွေ အရင်းအမြစ်များကို ဖန်တီးဖော်ဆောင်လျက်ရှိပါသည်။ အနာဂတ်တွင် အလုပ်၊ ဘဝနှင့် ပျော်ရွှင်မှုဖြင့် ရှင်သန်ခြင်း ရည်မှန်းချက်များဖြင့် သီလဝါအထူးစီးပွားရေး ဇုန်ကြီး ဖြစ်ပေါ်လာစေရန် ကြိုးပမ်းလျက်ရှိပါသည်။

သီလဝါပရောပါတီး ဒီဗလော့မင့်လီမိတက် (TPD) ကို သီလဝါ အထူးစီးပွားရေးဇုန်ရှိ လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အဦး များကို ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်မြှင့်တင်ခြင်း၊ စီးပွားရေး လုပ်ငန်းများအတွက် မြေငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်း ဖော်ဆောင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ရန်အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ကုမ္ပဏီလီမိတက် (TSMCC) နှင့် MTSH တို့မှ ပူးပေါင်းတည်ထောင်ခဲ့ကြပြီး ရှယ်ယာပိုင်ဆိုင်မှုများအနေဖြင့် ကျွန်ုပ်တို့ ကုမ္ပဏီမှ (၈၀) ရာခိုင်နှုန်းနှင့် TSMCC မှ (၂၀) ရာခိုင်နှုန်း ပိုင်ဆိုင် ကြပါသည်။

သီလဝါဥယျာဉ်မြို့တော်

TPD မှ ပိုင်ဆိုင်သည့် သီလဝါအထူးစီးပွားရေးဇုန်ရှိ လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ မြေဧရိယာစုစုပေါင်း (၃၄) ဟက်တာရှိသည့် အနက်မှ (၁)ဟက်တာတွင် ပြည်တွင်းဘဏ်ကြီး (၈) ဘဏ်အတွက် တစ်ဆင့်ထပ်မံ မြေငှားရမ်းပေးခဲ့ပြီး လက်ရှိတွင် KBZ မှ ဘဏ် အဆောက်အဦးအတွက် စတင်ဆောက်လုပ်နေပြီးဖြစ်ပါသည်။ ထပ်မံ၍ Super Hotel အား မြေအကျယ်အဝန်း(၀. ၆) ဟက်တာ ကို TPD မှ ငှားရမ်းပေးခဲ့ပြီး၊ ၂၀၁၉ ခုနှစ်၊ မတ်လတွင် Super Hotel မှ ဖွင့်ပွဲ အခမ်းအနားကျင်းပနိုင်ခဲ့ပြီး လုပ်ငန်းစတင်လည်ပတ်လျက်ရှိပါသည်။ လုပ်သားအိမ်ရာနှင့် လူနေ ဆိုင်ခန်းများ တည်ဆောက်ရေးတွင် မြေဧရိယာ (၁. ၁) ဟက်တာကို အသုံးပြုခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ အချက်အလက်များအရ လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာဧရိယာ အတွင်း TPD မှ ကိုယ်တိုင်တည်ဆောက် ဖော်ဆောင်ရန်နှင့် မြေတစ်ဆင့် ငှားရမ်းနိုင်ရန်အတွက် ဟက်တာပေါင်း (၂၀)ကျန်ရှိပါသည်။

ယခုလက်ရှိတွင် သီလဝါဥယျာဉ်မြို့တော်အတွင်း၌ လုပ်သား အိမ်ရာများ၊ လူနေဆိုင်ခန်းများ၊ Super Hotel၊ ပြည်တွင်းဘဏ်များမှ ATM စက်များ၊ Convenience Store စသည့်လုပ်ငန်းများဖြင့် သက်ဝင် လှုပ်ရှား လည်ပတ်လျက်ရှိပါသည်။ ရှေ့ဆက်လက်ဖော်ဆောင်သွားမည့် လုပ်ငန်းစဉ်များတွင် ဈေးဝယ်စင်တာ၊ ဖူဆယ်ဘောလုံးကွင်းများ၊ ပြည်တွင်း ဘဏ်ခွဲများ၊ ကော်ဖီဆိုင်၊ ဂျပန်အစားအစာ၊ တရုတ်အစားအစာ၊ ထိုင်း အစားအစာနှင့် မြန်မာအစားအစာများ ရောင်းချမည့်ဆိုင်တန်းများ ပါဝင် မည့်အတွက် ပြည်သူအများ စိတ်ဝင်စားလည်ပတ်မှု များပြားလာမည် ဖြစ်ပြီး၊ သီလဝါဥယျာဉ်မြို့တော်အတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများ တိုးတက်လာမည်ဟုလည်း ယုံကြည်ပါသည်။

Thilawa Garden City	Hectare	Acre
Majors banks	1.2	3.0
Super Hotel	0.6	1.5
Workers Accomodation	0.7	1.7
Shophouses	0.4	1.0
Infrastructure and Public Area	10.8	26.7
Availble for future development	20.3	50.2
Total Development Area	34.0	84.0

Property

We own 24 units of shophouses in residential and commercial area through our subsidiary TPD and 20 units are still available for sale and/or rental.

အိမ်ရာအဆောက်အအုံများ

လူနေအိမ်ရာနှင့်စီးပွားရေးဆိုင်ရာဇရိယာ၌ လူနေဆိုင်ခန်း (၂၄) ယူနစ်ကို ကျွန်ုပ်တို့၏ ကုမ္ပဏီခွဲဖြစ်သော TPD မှ တည်ဆောက်ခဲ့ပြီး ငှားရမ်းရန် (သို့မဟုတ်) ရောင်းချရန်အတွက် လူနေဆိုင်ခန်းအလွတ် (၂၀) ယူနစ် ကျန်ရှိပါသည်။

Workers accommodation

Three dormitory building with 180 rooms available for rent have completed by TPD and occupancy rate at 31 March 2019 is 35%.

လုပ်သားအိမ်ရာများ

သီလဝါအထူးစီးပွားရေးဇုန်ရှိ လုပ်သားများ ငှားရမ်းနေထိုင်နိုင်ရန် ရည်ရွယ်၍ အခန်းပေါင်း (၁၈၀) ပါဝင်သော လုပ်သားအိမ်ရာ (၃) လုံးကို TPD မှ ဆောက်လုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့၏ စာရင်းအရ အခန်းငှားရမ်းမှုနှုန်းထားသည် ရာခိုင်နှုန်း အားဖြင့် (၃၅%) ရှိပါသည်။

Myanmar Japan Thilawa Development Limited ("MJTD") was established to undertake the development, marketing, leasing and operation of Industrial Area in Thilawa SEZ. Myanmar Thilawa SEZ Holdings Public Limited is the largest shareholder of the MJTD and hold 41% of MJTD's paid up shares capital.

မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့်လီမိတက် (MJTD)ကို သီလဝါ အထူးစီးပွားရေးဇုန်ရှိ စက်မှုလုပ်ငန်းများ တည်ဆောက်အကောင်အထည် ဖော်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ ဈေးကွက်တင် ရောင်းချခြင်း၊ ရင်းနှီးမြှုပ်နှံသူများအား နှစ်ရှည်မြေငှားရမ်းခြင်း စသည်တို့ကို ပြုလုပ် ဆောင်ရွက်ရန်အတွက် တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ MJTD ၏ ရှယ်ယာပိုင်ဆိုင်မှုတွင် ကျွန်ုပ်တို့ကုမ္ပဏီMTSH သည် (၄၁) ရာခိုင်နှုန်းဖြင့် ရှယ်ယာ အများဆုံးပိုင်ဆိုင်သူဖြစ်ပါသည်။

Industrial Area

Industrial parks under MJTD represent our largest manufactured capital and Zone A has total salable area 300 hectares, of which 99% had leased out to 84 companies. Zone B phase 1 has salable area 83 hectares and 77% had leased out to 15 companies. Zone B phase 2 has salable area 60 hectares and 3% had leased out. Zone B phase 3 has 39 hectares of salable area and development works are in progress. Apart from land lease income, industrial parks generate recurring income from utility and maintenance service.

မြန်မာ-ဂျပန်သီလဝါ ဒီဗလော့မင့် လီမိတက် (MJTD) မှ အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်၏ စက်မှုလုပ်ငန်းဖော်ဆောင်ရေးကဏ္ဍသည် ကျွန်ုပ်တို့အတွက် အကြီးမားဆုံး သော ဝင်ငွေအရင်းအမြစ်ဖြစ်ပါသည်။ သီလဝါအထူးစီးပွားရေးဇုန် (ဇေ)တွင် ငှားရမ်းနိုင်သော မြေဧရိယာစုစုပေါင်း (၃၀၀) ဟက်တာတွင် (၉၉) ရာခိုင်နှုန်းမှာ ကုမ္ပဏီ (၈၄) ခုသို့ ငှားရမ်းခဲ့ပြီးဖြစ်ပါသည်။ ဇုန် (ဘီ)၊ အဆင့် (၁)တွင် ငှားရမ်းနိုင်သော မြေဧရိယာပေါင်း (၈၃) ဟက်တာရှိသည့် အနက်မှ (၇၇) ရာခိုင်နှုန်းကို ကုမ္ပဏီ (၁၅)ခုသို့ ငှားရမ်းခဲ့ပြီးဖြစ်ပါသည်။ ထို့အတူ ဇုန် (ဘီ)၊ အဆင့် (၂)တွင် ငှားရမ်းနိုင်သော မြေဧရိယာ (၆၀) ဟက်တာတွင် (၃) ရာခိုင်နှုန်းကို ငှားရမ်းထားပြီးဖြစ်ပါသည်။ ဆက်လက်၍ ဇုန် (ဘီ)၊ အဆင့် (၃)၏ ငှားရမ်းနိုင်သော (၃၉) ဟက်တာအတွက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီးဖြစ်ပါသည်။

As of 31 March 2019, Thilawa Special Economic Zone still have 1,778 hectares of land available for future development, and remaining land is about 3 times of our completed development over past 6 years.

Announcement of Toyota Motor Corporation in May 2019 to establish a factory assembling Toyota Hilux under Semi Knocked-Down (SKD) system in Thilawa SEZ raised the reputation of our industrial park to another level. We are optimistic that growing demands for land in our industrial park from supporting industries of Toyota Motor Corporation is imminent.

There are 105 tenants from 19 countries, total investment USD 1.6 billion in Zone A and Zone B of industrial area. Following charts show their country of origin, operational status and composition of industry as of 31 March 2019.

Operation status of tenants in Industrial Parks



Tenants country of origin



မြေငှားရမ်းမှုမှရရှိသည့် ဝင်ငွေများအပြင် စက်မှုဇုန်အတွင်း လျှပ်စစ်မီး၊ ရေပေးဝေမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုတို့အတွက် ဝန်ဆောင်ခသည်လည်း ပုံမှန်ရရှိနေသော ဝင်ငွေအရင်းအမြစ်တစ်ခုပင် ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ဆက်လက်အကောင်အထည်ဖော် တည်ဆောက်ရန် မြေဧရိယာစုစုပေါင်း (၁,၇၇၈) ဟက်တာ ကျန်ရှိနေပြီး အကျယ်အဝန်းအားဖြင့် (၆) နှစ်အတွင်း ဖော်ဆောင်ခဲ့သော မြေဧရိယာ၏ (၃)ဆခန့် ရှိပါသည်။

၂၀၁၉ ခုနှစ်၊ မေလအတွင်းတွင် Toyota Motor Corporation မှ Toyota Hilux ကို Semi Knocked-Down (SKD) စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်မည့် စက်ရုံတစ်ခုကို သီလဝါအထူးစီးပွားရေးဇုန်၌ တည်ထောင်သွားမည့် ထုတ်ပြန်ကြေညာချက်သည် ကျွန်ုပ်တို့သီလဝါအထူးစီးပွားရေးဇုန်၏ ဂုဏ်သတင်းကို ထပ်ဆင့်မြှင့်တင်ပေးလိုက်ခြင်းပင် ဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် Toyota Motor Corporation မှ လာရောက်ရင်းနှီးမြှုပ်နှံခြင်းကြောင့် ၎င်းနှင့်ဆက်စပ်သော စက်မှုလုပ်ငန်းများသည်လည်း မကြာမီအတွင်း လာရောက် ရင်းနှီးမြှုပ်နှံကြလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန် (အေ) နှင့် ဇုန် (ဘီ) တို့တွင် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည့် နိုင်ငံပေါင်း (၁၉) နိုင်ငံမှ ကုမ္ပဏီ (၁၀၅) ခုရှိပြီး၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁. ၆) ဘီလီယံ ရှိပါသည်။ အောက်ဖော်ပြပါပုံများသည် ရင်းနှီးမြှုပ်နှံသူများ၏ နိုင်ငံများ၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် ပါဝင်မှုရာခိုင်နှုန်းများကို ဖော်ပြထားခြင်းဖြစ်ပါသည်။

Classification of tenants by Global Industry Classification Standard



Thilawa SEZ	Hectare	Acre
Industrial Area Zone A	361	893
Industrial Area Zone B Phase 1	101	250
Industrial Area Zone B Phase 2	77	190
Industrial Area Zone B Phase 3	49	121
Residential & Commercial Area	34	84
Availble for future development	1,778	4,393
Total Development Area	**2,400**	**5,931**

Water purification plant and sewage treatment plant

MJTD owns water purification plant with the capacity of 6,000 m^3 per day and sewage treatment plant with the capacity of 4,800 m^3 per day. In addition, MJTD is under constructing a water receiving facility with the capacity of 3,000 m^3 per day to accommodate for increasing water demand. These are another source of our recurring income.

Factory and office space

We also have twelve factories, and office spaces available for rent under MJTD, where 100% occupancy rate for factories and 82% for office spaces. Another 3 factories are under construction. These will form part of our recurring income base.

ရေ နှင့် ရေဆိုးသန့်စင်စက်ရုံ

မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့်လီမိတက် (MJTD) မှ တစ်နေ့လျှင် ကုဗမီတာပေါင်း (၆,၀၀၀) ထုတ်လုပ်ပေးနိုင်သည့် ရေသန့်စင်စက်ရုံနှင့် တစ်နေ့လျှင် ကုဗမီတာပေါင်း (၄,၈၀၀) ထုတ်လုပ်ပေးနိုင်သည့် ရေဆိုးသန့်စင်စက်ရုံများကို တည်ဆောက်ထားသည့်အပြင် စက်မှုဇုန်အတွင်း ရေအသုံးပြုမှု ထပ်မံလိုအပ်ချက်များကြောင့် တစ်နေ့လျှင် ကုဗမီတာ (၃,၀၀၀) ထုတ်ပေးနိုင်သော ရေလှောင်ကန်ကို MJTD မှ ထပ်မံတည်ဆောက်နေပြီး ဖြစ်ပါသည်။ ဖော်ပြပါလုပ်ငန်းသည်လည်း ပုံမှန်ရရှိနေသော နောက်ထပ်ဝင်ငွေတစ်ခု ဖြစ်ပါသည်။

စက်ရုံနှင့် ရုံးခန်းနေရာများ

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အရံသင့်အသုံးပြုနိုင်ရန်ရည်ရွယ်၍ MJTD မှ စက်ရုံ (၁၂) ရုံနှင့် ရုံးခန်းများကို ငှားရမ်း လျက်ရှိရာ စက်ရုံများအားလုံးကို ငှားရမ်းနိုင်ခဲ့ပြီး၊ ရုံးခန်းငှားရမ်းမှုသည် ၈၂% ရှိပါသည်။ ထပ်မံ၍ စက်ရုံ (၃)ရုံကို တည်ဆောက်နေဆဲဖြစ်ပြီး ၎င်းသည် ကျွန်ုပ်တို့၏ ပုံမှန်ဝင်ငွေအရင်းအမြစ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။

Intellectual capital

Intellectual capital is an intangible asset that we use to create value for all stakeholder, develop new business, improve existing business or provides competitive advantage. Our intellectual capital comprises organizational knowledge, information system, procedures, corporate brand and reputation retained even when key employee left the entity.

Like all intangible assets, intellectual capital is subjective to measure and difficult to quantify. So, we choose to use narrative explanation of our effort to improve and preserve the intellectual capital at organizational level.

Since prior to commencement of Thilawa SEZ, we have conducted numerous assessments and planning of project area covering land use and reclamation, road and drainage system, water supply, power supply, telecommunication, greening, flood control, contamination control, population and socio-demographic study, and biodiversity. Knowledge and information generated from these studies and planning works are shared, disseminated and discussed among all level of management.

We are closely working with TSMC and JICA in our engagement with both communities affected by and surrounding Thilawa SEZ. Operation and management of industrial park at Thilawa SEZ is currently led by dispatched expert from our partner organization such as Sumitomo Corporation, Marubeni Corporation, Mitsubishi Corporation, Mizuho Bank as well as from MTSH.

We aim to transfer knowledge, skill and expertise of dispatched employee to local staff and retain within the organization. System, standardized procedure and work instruction are imperative to realizing our aim. We focus on enhancing our system and standard operating procedure to facilitate transfer, retain and improve the operational knowledge. We have launched automated billing system with online customer portal for our tenants to download invoice from us using their individual log in credential. This is an important achievement in the development of our intellectual capital during this year.

One of the intellectual assets we have cultivated is demographic information of our tenants.We believe our tacit knowledge of our tenants will give competitive edge in development of future industrial parks.

We also maintain the database of all enquires, complaints and request from tenants and potential tenants. In addition to taking quick action to resolve the issue, these data are analyzed and for improvement and prevention of recurrence. Our accumulated knowledge of needs and concerns of our tenants become part of valuable intellectual capital.

As a public company listed in Yangon Stock Exchange, we are always dedicated to good corporate governance, transparency and public disclosure. Our dedication was recognized by the Myanmar Centre for Responsible Business ("MCRB"), ranked as 7th in Pwint Thit Sa 2019 Transparency in Myanmar Enterprise (TiME) report. We believe this recognition is an important contribution to our brand and reputation.

ဉာဏအရင်းအမြစ်

ဉာဏအရင်းအမြစ်သည် အကျိုးစီးပွားသက်ဆိုင်သူများအတွက် တန်ဖိုးများ ဖန်တီးဖော်ဆောင်ပေးရန်၊ စီးပွားရေးလုပ်ငန်းအသစ်များ ဖော်ထုတ်ရန်နှင့် လက်ရှိစီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန် သို့မဟုတ် ထိရောက်သော အကျိုးကျေးဇူးများရှိစေရန် လုပ်ဆောင်ရာတွင် အသုံးပြုသည့် အရင်းအမြစ်တစ်ခုဖြစ်သည်။ အဖွဲ့အစည်းဆိုင်ရာ အသိပညာများ၊ သတင်းအချက်အလက်များ၊ နည်းစနစ်များ၊ လုပ်ငန်းစဉ်များ၊ ကော်ပိုရိတ်ဆိုင်ရာဝိသေသနှင့် ကောင်းမွန်သော ပုံရိပ်များသည် ဉာဏအရင်းအမြစ်များဖြစ်ပြီး ကုမ္ပဏီမှ အရေးပါသည့်ဝန်ထမ်းများ ထွက်ခွာသွားသည့်တိုင် အဆိုပါ ဉာဏအရင်းအမြစ်များအား ဆက်လက်ထိန်းသိမ်းထားရန် ဖြစ်ပါသည်။

ဉာဏအရင်းအမြစ်သည် ကိန်းဂဏန်းဖြင့် တိုင်းတာဖော်ပြရန် ခက်ခဲသောကြောင့် ကြိုးပမ်းမှုများကို ရှင်းလင်းတင်ပြခြင်းအားဖြင့်သာ ကျွန်ုပ်တို့အဖွဲ့အစည်းတွင် ဉာဏအရင်းအမြစ်များ ဖွံ့ဖြိုးတည်တံ့အောင် မည်သို့အားထုတ်ဆောင်ရွက်ထားသည်ကို အစီရင်ခံလိုပါသည်။

သီလဝါအထူးစီးပွားရေးဇုန် မစတင်မီအချိန်ကတည်းကပင် စီမံကိန်းဧရိယာအတွင်း မြေယာပြုပြင်ရေးနှင့် ပြန်လည်အသုံးချရေး၊ ရေပေးဝေရေး၊ လျှပ်စစ်ဓါတ်အား ထောက်ပံ့ပေးဝေရေး၊ ဆက်သွယ်ရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ ရေလွှမ်းမိုးမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေး၊ လူဦးရေအချိုးအစားနှင့် ဇီဝမျိုးကွဲများလေ့လာခြင်း စသည့်စစ်တမ်းတို့ကို အကြိမ်များစွာ ကောက်ယူခဲ့ပြီး စီမံကိန်းကို ရေးဆွဲခဲ့ကြပါသည်။ အဆိုပါ စီမံကိန်းရေးဆွဲခြင်း လေ့လာမှုများမှရရှိသော အသိပညာနှင့် အချက်အလက်များကို စီမံအုပ်ချုပ်မှုတွင် တာဝန်ရှိသူများအကြား မျှဝေတင်ပြ၍ ဆွေးနွေးတိုင်ပင်မှုများကို လုပ်ဆောင်ခဲ့ကြပါသည်။

သီလဝါအထူးစီးပွားရေးဇုန် အနီးပတ်ဝန်းကျင်သာမက စီမံကိန်းကြောင့် အကျိုးသက်ရောက်မှုရှိသော ပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် ကျွန်ုပ်တို့သည် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့နှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ပါသည်။ သီလဝါအထူး စီးပွားရေးဇုန်အတွင်း လုပ်ငန်းလည်ပတ်မှုနှင့် စီမံခန့်ခွဲမှုများကို မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဆူမီတိုမိုကော်ပိုရေးရှင်း၊ မာရူဘီနီ ကော်ပိုရေးရှင်း၊ မစ်ဆူဘီရှီကော်ပိုရေးရှင်း၊ မစ်ဇူဟိုဘဏ်နှင့် ကျွန်ုပ်တို့ MTSH မှ စေလွှတ်ထားသော ကျွမ်းကျင်ပညာရှင်များမှ ဦးစီးဆောင်ရွက်လျက်ရှိပါသည်။

ကျွမ်းကျင်ပညာရှင်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို မိမိတို့ဝန်ထမ်းများ သင်ယူခွင့်ရရှိစေရန်နှင့် အဖွဲ့အစည်းတွင် ပြန်လည်အသုံးချနိုင်ရန်လည်း ရည်ရွယ်ထားပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်နိုင်ရန်အတွက် နည်းပညာများ၊ စံနှုန်းများနှင့် လုပ်ငန်းညွှန်ကြားချက်များသည် အလွန်ပင်အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် လုပ်ငန်းလည်ပတ်ရန် လိုအပ်သည့် အသိပညာများကို တိုးတက်စေရန်၊ ထိန်းသိမ်းထားရန်နှင့် လက်ဆင့်ကမ်းနိုင်ရန်အတွက် ကျွန်ုပ်တို့၏ စီမံအုပ်ချုပ်မှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများကို ပိုမိုကောင်းမွန်အောင် အာရုံစိုက်လုပ်ဆောင်လျက် ရှိပါသည်။ သုံးစွဲသူများ ကိုယ်တိုင် ၎င်းတို့၏ ကိုယ်ပိုင်အကောင့်ကိုသုံးကာ အွန်လိုင်းမှတစ်ဆင့် ငွေတောင်းခံလွှာကို ရယူနိုင်မည့် အလိုအလျောက် နည်းပညာကို မိတ်ဆက်အသုံးချနိုင်ခဲ့ခြင်းသည်လည်း ယခုနှစ်၏ ဉာဏအရင်းအမြစ်တိုးတက်မှုဖြစ်စဉ်တွင် အရေးပါသောမှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါသည်။

ကျွန်ုပ်တို့ ဖန်တီးပျိုးထောင်ထားသော ဉာဏပိုင်ဆိုင်မှုတစ်ခုမှာ မြေယာသုံးစွဲသူများ၏ လူဦးရေဆိုင်ရာအချက်အလက်များဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ထိုးထွင်းသိမြင်နိုင်စွမ်းသည် အနာဂါတ်စီးပွားရေးဇုန်ဖော်ဆောင်ရေးတွင် အသာစီးရစေလိမ့်မည်ဟု ယုံကြည်ပါသည်။

မြေယာသုံးစွဲသူများ၊ ကျွန်ုပ်တို့ထံမှ မြေယာသုံးစွဲရန် အလားအလာရှိသူများ၏ မေးမြန်းမှုများ၊ တောင်းဆိုချက်များနှင့် တိုင်ကြားမှုများကိုလည်း စာရင်းပြုစု ထိန်းသိမ်းထားပါသည်။ ပြဿနာများကိုဖြေရှင်းရန် အလျှင်အမြန် အရေးယူဆောင်ရွက်ခြင်းအပြင် ၎င်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ တိုးတက်အောင်ဆောင်ရွက်ရန်နှင့် ထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ရန်လည်း လုပ်ဆောင်ထားပါသည်။ မြေယာသုံးစွဲသူများ၏ လိုအပ်ချက်များနှင့် စပ်လျဉ်းသည့် စုဆောင်းထားပြီး အသိပညာများသည် ကျွန်ုပ်တို့၏ ဉာဏရင်းမြစ်တွင် တန်ဖိုးရှိသော အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ဖြစ်သည့် ကျွန်ုပ်တို့သည် ပွင့်လင်းမြင်သာမှု၊ အများပြည်သူကိုအသိပေးမှုနှင့် ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှုတို့ရှိစေရန် အစဉ်ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဦးတည်ဆောင်ရွက်မှုများကြောင့်ပင် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာနမှ ထုတ်ပြန်သော ပွင့်သစ်စ ၂၀၁၉ခုနှစ် မြန်မာရှိစီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု အစီရင်ခံစာတွင် ကျွန်ုပ်တို့သည် အဆင့် ၇ နေရာ၌ အသိအမှတ်ပြု ဖော်ပြခံခဲ့ရပါသည်။ ယင်းကဲ့သို့သော အသိအမှတ်ပြုမှုများသည်လည်း ကျွန်ုပ်တို့၏ ဝိသေသနှင့် ဂုဏ်သတင်းအတွက် အရေးပါသောအထောက်အပံ့များ ဖြစ်ပါသည်။

Human capital

Employee play important role in our value creation process, we entrusted the resources in them to increase, preserve and transform our financial, manufactured, intellectual, social and relationship, and natural capital. We are always committed to attract, upgrade and retain skilled, trained, talented pool of employee. We have provided various type of support for learning such as class room lectures, seminars, knowledge sharing session, on the job training, off the job training and study time-off. The training receives by our employee will not only intend to contribute our business but to enrich their personal and professional development and to create future business leader for society.

Our group manpower strength at the end of FY2018-19 is 203 (FY2017-2018: 175) and it is 16% increase from previous financial year. 33% (FY2017-2018: 37%) of our workforce is female employee and 97% (FY2017-2018: 97%) of the total workforce is local employee.

Our staff turnover is 26% and this is 3% increase from previous year. We have formulated numerous policies with specialist HR consultants, and introduced measure such as competitive compensation strategy, training program, motivation program and engagement program to retain talented employee.

We have achieved over 1,400 man-hours of training and 0 workplace accidents and injury for this financial year.

လူ့စွမ်းအား အရင်းအမြစ်

ဝန်ထမ်းများသည် ကျွန်ုပ်တို့ကုမ္ပဏီ၏တန်ဖိုး ဖန်တီးသည့်လုပ်ငန်းများဖြစ်သော ဘဏ္ဍာရေး၊ ကုန်ထုတ်လုပ်မှု၊ ဉာဏတန်ဖိုး၊ လူမှုဘဝနှင့် သဘာဝဆိုင်ရာ အရင်းအမြစ်များ ဖော်ဆောင်တည်တံ့ပြန့်ပွားရေးတွင် အခရာကျသော အခန်းကဏ္ဍမှ ပါဝင်နေသည့်အလျောက် အရည်အသွေးပြည့်ဝကျွမ်းကျင်သော ဝန်ထမ်းများရရှိနိုင်ရန် ကျွန်ုပ်တို့ အစဉ်သန္နိဋ္ဌာန်ချထားပါသည်။ သို့ဖြစ်ပါ၍ ဝန်ထမ်းများ၏သင်ယူမှုအတွက် ရုံးတွင်းစာသင်ခန်းများ၊ ပညာပြန့်ပွားရေးအစီအစဉ်များ၊ လုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်ပြင်ပသင်တန်းများ၊ သင်ယူမှုအတွက် ရုံးချိန်ကင်းလွတ်ခွင့်များအား ကုမ္ပဏီဘက်မှ ပံ့ပိုးပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ကျွန်ုပ်တို့ကုမ္ပဏီအတွက် ပြန်လည်အကျိုးပြုနိုင်စေရန်သာမက ၎င်းတို့၏ အသက်မွေးမှုတွင် အထောက်အကူပြုစေရန်နှင့် လူ့အဖွဲ့အစည်းတွင် ဦးဆောင်သူများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ပံ့ပိုးပေးခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီအုပ်စုတွင် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ အတွင်း ဝန်ထမ်းဦးရေ ၂၀၃ ဦး ရှိခဲ့ပြီး အဆိုပါအရေအတွက်သည် ယခင်နှစ်ကထက် ၁၆ ရာခိုင်နှုန်း တိုးမြှင့်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ လုပ်သားအင်အားစုများ အနက် ၃၃ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြပြီး ယခင်နှစ်က ၃၇ ရာခိုင်နှုန်းရှိသဖြင့် ၄ရာခိုင်နှုန်းလျော့ကျခဲ့ပါသည်။ (၉၇)ရာခိုင်နှုန်းမှာ ယခင်နှစ်နည်းတူ မြန်မာနိုင်ငံသားဝန်ထမ်းများ ဖြစ်ကြပါသည်။

ယခုနှစ်တွင် ဝန်ထမ်းနှုတ်ထွက်နှုန်းမှာ ၂၆ ရာခိုင်နှုန်းရှိခဲ့ပြီး ယခင်နှစ်ထက် ၃ ရာခိုင်နှုန်းပိုများလာခဲ့သည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့် အရည်အချင်းရှိသော ဝန်ထမ်းများအား ထိန်းသိမ်းထားနိုင်ရန် လူသားအရင်းအမြစ်စီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင်များဖြင့် ဆွေးနွေး တိုင်ပင်မှုများ ပြုလုပ်ခဲ့ပြီး ယှဉ်ပြိုင်လုပ်အားခပေးရေး ဗျူဟာများ၊ လေ့ကျင့်သင်ကြားရေး အစီအစဉ်များ၊ စိတ်အားတက်ကြွရေးနှင့် လုပ်ငန်းခွင်တွင် မွေ့လျော်ရေး အစီအစဉ်များ ရေးဆွဲဖော်ဆောင်ခဲ့ပါသည်။

ယခုဘဏ္ဍာနှစ်တွင် ကျွန်ုပ်တို့ကုမ္ပဏီဘက်မှ သင်ယူမှုအချိန်အားဖြင့် နာရီ (၁,၄၀၀)ကျော်ကို ဝန်ထမ်းများအတွက် ဖြည့်ဆည်းပေးခဲ့ပြီး လုပ်ငန်းခွင်အတွင်း မတော်တဆမှု လုံးဝမရှိစေရန်လည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

Social and relationship capital

We believe that trust in our organization by stakeholders is social license to operate our business. Our social and relationship capital is the trust and long-term relationship with all the stakeholders we have nurture over the years. We will continue to focus on building up the trust and relationship with all stakeholders. In addition to distributing the value created which we have discussed earlier, we also engaged following activities with stakeholders to enhance the trust and relationship. We are glad to report growing numbers of engagement program and activities in this year, and how these activities contributed toward the achievement of UNDP Sustainable Development Goals.

လူမှုဆက်သွယ်ရေးအရင်းအမြစ်

ကျွန်ုပ်တို့အနေဖြင့် ရှယ်ယာရှင်များ၏ ကျွန်ုပ်တို့အဖွဲ့အစည်းအပေါ် ထားရှိသောယုံကြည်မှုသည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်လည်ပတ်နိုင်ရန် လူမှုခွင့်ပြုချက်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ လူမှုဆက်သွယ်ရေးအရင်းအမြစ်သည် နှစ်ပေါင်းများစွာပျိုးထောင်လာသောကျွန်ုပ်တို့နှင့် ရှယ်ယာရှင်များအကြားရေရှည်ဆက်ဆံရေးနှင့် ရှယ်ယာရှင်များ၏ ယုံကြည်မှုပင် ဖြစ်ပါသည်။ အဆိုပါ ဆက်ဆံရေးနှင့်ယုံကြည်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်ရန်လည်း ဆက်လက်အလေးထား ကြိုးပမ်းသွားမည်ဖြစ်ပါသည်။ ရှေ့တွင်တင်ပြခဲ့သည့်အတိုင်း ရှယ်ယာရှင်များအတွက် ကျွန်ုပ်တို့ဖန်တီးထားသောတန်ဖိုးကို ဖြန့်ဝေသွားမည့်အပြင် ရှယ်ယာရှင်များနှင့် ပိုမိုကောင်းမွန်သော ဆက်ဆံရေးဖြစ်ထွန်းစေရန်နှင့် ယုံကြည်မှုပိုမိုတိုးပွားစေရန် အောက်ပါလုပ်ငန်းများကို လည်းဖော်ဆောင်လုပ်ကိုင်ခဲ့ပါသည်။ ဤကဲ့သို့ ယခုနှစ်၏ တိုးတက်လာသောအစီအစဉ်လုပ်ဆောင်ချက်များနှင့် ထိုအစီအစဉ်လုပ်ဆောင်ချက်များသည် UNDP ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒပန်းတိုင်များကို ထောက်ပံ့လျက်ရှိသည်ကို အစီရင်ခံတင်ပြနိုင်သည့် အတွက်လည်းများစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

Thilawa Resettlement/ Income Restoration Program

Stakeholder	Engegement activities	SDGs
Shareholders	• Maintain good relationship with nine founding shareholders	17
	• Meeting and providing information to equity analysts from Securities Companies for equity research report enable	16
	• Convened fifth AGM in September 2018	16
	• Directors attendance of The Audit Committee Master Program conducted by Myanmar Institute of Directors (MIoD)	16
	• Director attendance of Director Certification Program conducted by Myanmar Institute of Directors (MIoD)	16
	• Appointment of independent invigilator for AGM voting process	16
	• Engage through timely disclosure in YSX, Corporate websites and Facebook page to Ensure all shareholders have equal access to information	16
	• Ranked 7th in PwintThit Sa 2019 Transparency in Myanmar Enterprises Report	16
	• Best Return on Equity Award by Yangon Stock Exchange on YSX Listed Companies Award 2019	1
	• Highest float stock in YSX with highest % of shares available for trading	16
	• Publication of FY2018-19 Annual Report	
Business partners	• Maintain good relationship with Mitsubishi Corporation, Marubeni, Sumitomo, JICA and TSMC	17
	• Welcoming 2019 dinner with our business partners	
Supplier and contractor	• Conduct our purchasing activities in a fair, honest and legal manner with openness and integrity	1 8 10 16
	• Award contracts on the basis of value for money, not simply lowest price	1 8 10 16
	• Prompt payment and making complaints courteously	1 8 10 16
	• Ensure that all tenderers have equal access to information	1 8 10 16
	• Work with local business and voluntary sector support organizations to promote the opportunities to work with us	1 8 10 16
Tenants	• Convene regular meeting with tenants	16
	• Quickly resolve all enquiries, complaints and concerns raised by tenants within 14 days	16
	• Analyze and review tenants calls for prevention and improvement	16
	• Invited industrial waste treatment operator to Thilawa SEZ	9 13 15
	• Retention canals and ponds for flood control in Thilawa SEZ	9 13
	• Water purification plant in Thilawa SEZ	6 9
	• Review, enforce and discipline environment report of tenants	13
	• Operating industrial park with tenants from diverse range of countries and industries	9
	• Online weather monitoring system	9 13
	• Online, automated invoicing system	9
Community	• Regularly conduct Thilawa Community Coordination Meeting	16
	• Public consultation of project before commencement	16
	• Thilawa Complaint Management procedure to receive, investigate and facilitate resolution of grievance caused by Thilawa SEZ activities	16
	• Supporting land compensation, resettlement, Income Restoration Program, Vulnerable Support Program, Vocational Training Program	1 2 4 10

Stakeholder	Engegement activities	SDGs
	• Electricity support to monastery in the vicinity of Thilawa SEZ	1 7 10
	• Contribute and lead the community relation program with our tenants, the program covers	
	o Education support (Free English class, Stationery Donation "4th Back to school program" for 2,700 students, Furniture & computers donation to schools, Scholarship for Primary, Secondary and University Students)	1 2 4 10
	o Infrastructure support (Library, School building and Road construction, Drainage repair in villages)	4 9 11
	o Social welfare, Health and Environmental Support (Nutrition program, Kahtina robe offering, Myanmar New Year Festival, Health awareness program, Hygiene and sanitation program, Free health check program, Drug abuse awareness program, Clinical equipment donation, Trash collection activity, Schools sport program)	2 3 4 10 16
Government	• Contribute to government with timely and correct payment of income tax, commercial tax, tax withhold from supplier and employee	10 16
	• Participate in various programs organized by governmental agencies such as TSMC, SECM and DICA	17
	• Paid Kyat 755 million net commercial tax to Internal Revenue Department in FY2018-19	10 16
	• Received visit of government delegation from General Administration Department to Thilawa SEZ in Sep 2018	17
	• Received visit of Union Minister U Thaung Tun for Ministry of Investment and Foreign Economic Relations in Feb 2019	17
Employee	• Fair compensation, training support, safe working environment, subsidy of medical cost	1 2 3 4 8 10
	• Equal employment opportunity and gender equality in hiring, training and promotion	5 10
	• Vaccination program	3
	• Team building trips and staff appreciation dinner	3
General public	• Continue support of anti-corruption through UN Global Compact	16
	• Participate in various seminars, workshop and events organized by YSX and Securities Companies	4 17
	• Support data to researchers working for master degree thesis	4
	• Internship program for students from Technical University	4
	• Plantation of trees, shrubs and bushes, and creating green space	11 15
	• Blood donation activity	3
	• Responsible use of water only from reservoir, not from aquifer	11 12
	• Treatment of used water before discharge into creek	6
	• Regularly monitoring environment in Thilawa SEZ covering, water and waste water quality, air quality, noise vibration, soil contamination, waste disposal, and ground water quality	13
	• Contributing to Myanmar Economy and country GDP through attracting FDI and Job creation in Thilawa region (105 tenants from 19 countries, investment totaling USD 1.6 billion and over 9,000 jobs created)	8

စီးပွားပတ်သက်သူများ	ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်တာများ	SDGs
ရှယ်ယာရှင်များ	• ကနဦးတည်ထောင်သောလုပ်ငန်းစု(၉) ခုနှင့် ကောင်းမွန်သောဆက်ဆံရေးအား ထိန်းသိမ်းခြင်း	17
	• Securities ကုမ္ပဏီမှ ရှယ်ယာဆန်းစစ်သူများအားရှယ်ယာသုတေသနအစီရင်ခံစာအတွက် သတင်း အချက်အလက်များပံ့ပိုးခြင်း	16
	• ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ပဋ္ဌမအကြိမ် အထွေထွေအစည်းအဝေးကျင်းပခြင်း	16
	• Myanmar Institute of Directors မှ ကျင်းပသည့် စာရင်းစစ်ကော်မတီ အထူးသင်တန်းသို့ ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ခြင်း	16
	• Myanmar Institute of Directors မှ ကျင်းပသည့် ဒါရိုက်တာအဖြစ် အသိအမှတ်ပြုလက်မှတ် သင်တန်းသို့ ဒါရိုက်တာအဖွဲ့ဝင်မှ တက်ရောက်ခြင်း	16
	• အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာများ မဲပေးရွေးချယ်ခြင်းအတွက် လွတ်လပ်သော စိစစ် ရွေးချယ်ရေးအဖွဲ့ ခန့်အပ်ခြင်း	16
	• ကုမ္ပဏီ၏ သတင်းအချက်အလက်များကို ရှယ်ယာရှင်များအားလုံး မျှတစွာလက်လှမ်းမီစေရန် ကုမ္ပဏီ၏ website၊ facebookစာမျက်နှာနှင့် YSX website တွင် အချိန်မှန်သတင်းထုတ်ပြန်ခြင်း၊	16
	• ၂၀၁၉ ပွင့်သစ်စအစီရင်ခံစာတွင် ပွင့်လင်းမြင်သာစွာသတင်းထုတ်ပြန်ခြင်းအတွက် အဆင့် ၇ သတ်မှတ်ခံရခြင်း	16
	• ၂၀၁၉ခုနှစ်အတွက် ရန်ကုန်စတော့အိတ်ချိန်းမှ ပေးအပ်သော အမြတ်ပြန်ပေးနှုန်း အများဆုံးဆုကို ရရှိခဲ့ခြင်း	1
	• ရန်ကုန်စတော့အိတ်ချိန်းတွင် လွတ်လပ်စွာ ရောင်းဝယ်နိုင်သော ရှယ်ယာပမာဏအများဆုံးရှိခြင်း နှင့် ရောင်းဝယ်သောရာခိုင်နှုန်းအများဆုံးဖြစ်ခြင်း	16
	• ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အစီရင်ခံစာထုတ်ပြန်ခြင်း	
စီးပွားဖက်များ	• Mitsubishi Corporation, Marubeni, Sumitomo, JICA နှင့် TSMC စသည့် စီးပွားဖက်များနှင့် ကောင်းမွန်သောဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ခြင်း • စီးပွားမိတ်ဖက်များနှင့် ၂၀၁၉ နှစ်သစ်ကြိုညစာစားပွဲ ပြုလုပ်ခဲ့ခြင်း	17
ပစ္စည်းသွင်းသူများနှင့် ကန်ထရိုက်တာများ	• ဥပဒေနှင့်အညီတရားမျှတမှုရှိအောင် ရှင်းလင်းလွယ်ကူသောနည်းလမ်းဖြင့် ဝယ်ယူဆောင်ရွက်မှု များပြုလုပ်ခြင်း	1 8 10 16
	• အပ်နှံသောလုပ်ငန်းများအား ဈေးနှုန်းအနည်းဆုံး ကုန်ကျစေခြင်းမဟုတ်ဘဲ ကုန်ကျသောငွေကြေး အပေါ်တွင် အကောင်းဆုံးတန်ဖိုးရရှိခြင်းအပေါ် မူတည်ဆုံးဖြတ်ခြင်း	1 8 10 16
	• မြန်ဆန်သောငွေပေးချေမှုများ ပြုလုပ်ခြင်းနှင့် တိုင်တန်းမှုများအားယဉ်ကျေးစွာရှင်းလင်းမှုပြုခြင်း	1 8 10 16
	• တင်ဒါနှင့်ပက်သက်သည့် သတင်းအချက်အလက်များ မျှတစွာရရှိစေခြင်း	1 8 10 16
	• ပြည်တွင်းလုပ်ငန်းများနှင့် စေတနာ့ဝန်ထမ်းအထောက်အကူပြုအဖွဲ့များကို ကျွန်ုပ်တို့နှင့် လက်တွဲ လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများပေးခြင်း	1 8 10 16



စီးပွားပတ်သက်သူများ	ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်တာများ	SDGs
ငှားရမ်းလုပ်ကိုင်သူများ	• မြေ၊ အလုပ်ရုံ၊ အဆောက်အဦးငှားရမ်းသူများနှင့် ပုံမှန်အစည်းအဝေးများ ပြုလုပ်ခြင်း	16
	• ငှားရမ်းသူများ၏ စုံစမ်းမှုများ၊ အဆင်မပြေမှုများ၊ စိုးရိမ်ပူပန်မှုများကို ၁၄ ရက်အတွင်း လျင်မြန်စွာ ဖြေရှင်းပေးခြင်း	16
	• ဖုန်၏တိုးတက်မှုနှင့် ဖြစ်ပေါ်နိုင်သောအန္တရာယ်များမှ တားမြစ်နိုင်မှုအတွက် ငှားရမ်းသူများ၏ ဖုန်းခေါ်ဆိုမှုများကို စနစ်တကျ မှတ်တမ်းထားရှိပြီး ဆန်းစစ်ခြင်း	16
	• သီလဝါအထူးစီးပွားရေးဇုန်အတွက် စက်မှုစွန့်ပစ်ပစ္စည်းစီမံရေးအဖွဲ့ ဖိတ်ခေါ်ခဲ့ခြင်း	9 13 15
	• ရေကြီးမှုကိုကာကွယ်ရန် တူးမြောင်းနှင့် ကန်များအား စနစ်တကျထိန်းသိမ်းထားခြင်း	9 13
	• သီလဝါအထူးစီးပွားရေးဇုန်တွင် ရေသန့်စင်စက်ရုံတည်ဆောက်ခဲ့ခြင်း	6 9
	• ငှားရမ်းလုပ်ကိုင်သူများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာများကိုသုံးသပ်ကာ လိုအပ်သလို အရေးယူခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း	13
	• နိုင်ငံအသီးသီးလုပ်ငန်းအမျိုးအစားစုံမှ ငှားရမ်းလုပ်ကိုင်သူများဖြင့် စက်မှုဇုန်အတွင်း လုပ်ငန်းများ လုပ်ဆောင်လည်ပတ်စေခြင်း	9
	• အွန်လိုင်းအခြေပြု ရာသီဥတုသတင်းအချက်အလက်များသိရှိနိုင်သည့်စနစ် အသုံးပြုခြင်း	9 13
	• အွန်လိုင်းအခြေပြု အလိုအလျောက်ငွေတောင်းခံလွှာ ရယူနိုင်သည့်စနစ် အသုံးပြုခြင်း	9
ဒေသခံအသိုင်းအဝန်း	• ဒေသခံလူထုနှင့် ညှိနှိုင်းရေးအစည်းအဝေးများပုံမှန်ပြုလုပ်တွေ့ဆုံခြင်း	16
	• လုပ်ငန်းများမစတင်မီလူထုနှင့် တွေ့ဆုံဆွေးနွေးခြင်း	16
	• "သီလဝါနစ်နာမှုကိုင်တွယ်ဖြေရှင်းရေးလုပ်ငန်းစဉ်" နှင့်အညီ ပြည်သူလူထု၏ နစ်နာမှုများကို လက်ခံစုံစမ်းဖြေရှင်းပေးခြင်း	16
	• မြေယာဆုံးရှုံးမှုလျော်ကြေးငွေပေးခြင်းနှင့် ထောက်ပံ့ရေးအစီအစဉ်၊ ပြန်လည်နေရာချထားရေး လုပ်ငန်းများ၊ ဒေသခံလူထု၏ဝင်ငွေ မူလအခြေနေသို့ ပြန်လည်ရောက်ရှိစေမည့် အစီအစဉ်၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ ကူညီစောင့်ရှောက်ရေးအစီအစဉ်၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များလေ့ကျင့်သင်ကြားပေးခြင်းအစီအစဉ်များဆောင်ရွက်ခြင်း	1 2 4 10
	• သီလဂါအနီးဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းအား လျှပ်စစ်မီးရရှိစေရန်သွယ်တန်းပေးခြင်း	1 7 10
	• သီလဝါရှိ ငှားရမ်းလုပ်ကိုင်သော လုပ်ငန်းရှင်များနှင့်အတူ အောက်ပါလုပ်ငန်းများကို ဦးဆောင် ပါဝင်ခြင်း	
	○ ပညာရေးအထောက်အပံ့များ (အခမဲ့အင်္ဂလိပ်စာသင်တန်း၊ စတုတ္ထအကြိမ်မြောက် "ကျောင်းဖွင့်ချိန် " အစီအစဉ်အရကျောင်းသားဦးရေ ၂၇၀၀ အတွက် စာရေးကိရိယာများလှူဒါန်းခြင်း၊ စာသင်ကျောင်းများသို့ ကွန်ပြူတာနှင့် ပရိဘောဂများလှူဒါန်းခြင်း၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကျောင်းသားကျောင်းသူများကိုပညာသင်ဆုများပေးအပ်ခြင်း)	1 2 4 10
	○ အခြေခံအဆောက်အအုံအထောက်အပံ့များ (စာကြည့်တိုက်၊ ကျောင်း၊ လမ်း၊ ကျေးရွာများ အတွင်းရေမြောင်းများ တူးဖော်ပြုပြင်ခြင်း)	4 9 11
	○ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လူမှုရေးအထောက်အပံ့များ (အာဟာရတိုက်ကျွေးရေး အစီအစဉ်၊ ကထိန်သင်္ကန်းဆက်ကပ်ပွဲ၊ မြန်မာ့ရိုးရာနစ်ကူးပွဲ၊ ကျန်းမာရေးအသိပညာပေး အစီအစဉ်၊ တစ်ကိုယ် ရေသန့်ရှင်းရေးအစီအစဉ်၊ အခမဲ့ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ မူးယစ်ဆေးဝါးအလွဲသုံးစားမှု ပညာပေးအစီအစဉ်၊ ဆေးရုံ/ဆေးခန်းသုံးကိရိယာများလှူဒါန်းခြင်း၊ စုပေါင်း အမှိုက်ကောက်ပွဲ၊ ကျောင်း တွင်းအားကစားပွဲများ)	2 3 4 10 16

နိုင်ငံတော်အစိုးရ	• ကုမ္ပဏီ၏အမြတ်ခွန်၊ ဝန်ထမ်းများ၏ တစ်ဦးချင်းဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ပစ္စည်းပေးသွင်းသူများ၏ ကျသင့်သည့်ငွေရင်းမှ နုတ်ယူပေးသွင်းငွေ စသောထမ်းဆောင်ရန်ရှိသည့် အခွန်အခများကိုတိကျမှန်ကန်စွာထမ်းဆောင်ခြင်း	10 16
	• TSMC၊ SECM နှင့် DICA ကဲ့သို့သောအစိုးရအဖွဲ့အစည်းများမှ ကြီးမှူးကျင်းပသော အစီအစဉ်များတွင် ပူးပေါင်းပါဝင်ခြင်း	17
	• ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနသို့ စုစုပေါင်းကုန်သွယ်ခွန် ကျပ်သန်းပေါင်း ၇၅၅ သန်းပေးသွင်းခဲ့ခြင်း	10 16
	• ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ သီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက်လေ့လာခဲ့ခြင်း	17
	• ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းသီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက်လေ့လာခဲ့ခြင်း	17
ဝန်ထမ်းများ	• ကောင်းမွန်မျှတသောလစာပေးချေခြင်း၊ ကျွမ်းကျင်မှုသင်တန်းများ ထောက်ပံ့ပေးခြင်း၊ လုံခြုံမှုရှိသောလုပ်ငန်းခွင်ဖြစ်စေခြင်း၊ နာမကျန်းမှုအတွက် ထောက်ပံ့ငွေပေးခြင်း	1 2 3 4 8 10
	• ဝန်ထမ်းငှားရမ်းခြင်း၊ သင်တန်းပေးခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းများတွင် ကျားမခွဲခြားမှုမရှိဘဲ တန်းတူ အခွင့်အရေးရစေခြင်း	5 10
	• ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်များ	3
	• အသင်းအဖွဲ့လိုက်ဆောင်ရွက်တတ်စေရန် ခရီးစီစဉ်ပေးခြင်းနှင့် ဝန်ထမ်းများ၏ ဆောင်ရွက်ချက်များကိုအသိအမှတ်ပြုသောအားဖြင့် ညစာစားပွဲပြုလုပ်ပေးခြင်း	3
အများပြည်သူအကျိုးပြုလုပ်ငန်းများ	• UN Global Compact မှတစ်ဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအားစဉ်ဆက်မပြတ် အားပေးထောက်ပံ့မှုပေးခြင်း	16
	• ရန်ကုန်စတော့အိတ်ချိန်းနှင့် securities ကုမ္ပဏီများမှ ကြီးမှူးကျင်းပသောဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အခမ်းအနားများတွင် ပူးပေါင်းပါဝင်ခြင်း	4 17
	• ဘွဲ့လွန်စာတမ်းများအတွက် လိုအပ်သောအချက်အလက်များပံ့ပိုးပေးခြင်း	4
	• နည်းပညာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများအတွက် အလုပ်သင်အစီအစဉ်များ ပြုလုပ်ပေးခြင်း	4
	• အစိမ်းရောင်နယ်မြေဖန်တီးနိုင်ရေးအတွက် အပင်အမျိုးမျိုးစိုက်ပျိုးခြင်း	11 15
	• သွေးလှူခြင်းအစီအစဉ်	3
	• မြေပေါ်ရေကိုသာစနစ်တကျသုံးစွဲခြင်း၊ အဝီစိရေအသုံးမပြုခြင်း	11 12
	• သုံးစွဲပြီးရေဟောင်းများကို မြစ်ချောင်းများအတွင်းမစွန့်ပစ်မီ ပြန်လည်သန့်စင်ခြင်း	6
	• သီလဝါအထူးစီးပွားရေးဇုန်အတွင်းရေနှင့်ရေဆိုးအရည်အသွေး၊ လေထုအရည်အသွေး၊ ဆူညံနှုန်း၊ မြေဆီလွှာပျက်စီးမှု၊ စွန့်ပစ်ပစ္စည်းစွန့်ထုတ်မှု၊ မြေအောက်ရေအရည်အသွေးတို့ကိုတိုင်းတာရန် ပုံမှန်စစ်ဆေးခြင်း	13
	• သီလဝါစီးပွားရေးဇုန်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် မြန်မာ့စီးပွားရေးနှင့် နိုင်ငံ၏ ဂျီဒီပီတိုးတက်စေရန် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်ဆည်းခြင်း(နိုင်ငံပေါင်း ၁၉ နိုင်ငံမှ ငှားရမ်းလုပ်ကိုင်သူ ၁၀၅ ဦး၊ ရင်းနှီးမြှုပ်နှံမှု US Dollar ၁.၆ ဘီလီယံနှင့် အလုပ်အကိုင်ဖန်တီးနိုင်မှု (၉၀၀၀) ခု)	8

Natural capital

Environment is the most valuable natural capital not only for our business, but also for society as a whole. In the era of epidemic natural disaster, global warming and climate change, we are obliged to minimize environmental impact of our activities as a responsible member of society.

As an investor of property developer, owner and manager, major source of environmental impact come from electricity consumption, water consumption and waste generated from our activities.

Power intensity ratio for FY2018-19 is 4.82 (FY2017-18: 2.06) and this is 134% increase from previous year. The increase was due to increasing number of our tenants starting their commercial operation within industrial parks rather than inefficiency of our operation. We expect the power intensity ratio will continue to rise in the future as more tenants commencing commercial operation. Our source of water for consumption come from reservoir, and there is no withdrawal from underground aquifer. We have treated 59% of water consumed by the group and tenants before discharge into the creeks. Golden DOWA Eco-System Myanmar Co., Ltd operate industrial waste treatment facilities in our industrial parks and manage the waste generated by our tenants. For FY2018-19, waste intensity ratio is 4.90 (FY2017-18: 1.44), the increase was due to inclusion of fecal waste into total waste in this year. We will monitor and endeavor to benchmark these intensity ratios to maintain them at optimum point to minimize carbon foot print of our operation.

At the operational level, environment impact of our activities is continually monitor and publish to general public through our business unit website. Environmental impact assessment and periodic environment monitoring report for

သဘာဝအရင်းအမြစ်

သဘာဝပတ်ဝန်းကျင်သည် ကျွန်ုပ်တို့၏ အကျိုးစီးပွားအတွက်သာမကပဲ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အရေးပါတန်ဖိုးရှိလှသည့် သဘာဝအရင်းအနှီးဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လူ့အဖွဲ့အစည်း၏ တာဝန်ရှိအဖွဲ့ဝင်တစ်ဦးအနေဖြင့် ကျွန်ုပ်တို့၏ ဆောင်ရွက်ချက်များကြောင့် ကပ်ရောဂါများ၊ သဘာဝဘေးအန္တရာယ်များ၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုဖောက်ပြန်မှု စသည့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို လျှော့ချရန် တာဝန်ရှိနေပါသည်။

မြေယာဖော်ထုတ်သူ၊ မြေယာ/အဆောက်အအုံပိုင်ဆိုင်သူ သို့မဟုတ် စီမံခန့်ခွဲသူတို့တွင် ရင်းနှီးမြှုပ်နှံသူအနေဖြင့် ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများဖြစ်သည့် လျှပ်စစ်ဓါတ်အားသုံးစွဲမှု၊ ရေသုံးစွဲမှု၊ စွန့်ထုတ်မှုတို့မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။

(၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်တွင် စွမ်းအင်သုံးစွဲမှုပမာဏ နှိုင်းယှဉ်ချက်အချိုးသည် (၄. ၈၂) ဖြစ်ပြီး ယင်းပမာဏသည် ယမန်နှစ် (၂. ၀၆) နှင့်နှိုင်းယှဉ်ပါက (၁၃၄%) တိုးမြင့်လာခြင်းဖြစ်သည်။ ထိုသို့တိုးမြင့်လာရခြင်းသည် လုပ်ငန်းလည်ပတ်မှုတွင် စွမ်းအင်လေလွင့်မှုကြောင့်မဟုတ်ပဲ မြေယာသုံးစွဲသူတို့၏လုပ်ငန်းများ စတင်လည်ပတ်လာသောကြောင့် ဖြစ်သည်။ ရေသုံးစွဲမှုအတွက် ရေအရင်းအမြစ်ကို ရေလှောင်တမံများမှရရှိပြီး မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းမရှိပါ။ မြေယာသုံးစွဲသူများနှင့် ကုမ္ပဏီအုပ်စုများမှ သုံးစွဲပြီးစွန့်ထုတ်လာသော ရေပမာဏ၏ (၅၉%)ကို ပြန်လည်သန့်စင်ပြီးမှ မြစ်ချောင်းများအတွင်းသို့ စွန့်ထုတ်ခြင်း ဖြစ်ပါသည်။ Golden DOWA Eco-System Myanmar Co.,Ltd သည် ကျွန်ုပ်တို့၏ စီးပွားရေးစက်မှုဇုန်အတွင်း မြေယာသုံးစွဲသူများ စွန့်ထုတ်လိုက်သော စက်မှုစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲခြင်းကို ဆောင်ရွက်ပါသည်။ (၂၀၁၈ - ၂၀၁၉) ဘဏ္ဍာနှစ်တွင် စွန့်ပစ်ပစ္စည်း စွန့်ထုတ်မှုပမာဏအချိုးသည် (၄. ၉၀)ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် (၁. ၄၄)သာ ဖြစ်ပါသဖြင့် စုစုပေါင်းစွန့်ထုတ်မှုတွင် မိလ္လာအညစ်အကြေး စွန့်ထုတ်မှုကိုပါ ထည့်သွင်းတွက်ချက်ထားခြင်းကြောင့် စွန့်ပစ်ပစ္စည်း စွန့်ထုတ်မှုပမာဏ အချိုးတိုးလာခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ၎င်းစွန့်ပစ်ပစ္စည်းပမာဏ အချိုးများအား ပြည်တွင်းပြည်ပရှိ အလားတူစက်မှုဇုန်များနှင့် စံသတ်မှတ်ချက်များကို နှိုင်းယှဉ်လေ့လာ၍ Carbon Foot Print ပါဝင်မှုနှုန်းကို လျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်မှုအဆင့်တွင် သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သော ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများကို စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှု၍ ကျွန်ုပ်တို့၏ website များမှတစ်ဆင့် ပြည်သူလူထုသိရှိစေရန် အသိပေးလျက်ရှိပါသည်။ ဇုန်အေ နှင့် ဇုန်ဘီတို့အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုစစ်တမ်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စောင့်ကြည့်လေ့လာမှု အစီရင်ခံစာများကို အောက်ပါလင့်ခ်များတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

အစားထိုးလဲလှယ်လိုက်သော ပစ္စည်းအစိတ်အပိုင်း၏ အရင်းအရတန်ဖိုးငွေကို ပယ်ဖျက်ပေးရပါမည်။ အခြား ပြင်ဆင်စရိတ်နှင့် ပြုပြင်ထိန်းသိမ်းရေးစရိတ်များအားလုံးကို သက်ဆိုင်ရာကာလ၏ အရှုံး၊ အမြတ်တွင် ကျခံရပါသည်။

ဆောက်လုပ်ရေးလုပ်ငန်း စတင်ချိန်တွင်ရှိသော ပုံသေပိုင်ပစ္စည်း၏ တန်ဖိုးလျော့ကိုတွက်ချက်ရာတွင် ၎င်းပစ္စည်း၏ အကြွင်းတန်ဖိုး နုတ်ပြီးသားတန်ဖိုးနှင့် ခန့်မှန်းအသုံးဝင်မှုသက်တမ်းပေါ်တွင် မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။ တန်ဖိုးလျော့ရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ငှားရမ်းထားသောမြေ	၂.၁၉%
စက်ရုံ	၅%
မီးအားမြှင့်စက်	၂.၁၇%
အဆောက်အဦး	၂.၁၇%
စွန့်ပစ်ပစ္စည်းသိုလှောင်သည့်အဆောက်အဦး	၅%
စက်နှင့် စက်ပစ္စည်းများ	၂၀%
ယာဉ်နှင့် ယာဉ်ပစ္စည်းများ	၂၀%
ကွန်ပျူတာနှင့် စက်ပစ္စည်းများ	၂၀%
ရုံးသုံးပစ္စည်းကိရိယာများ	၁၀% - ၄၀%
ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း	၂၀%

အကြွင်းတန်ဖိုးနှင့် အသုံးဝင်သက်တမ်းတို့ကို အစီရင်ခံကာလအဆုံးတွင် ပြန်လည်သုံးသပ်၍ သင့်တော်သော ညှိနှိုင်းမှုများကို လုပ်ဆောင်ရပါသည်။ ပြောင်းလဲမှုများ ဖြစ်ပေါ်လာသောအခါ ပြင်ဆင်ချက်တိုင်း၏ အကျိုးသက်ရောက်မှုသည် အရှုံး၊ အမြတ်ထဲတွင် ပါဝင်သည်။

ပစ္စည်း၏အသားတင်သင့်ငွေပမာဏသည် ၎င်း၏ပြန်ရနိုင်သောခန့်မှန်းပမာဏထက် များနေပါက အသားတင်သင့်ငွေပမာဏကို ချက်ချင်းပယ်ဖျက်ပေးရပါသည်။

ထုခွဲရောင်းချခြင်း၏ အရှုံး၊ အမြတ်ကို တွက်ချက်ရာတွင် ဝင်ငွေနှင့် အသားတင်သင့်ငွေပမာဏတို့ကို နှိုင်းယှဉ်ခြင်းအားဖြင့် ဆုံးဖြတ်၍ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းရှိ အခြားအရှုံး၊ အမြတ်များထဲတွင် စာရင်းဖော်ဆောင်ပါသည်။

(၂.၇) ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းများ

စာရင်းကိုင်ဆော့ဝဲ(လ်) (Accounting Software)

စာရင်းကိုင်ဆော့ဝဲ(လ်)လိုင်စင်ကို ကနဦးတွင် မူရင်းတန်ဖိုးဖြင့် စာရင်းသွင်းပြီးဝယ်ဈေး (လျှော့ပေးငွေများနှင့် ပြန်ရငွေများကိုနုတ်ပြီးအသားတင်) ပါဝင်သော မူရင်းတန်ဖိုးနှင့် ၎င်း၏ ရည်ရွယ်ထားသော အသုံးပြုမှုအတွက် မွမ်းမံခြင်းဆိုင်ရာ တိုက်ရိုက်ကုန်ကျသော အခြားစရိတ်များကိုပါ စာရင်းသွင်းဖော်ပြပါသည်။ တိုက်ရိုက်ကုန်ကျစရိတ်များကို ဆော့ဝဲ(လ်)၏ မူရင်းတန်ဖိုးတွင် ထည့်ပေါင်းသည်။ စာရင်းကိုင်ဆော့ဝဲ(လ်)လိုင်စင် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာစရိတ်များကို ကုန်ကျသည့်အချိန်တွင် အသုံးစရိတ်အဖြစ် စာရင်းဖော်ဆောင်သည်။

စာရင်းကိုင်ဆော့ဝဲ(လ်)လိုင်စင်ကို မူရင်းတန်ဖိုးတွင် စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်းတန်ဖိုးကျ အရှုံးများကို နုတ်ပယ်၍ နောက်ပိုင်းစာရင်းရေးသွင်းပါသည်။ ၎င်းစရိတ်များကို တသမတ်တည်းနည်းဖြင့် ၂၀% နှင့်ညီမျှသော ခန့်မှန်းအသုံးဝင်သက်တမ်းငါးနှစ်ပေါ်တွင် တန်ဖိုးလျော့၍ အရှုံး၊ အမြတ်စာရင်းတွင် ကျခံပါသည်။

ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများ၏ တန်ဖိုးလျော့ကာလနှင့် တန်ဖိုးလျော့သည့်နည်းလမ်းကို အနည်းဆုံး စာရင်းပိတ်သည့်နေ့တွင်တစ်ကြိမ် ပြန်လည်သုံးသပ်ပါသည်။ ယင်းပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။

(၂.၈) ဆောက်လုပ်ရေးကန်ထရိုက်များ

ဆောက်လုပ်ရေးကန်ထရိုက်တစ်ခု၏ အကျိုးရလဒ်ကို တိကျသေချာစွာ ခန့်မှန်းနိုင်ပါက ကန်ထရိုက်ဝင်ငွေနှင့် ကန်ထရိုက်ကုန်ကျစရိတ်များကို ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း ရေးဆွဲသည့်နေ့တွင် လုပ်ငန်းပြီးစီးမှုအဆင့် အလိုက် ဝင်ငွေနှင့် အသုံးစရိတ်များအနေဖြင့် အသီးသီးသတ်မှတ်ပါသည်။ ဆောက်လုပ်ရေးကန်ထရိုက်တစ်ခု၏ အကျိုးရလဒ်ကို တိကျသေချာစွာ မခန့်မှန်းနိုင်ပါက ကန်ထရိုက်ဝင်ငွေကို ပြန်လည်ရရှိနိုင်မည့် ကန်ထရိုက်အတွက် ကုန်ကျငွေပမာဏအတိုင်း စာရင်းသွင်းပါသည်။ ကန်ထရိုက်၏ စုစုပေါင်း ကုန်ကျစရိတ်များသည် ကန်ထရိုက်၏ စုစုပေါင်းဝင်ငွေထက်များနိုင်ပါက ဖြစ်ပေါ်လာနိုင်သောအရှုံးကို အသုံးစရိတ်အနေဖြင့် ချက်ချင်း ဖော်ပြရမည်ဖြစ် ပါသည်။

လုပ်ငန်းအပ်နှံသူက ကန်ထရိုက်၏ ပြောင်းလဲမှုများ၊ ညှိနှိုင်းမှုများကို ပဏာမအဆင့်အနေဖြင့် လက်ခံအတည်ပြုရန် အလားအလာရှိခြင်း၊ ကန်ထရိုက်အတွက် ပေးချေရမည့်ငွေများသည် ခိုင်ခိုင်မာမာ တန်ဖိုးသတ်မှတ်နိုင်ပြီး လုပ်ငန်းအပ်နှံသူထံမှ ပေးချေရန်အတွက် သဘောတူညီမည့် အလားအလာရှိပါက ကန်ထရိုက်လုပ်ငန်း ပြောင်းလဲမှုများအတွက် ပေးချေငွေများသည် ကန်ထရိုက်ဝင်ငွေတွင် ပါဝင်မည်ဖြစ်ပါသည်။

ကန်ထရိုက်၏ လုပ်ငန်းပြီးစီးမှုအဆင့်ကို ယနေ့အထိ ကုန်ကျခဲ့ပြီးသော ကန်ထရိုက်ကုန်ကျစရိတ်နှင့် စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ်တို့၏ အချိုးဖြင့် တိုင်းတာပါသည်။ လုပ်ငန်းပြီးစီးမှုအဆင့်ကို သတ်မှတ်ချိန်တွင် ယနေ့အထိ ကုန်ကျခဲ့ပြီးသော ကန်ထရိုက်ကုန်ကျစရိတ်ထဲမှ ဘဏ္ဍာရေးနှစ်အတွင်း ကန်ထရိုက်အတွက် အနာဂတ်လုပ် ဆောင်ချက်များအတွက် ကျခံခဲ့သော စရိတ်များကို ဖယ်ထုတ်ရပါမည်။ လုပ်ငန်းအပ်နှံသူထံမှ ကန်ထရိုက် ကုန်ကျစရိတ်များ ပြန်လည်ရရှိနိုင်ခြေ မရှိသောအခြေအနေ မဟုတ်ပါက ထိုကုန်ကျစရိတ်များကို ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်း၏ ဆောက်လုပ်ဆဲ ဆောက်လုပ်ရေးကန်ထရိုက်တွင် ဖော်ပြပါသည်။ လုပ်ငန်းအပ်နှံသူထံမှ ကုန်ကျစရိတ်များ ပြန်လည်ရရှိနိုင်ခြေ မရှိသောအခြေအနေတွင် ထိုကုန်ကျစရိတ်ကို ချက်ချင်း အသုံးစရိတ်အဖြစ် စာရင်းရေးသွင်းရမည်။

ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း ရေးဆွဲသည့်နေ့ရက်တွင် ကန်ထရိုက်အသီးသီး၏ ကျခံခဲ့ပြီးသော စုစုပေါင်း ကုန်ကျငွေနှင့် အသိအမှတ်ပြု အမြတ် (အသိအမှတ်ပြု အရှုံး) တို့ပေါင်းခြင်း /နုတ်ခြင်းကို ပြီးစီးမှုအတွက် ငွေ တောင်းခံခြင်းနှင့် နှိုင်းယှဉ်ပါသည်။ ထိုစုစုပေါင်းကုန်ကျငွေနှင့် အသိအမှတ်ပြုအမြတ် (အသိအမှတ်ပြု အရှုံး) တို့ ပေါင်းခြင်း/ နုတ်ခြင်းသည် ပြီးစီးမှုအတွက် ငွေတောင်းခံခြင်းထက် များနေပါက ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ တွင် ကန်ထရိုက်လုပ်ငန်းအပ်နှံသူထံမှ ရရန်ရှိအနေဖြင့် ဖော်ပြပါသည်။ ထိုပြီးစီးမှုအတွက် ငွေတောင်းခံခြင်းသည် စုစုပေါင်းကုန်ကျငွေနှင့် အသိအမှတ်ပြု အမြတ် (အသိအမှတ်ပြု အရှုံး) တို့ ပေါင်းခြင်း/ နုတ်ခြင်းထက် များနေပါက ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများတွင် ကန်ထရိုက်လုပ်ငန်းအပ်နှံသူထံသို့ ပေးရန်ရှိအနေဖြင့် ဖော်ပြပါသည်။

ပြီးစီးမှုအတွက် ငွေတောင်းခံခြင်းကို လုပ်ငန်းအပ်နှံသူမှ မပေးသွင်းသေးသောငွေနှင့် လုပ်ငန်းအပ်နှံသူ၏ အာမခံ အဖြစ် ထိန်းထားငွေတို့သည် ကုန်သွယ်မှုနှင့် အခြားရရန်ရှိများတွင် ပါဝင်ပါသည်။ ကြိုတင်ရငွေများသည် ကုန် သွယ်မှုနှင့် အခြားပေးရန်ရှိများတွင် ပါဝင်သည်။

(၂.၉) ကုန်လက်ကျန်များ

ကုန်လက်ကျန်များကို ကုန်ကျစရိတ်နှင့် ရောင်းချလျှင်ရနိုင်မည့် အသားတင်ကုန်ရောင်းရငွေတို့အနက် နည်းရာ ပမာဏဖြင့် တန်ဖိုးသင့်ရန် ဖြစ်ပါသည်။ ကုန်ကျစရိတ်တွင် မြေယာပြုပြင်ကုန်ကျစရိတ်၊ အခြေခံအဆောက်အဦး များ ဖွံ့ဖြိုးတိုးတက်မှု ကုန်ကျစရိတ်၊ တိုက်ရိုက်အလုပ်သမားနှင့် အခြားတိုက်ရိုက်ကုန်ကျစရိတ်များ ပါဝင်သည်။ အသားတင်ရောင်းရငွေ ဆိုသည်မှာ သာမန်စီးပွားရေးလုပ်ငန်းတစ်ခုတွင် ပြီးဆုံးမှုအတွက် ခန့်မှန်းကုန်ကျစရိတ်နှင့် ပုံသေမဟုတ်သော အရောင်းကုန်ကျစရိတ်တို့ကို နုတ်ပြီးကျန်ရှိမည့် ခန့်မှန်းရောင်းစျေးဖြစ်ပါသည်။

(၂.၁၀) ရွှေ့ဆိုင်းအခွန် (Deferred tax)

ရွှေ့ဆိုင်းအခွန်သည် ဘဏ္ဍာရေးရှင်းတမ်းများရှိ ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ သယ်ဆောင်တန်ဖိုးများ (carrying amounts) နှင့် သက်ဆိုင်ရာ အခွန်ဥပဒေအရ တွက်ချက်ရရှိသော အမြတ် (taxable profit) တို့၏အကြား ကွဲပြားခြားနားခြင်းပမာဏကို စာရင်းရေးသွင်းပါသည်။ ရွှေ့ဆိုင်းအခွန်သည် ကာလအတွင်း၌ ပေးရန်တာဝန် များကို ပေးချေခြင်း သို့မဟုတ် ရပိုင်ခွင့်များ အမှန်တကယ်ရရှိချိန်တွင် အခွန်နှုန်း သို့မဟုတ် အစီရင်ခံ ကာလအဆုံးတွင်ရှိမည့် အခွန်နှုန်းပေါ်တွင် တွက်ချက်ပါသည်။ ရွှေ့ဆိုင်းအခွန်ကို အရှုံးအမြတ်စာရင်း မဟုတ်သော (အခြားဝင်ငွေအလုံးစုံသို့ဖြစ်စေ၊ ရင်းနှီးငွေသို့ တိုက်ရိုက်ဖြစ်စေ) စာရင်းသွင်းသည့် အကြောင်းအရာများမှတစ်ပါး အရှုံးအမြတ်စာရင်းတွင် အသုံးစရိတ် သို့မဟုတ် ဝင်ငွေ အဖြစ် စာရင်းသွင်းပါသည်။ အရှုံးအမြတ်စာရင်း မဟုတ်သော (အခြားဝင်ငွေအလုံးစုံသို့ဖြစ်စေ၊ ရင်းနှီးငွေသို့ တိုက်ရိုက်ဖြစ်စေ) စာရင်းသွင်းသည့် အကြောင်း အရာများအတွက် ရွှေ့ဆိုင်းအခွန်ကို အရှုံးအမြတ်စာရင်း မဟုတ်သော (အခြားဝင်ငွေအလုံးစုံသို့ဖြစ်စေ၊ ရင်းနှီးငွေသို့ တိုက်ရိုက်ဖြစ်စေ) တွင် စာရင်းသွင်းပါသည်။

(၂.၁၁) ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ

ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များတွင် လက်ဝယ်ရှိ ငွေသားလက်ကျန်နှင့် ဘဏ်ရှိငွေလက်ကျန်များ ပါဝင် ပါသည်။

(၂.၁၂) ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားရရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်းပြီးနောက် effective interest method ကိုအသုံးပြု၍ နောက်ပိုင်းကာလတွင် လျော့ချပြီးတန်ဖိုးမှ ပျက်စီးဆုံးရှုံးမှုအတွက် လျာထား သောတန်ဖိုးကို နုတ်၍ စာရင်းသယ်ဆောင်ပါသည်။ ပြန်၍မရနိုင်သော ခန့်မှန်းပမာဏအတွက် သင့်လျော်သော ခွင့်ပြုချက်ဖြင့် ကုန်သွယ်မှုနှင့် အခြားရရန်ရှိများတွင် လျှော့ချရပါသည်။

(၂.၁၃) ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်း ပြီးနောက် effective interest method ကိုအသုံးပြု၍ နောက်ပိုင်းကာလတွင် လျော့ချပြီးတန်ဖိုးဖြင့် စာရင်းသယ်ဆောင်သည်။

(၂.၁၄) ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ

သာမန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ် အမျိုးအစားသတ်မှတ်ထားပါသည်။ သာမန်အစု ရှယ်ယာ ထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော စရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များမှ နှုတ်၍ စာရင်း ဖော်ဆောင်ပါသည်။ ကျသင့်အခွန်မှန်သမျှ နှုတ်ပြီးသော အသားတင်ဖြစ်ပါသည်။

(၂.၁၅) အမြတ်ဝေစုများ

ကုမ္ပဏီအစုရှယ်ယာရှင်များသို့ အမြတ်ဝေစုများပေးရန် သဘောတူခွင့်ပြုပြီးသည့်အခါမှသာ အမြတ်ဝေစုများကို စာရင်းရေးသွင်းသည်။

(၂.၁၆) ဝန်ထမ်းအကျိုးအမြတ်စရိတ်များ

ဝန်ထမ်းအကျိုးအမြတ်စရိတ်များဆိုသည်မှာ ဝန်ထမ်းများက ဝန်ဆောင်မှုလုပ်ဆောင်ခြင်းအတွက် ကုမ္ပဏီက ပေးရသော တန်ကြေးအမျိုးမျိုးဖြစ်ပါသည်။ ဝန်ထမ်းအကျိုးအမြတ်စရိတ်များကို ဝန်ထမ်းက ယင်းအကျိုးခံစား ခွင့်များရရှိသည့် ကာလအတွင်း ပေးရန်ရှိအဖြစ် စာရင်းဖော်ဆောင်သည်။ ကုန်လွန်ခဲ့ပြီးသောကာလအတွက် ဝန်ဆောင်စရိတ်များကို အရှုံးအမြတ်စာရင်းတွင် ချက်ချင်းစာရင်းရေးသွင်းပါသည်။

(၂.၁၇) လျာထားငွေများ

ကုမ္ပဏီသည် အတိတ်ကာလအဖြစ်အပျက်များ၏ အကျိုးရလဒ်အတွက် လက်ရှိတွင်ဥပဒေအရ တာဝန်ရှိသော (သို့မဟုတ်) အပြုသဘောဆောင်၍ ပေးရန်တာဝန်ရှိသောငွေများကို လျာထားငွေများအဖြစ် စာရင်းသွင်းပါသည်။ ပေးရန်တာဝန်ရှိသောငွေများကို ပေးချေရန်အတွက် လုပ်ငန်း၏အရင်းအမြစ်များ စီးထွက်ရန်အလားအလာရှိပြီး ပေးချေရမည့်ပမာဏကို တိကျသေချာစွာ ခန့်မှန်းနိုင်ရမည်။ အနာဂတ်လုပ်ငန်း၏ဆောင်ရွက်ချက် ဆုံးရှုံးမှုများကို လျာထားငွေများအဖြစ် မသတ်မှတ်ပါ။

(၂.၁၈) ဝင်ငွေ

လုပ်ဆောင်ချက်နှင့် ဆက်စပ်နေသော စီးပွားရေး အကျိုးအမြတ်များ ကုမ္ပဏီထံသို့ စီးဝင်ရန် အလားအလာရှိသည့် အခါမှသာ ဝင်ငွေကို စာရင်းဖော်ဆောင်သည်။ ဝင်ငွေကို ကုန်သွယ်လုပ်ငန်းခွန် နှုတ်ပြီးနောက် အသားတင် အရောင်းပေါ်တွင် ဖော်ပြသည်။

(က) ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း - စီမံခန့်ခွဲမှု အခကြေးငွေနှင့် ကော်မရှင်
အခကြေးငွေနှင့်ကော်မရှင်များကို ဝန်ဆောင်မှုဆောင်ရွက်ပြီးစီးသည့်အခါ accrual basis ဖြင့် စာရင်း ဖော်ဆောင်သည်။

(ခ) မြေရောင်းခြင်း
ကုန်ရောင်းခြင်းမှ ရရှိသောဝင်ငွေကို ကုန်ပစ္စည်းကို လွှဲအပ်ပြီး ဝယ်ယူသူက လက်ခံရရှိပြီးနောက်တွင် စာရင်းဖော် ဆောင်ရပါသည်။

(ဂ) အတိုးဝင်ငွေ

ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အပ်နှံငွေများမှ အတိုးရရန်သေချာမှသာ အတိုးရငွေများကို စာရင်းဖော်ဆောင်သည်။

(ဃ) အမြတ်ဝေစု

အမြတ်ဝေစုကို ရပိုင်ခွင့်ပေါ်ပေါက်သည့်အခါ စာရင်းဖော်ဆောင်သည်။

(င) ဆောက်လုပ်ရေး ကန်ထရိုက်များမှ ဝင်ငွေ

စာရင်းဆိုင်ရာမူဝါဒများ၏ ဆောက်လုပ်ရေး ကန်ထရိုက်များစာပိုဒ်တွင် ဆောက်လုပ်ရေး ကန်ထရိုက်များမှ ဝင်ငွေများကို ဖော်ပြထားပါသည်။

(၂.၁၉) ဝင်ငွေခွန်များ

လက်ရှိကာလအတွက် ဝင်ငွေခွန်ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို အခွန်ဌာနသို့ ပေးချေရမည့်ပမာဏ သို့မဟုတ် အခွန်ဌာနမှ ပြန်လည်အမ်းရန်ရှိသည့်ပမာဏဖြင့် တိုင်းတာပါသည်။ လက်ရှိကာလ၏ ဝင်ငွေခွန်ကို အစီရင်ခံကာလတွင် ပြဋ္ဌာန်းထားသောအခွန်နှုန်းများ၊ အခွန်ဥပဒေများနှင့်အညီ တွက်ချက်ထားပါသည်။ လက်ရှိကာလ၏ ဝင်ငွေခွန်ကို အရှုံး၊ အမြတ်တွင် စာရင်းဖော်ဆောင်ပါသည်။

(၂.၂၀) ကုန်သွယ်လုပ်ငန်းခွန်များ

အောက်ဖော်ပြပါအခြေအနေများမှလွဲ၍ ဝင်ငွေ၊ အသုံးစရိတ်များနှင့် ရပိုင်ခွင့်များတွင် အသားတင်ကုန်သွယ်လုပ်ငန်းခွန် ပမာဏဖြင့် စာရင်းဖော်ဆောင်ပါသည်။

- ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုများ ဝယ်ယူရာတွင် ပေးဆောင်ခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို အခွန်ဌာနသို့ ပေးဆောင်ရပြီး ပြန်အမ်းငွေ မရရှိနိုင်သည့်အခြေအနေတွင် ထိုကုန်သွယ်လုပ်ငန်းခွန်ကို ပစ္စည်း၏ ဝယ်ယူမှုကုန်ကျစရိတ် (သို့မဟုတ်) သက်ဆိုင်ရာအသုံးစရိတ်အနေဖြင့် စာရင်းဖော်ဆောင်ပါသည်။
- ရရန်ရှိများနှင့် ပေးရန်ရှိများတွင် ကုန်သွယ်လုပ်ငန်းခွန် ပါဝင်သောပမာဏဖြင့် ဖော်ပြထားပါသည်။

အခွန်ဌာနမှ ပြန်အမ်းရန်ရှိသည့် အသားတင်ကုန်သွယ်လုပ်ငန်းခွန်ပမာဏ (သို့မဟုတ်) အခွန်ဌာနသို့ ပေးချေရမည့် အသားတင်ကုန်သွယ်လုပ်ငန်းခွန်ပမာဏသည် ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းရှိ ရရန်ရှိများ (သို့မဟုတ်) ပေးရန်ရှိများတွင် ပါဝင်ပါသည်။

(၂.၂၁) နှိုင်းယှဉ်ချက်

လက်ရှိနှစ်၏ စာရင်းတင်ဖော်ပြချက် ပြောင်းလဲမှုများနှင့် လိုက်လျောညီစေရန် နှိုင်းယှဉ်ဖော်ပြမည့် ကိန်းဂဏန်းများအား လိုအပ်သောနေရာများတွင် ညှိနှိုင်းခဲ့ပြီးဖြစ်ပါသည်။

၃။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ခန့်မှန်းချက်များ

မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရာတွင် စီမံခန့်ခွဲရေးတွင် တာဝန်ရှိသူများသည် စာရင်းဆိုင်ရာမူဝါဒများနှင့် အစီရင်ခံစာပါရပိုင်ခွင့်များ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့် အသုံးစရိတ်များကို အကျိုးသက်ရောက်စေသော ခန့်မှန်းခြေများနှင့် ယူဆချက်များကို ပြုလုပ်ရပါသည်။ အမှန်တကယ် ရလဒ်များသည် ထိုခန့်မှန်းချက်များနှင့် ကွဲလွဲကောင်း ကွဲလွဲနိုင်ပါသည်။

ခန့်မှန်းခြေများနှင့် ယူဆချက်များကို စဉ်ဆက်မပြတ် ပြန်လည်စိစစ်ပါသည်။ စာရင်းဆိုင်ရာခန့်မှန်းချက်များ ပြန်လည်စိစစ်ခြင်းများကို ယင်းသို့ပြန်လည်စိစစ်သည့်ကာလနှင့် အကျိုးသက်ရောက်မှုရှိသော အနာဂတ်ကာလများတွင် စာရင်းဖော်ဆောင်ပါသည်။

အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်မှု ကုန်ကျစရိတ်

မြေနှင့်ပတ်သက်သော အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်ရေး ကုန်ကျစရိတ်များကို ဆောက်လုပ်ရေးကာလ အတွင်းတွင် ကုန်လက်ကျန်အဖြစ် စာရင်းဖော်ဆောင်သည်။ ထိုမြေဖွံ့ဖြိုးတိုးတက်မှုများကို ဝင်ငွေအဖြစ် အချိုးကျခွဲဝေ၍ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် စာရင်းဖော်ဆောင်ပါသည်။

အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်ရေးကုန်ကျစရိတ်များတွင် ရရှိခဲ့ပြီးသော ကန်ထရိုက်များနှင့် အနာဂတ် ကန်ထရိုက်များ၏ ခန့်မှန်းတွက်ချက်ခြင်းတို့ ပါဝင်ပါသည်။ စုစုပေါင်းကုန်ကျစရိတ်ကို ကျွမ်းကျင်သော ကြီးကြပ် စစ်ဆေးသူ တတိယလူမှ ခန့်မှန်းခြင်းနှင့် ကာလအပိုင်းအခြားအလိုက် အတွင်းကျကျ ပြန်လည်အတည်ပြုခြင်းကို လုပ်ဆောင်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်၏ နောက်ဆုံးပေးချေမှုနှင့် မြေယာနှင့်သက်ဆိုင်သော အခြားကုန်ကျစရိတ်တို့သည် စီမံခန့်ခွဲသူ၏ အကောင်းဆုံးခန့်မှန်းမှုပေါ်တွင် မူတည်ပါသည်။ ထိုနောက်ဆုံးပေးချေမှုနှင့် မြေယာနှင့်သက်ဆိုင်သော အခြားကုန်ကျစရိတ်တို့သည် ကနဦးခန့်မှန်းမှုနှင့် ကွာခြားနေပါက ၎င်းဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်နှင့် အခြား ကုန်ကျစရိတ် အတိုးအလျော့တိုင်းသည် လာမည့်နှစ်များ၏ အရှုံး၊ အမြတ်ပေါ်တွင် သက်ရောက်မှုရှိလိမ့်မည်။

၄။ Financial risk management

ကုမ္ပဏီအုပ်စုသည် ကုမ္ပဏီ၏ risk မူဝါဒအရ အုပ်စု၏ Financial risk များကို စီမံခန့်ခွဲနေစဉ်အတွင်း လုပ်ငန်း ဖွံ့ဖြိုးရေးအတွက်လုံလောက်သော ဘဏ္ဍာရေးအရင်းအမြစ်များရရှိနိုင်မှုကို သေချာစေရန် ကြိုးပမ်းပါသည်။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)နေ့ ရက်စွဲပါ ကုမ္ပဏီ၏လုပ်ငန်းညွှန်းတမ်းတွင် risk အချက်အလက်များကို ထပ်မံဖော်ပြထားပြီး ကုမ္ပဏီအုပ်စုမှ ရင်ဆိုင်နေရသော အဓိကဘဏ္ဍာရေး Risk နယ်ပယ်များနှင့် ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်နှင့် သက်ဆိုင်သောမူဝါဒမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

Foreign exchange risk

ကုမ္ပဏီအုပ်စုသည် မိမိ၏လုပ်ငန်းလုပ်ဆောင်သော ငွေကြေးဖြင့်မဟုတ်ဘဲ နိုင်ငံခြားငွေကြေးဖြင့် စာရင်းသွင်း ထားသော ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များအတွက် Foreign exchange risk ကိုရင်ဆိုင်ရပါသည်။ သို့သော် ကုမ္ပဏီအုပ်စုသည် Foreign exchange risk နှင့် ရင်ဆိုင်မှုအတွက် အကာအကွယ်ပြုလုပ်မထားပါ။ ထို risk မှာ ပြောပလောက်အောင် အရေးမပါဟု မျှော်မှန်းထားခြင်းကြောင့် ဖြစ်ပါသည်။

Credit risk

စာရင်းတင်ထားသည့် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ဆက်နွယ်သည့်အများဆုံး credit risk မှာ လက်ကျန်ရှင်းတမ်းတွင် ဖော်ပြထားသည့် ငွေပမာဏ (carrying amount) ဖြစ်ပါသည်။ သို့သော် ကုမ္ပဏီအုပ်စုက ယင်း risk ကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန် မူဝါဒများချမှတ်ထားပြီး ဖြစ်ပါသည်။

Market risk

ကုမ္ပဏီအုပ်စုသည် market risk နှင့် ကြုံတွေ့ရခြင်း မရှိပါ။

Liquidity and cash flow risks

ငွေသားစီးဆင်းမှု အတက်အကျ၏ အကျိုးသက်ရောက်မှုကို လျော့နည်းစေရန်နှင့် လုပ်ငန်းအတွက် လိုအပ်သည့် ငွေကြေး ထောက်ပံ့နိုင်ရန် ဒါရိုက်တာများမှ လုံလောက်မှုရှိသည်ဟု ယူဆသော လက်ကျန်ငွေများကို ကုမ္ပဏီအုပ်စုမှ စောင့်ကြည့်ထိန်းသိမ်းထားရှိပါသည်။

၅။ Capital management

ကုမ္ပဏီအုပ်စုသည် ငွေကြေးစီမံခန့်ခွဲရာတွင်ထားရှိသော ရည်ရွယ်ချက်များမှာ လုံလောက်သော လုပ်ငန်းလည်ပတ်ငွေကို ကာကွယ်ထိန်းသိမ်းနိုင်ပြီး လုပ်ငန်းစဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။

၆။ ပုံသေပိုင်ပစ္စည်း

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	ငှားရမ်းထားသောမြေ	စက်ရုံ	မီးအားမြှင့်စက်	အဆောက်အဦး	စွန့်ပစ်ပစ္စည်းသိုလှောင်ကန်	စက်နှင့်စက်ပစ္စည်းများ	မော်တော်ယာဉ်	ကွန်ပျူတာနှင့်စက်ပစ္စည်းများ	ပရိဘောဂနှင့်ကိရိယာများ	ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း	စုစုပေါင်း
မူရင်းတန်ဖိုး											
၂၀၁၈ ခုနှစ်၊ ဧပြီလ (၁)ရက် နေ့ရှိ စာရင်းဖွင့်လက်ကျန်	-	၃၈၇,၈၀၀	-	-	-	၇၅,၁၇၇	၃၂၁,၄၂၈	၆၇,၈၉၆	၃၁၆,၅၂၄	၂၆၉,၄၄၃	၁,၄၃၈,၂၆၈
အသစ်ဝယ်ခြင်း	-	-	-	-	-	၂,၉၄၆	၄,၅၆၀	၉,၇၅၄	၄၄,၉၇၁	-	၆၂,၂၃၁
ကုန်လက်ကျန်များမှ လွှဲပြောင်းခြင်း	၄၀၄,၃၆၇	၉၃၂,၇၁၂	၂၇၀,၅၅၇	၂၁၈,၉၄၀	၄,၃၄၂	-	-	-	-	-	၁,၈၃၀,၉၁၈
ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း	-	-	-	-	-	-	-	(၁၂၀)	(၂,၇၇၄)	-	(၂,၈၉၄)
၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စာရင်းပိတ်လက်ကျန်	၄၀၄,၃၆၇	၁,၃၂၀,၅၁၂	၂၇၀,၅၅၇	၂၁၈,၉၄၀	၄,၃၄၂	၇၈,၁၂၃	၃၂၅,၉၈၈	၇၇,၅၃၀	၃၅၈,၇၂၁	၂၆၉,၄၄၃	၃,၃၂၈,၅၂၃
စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု											
၂၀၁၈ ခုနှစ်၊ ဧပြီလ (၁)ရက် နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့	-	(၃၄,၉၁၀)	-	-	-	(၂၂,၂၄၈)	(၁၆၆,၄၂၈)	(၃၀,၀၃၈)	(၁၁၅,၄၀၀)	(၁၁၂,၂၇၁)	(၄၈၁,၂၉၅)
တန်ဖိုးလျော့	(၅,၁၅၆)	(၄၆,၅၉၄)	(၅,၈၆၀)	(၄,၇၄၂)	(၇၂)	(၁၀,၇၂၉)	(၆၈,၀၆၃)	(၁၄,၉၂၉)	(၆၃,၂၀၂)	(၅၃,၉၁၁)	(၂၇၄,၂၅၈)
တန်ဖိုးကျ၍ ဆုံးရှုံးမှု	-	-	-	-	-	-	-	-	-	-	-
ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း	-	-	-	-	-	-	-	၁၈	၂,၁၈၀	-	၂,၁၉၈
၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့	(၅,၁၅၆)	(၈၁,၅၀၄)	(၅,၈၆၀)	(၄,၇၄၂)	(၇၂)	(၃၃,၉၇၇)	(၂၃၄,၄၉၁)	(၄၄,၉၄၉)	(၁၇၆,၄၂၂)	(၁၆၆,၁၈၂)	(၇၅၃,၃၅၅)
၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စုစုပေါင်း အသားတင် တန်ဖိုး	၃၉၉,၂၁၁	၁,၂၃၉,၀၀၈	၂၆၄,၆၉၇	၂၁၄,၁၉၈	၄,၂၇၀	၄၄,၁၄၆	၉၁,၄၉၇	၃၂,၅၈၁	၁၈၂,၂၉၉	၁၀၃,၂၆၁	၂,၅၇၅,၁၆၈
မူရင်းတန်ဖိုး											
၂၀၁၇ ခုနှစ်၊ ဧပြီလ (၁)ရက် နေ့ရှိ စာရင်းဖွင့်လက်ကျန်	-	၃၈၇,၈၀၀	-	-	-	၇၅,၁၇၇	၃၂၁,၄၂၈	၅၂,၄၅၁	၂၃၃,၀၉၈	၂၆၉,၄၄၃	၁,၃၃၉,၃၉၇
အသစ်ဝယ်ခြင်း	-	-	-	-	-	-	-	၁၆,၄၁၁	၈၄,၃၈၁	-	၁၀၀,၇၉၂
ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း	-	-	-	-	-	-	-	(၉၆၆)	(၉၅၅)	-	(၁,၉၂၁)
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စာရင်းပိတ်လက်ကျန်	-	၃၈၇,၈၀၀	-	-	-	၇၅,၁၇၇	၃၂၁,၄၂၈	၆၇,၈၉၆	၃၁၆,၅၂၄	၂၆၉,၄၄၃	၁,၄၃၈,၂၆၈
စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု											
၂၀၁၇ ခုနှစ်၊ ဧပြီလ (၁)ရက် နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့	-	(၁၅,၅၂၀)	-	-	-	(၁၀,၈၇၆)	(၉၇,၃၃၉)	(၁၈,၄၁၆)	(၅၈,၂၉၇)	(၅၈,၃၆၀)	(၂၅၈,၈၀၈)
တန်ဖိုးလျော့	-	(၁၉,၃၉၀)	-	-	-	(၁၁,၃၇၂)	(၆၉,၀၈၉)	(၁၂,၂၆၈)	(၅၇,၈၉၀)	(၅၃,၉၁၁)	(၂၂၃,၉၂၀)
တန်ဖိုးကျ၍ ဆုံးရှုံးမှု	-	-	-	-	-	-	-	-	-	-	-
ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း	-	-	-	-	-	-	-	၆၄၆	၇၈၇	-	၁,၄၃၃
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့	-	(၃၄,၉၁၀)	-	-	-	(၂၂,၂၄၈)	(၁၆၆,၄၂၈)	(၃၀,၀၃၈)	(၁၁၅,၄၀၀)	(၁၁၂,၂၇၁)	(၄၈၁,၂၉၅)
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စုစုပေါင်း အသားတင် တန်ဖိုး	-	၃၅၂,၈၉၀	-	-	-	၅၂,၉၂၉	၁၅၅,၀၀၀	၃၇,၈၅၈	၂၀၁,၁၂၄	၁၅၇,၁၇၂	၉၅၆,၉၇၃

၇။ ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**ဆော့ဝဲ(လ်)**
မူရင်းတန်ဖိုး	
၂၀၁၈ ခုနှစ်၊ ဧပြီလ (၁) ရက် နေ့ရှိ စာရင်းဖွင့်လက်ကျန်	**၈,၆၁၇**
အသစ်ဝယ်ခြင်း	**၂,၈၇၈**
ပယ်ဖျက်ခြင်း	-
၂၀၁၉ ခုနှစ်၊ မတ်လ (၃၁) ရက် နေ့ရှိ စာရင်းပိတ်လက်ကျန်	**၁၁,၄၉၅**
စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု	
၂၀၁၈ ခုနှစ်၊ ဧပြီလ (၁)ရက် နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့	**(၃,၁၈၂)**
တန်ဖိုးလျော့	**(၂,၁၁၉)**
တန်ဖိုးကျ၍ ဆုံးရှုံးမှု	-
ပယ်ဖျက်ခြင်း	-
၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့	**(၅,၃၀၁)**
၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စုစုပေါင်း အသားတင် တန်ဖိုး	၆,၁၉၄
မူရင်းတန်ဖိုး	
၂၀၁၇ ခုနှစ်၊ ဧပြီလ (၁) ရက် နေ့ရှိ စာရင်းဖွင့်လက်ကျန်	၆,၄၁၃
အသစ်ဝယ်ခြင်း	၂,၂၀၄
ပယ်ဖျက်ခြင်း	-
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက် နေ့ရှိ စာရင်းပိတ်လက်ကျန်	၈,၆၁၇
စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု	
၂၀၁၇ ခုနှစ်၊ ဧပြီလ (၁)ရက် နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့	(၁,၈၆၂)
တန်ဖိုးလျော့	(၁,၃၂၀)
တန်ဖိုးကျ၍ ဆုံးရှုံးမှု	-
ပယ်ဖျက်ခြင်း	-
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့	(၃,၁၈၂)
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စုစုပေါင်း အသားတင် တန်ဖိုး	၅,၄၃၅

၈။ တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
စာရင်းဖွင့်လက်ကျန်	**၂၀,၆၀၈,၅၀၀**	၁၈,၄၆၀,၆၂၁
နှစ်အတွင်း အချိုးကျအသားတင်အမြတ်	**၁၁,၃၉၅,၀၅၄**	၉,၀၈၂,၇၃၂
အမြတ်ဝေစုရငွေ	**(၄,၃၄၇,၇၆၃)**	(၆,၇၀၁,၀၄၀)
မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု	**၃၁,၇၁၅**	(၂၃၃,၈၁၃)
၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ သယ်ဆောင်တန်ဖိုး	**၂၇,၆၈၇,၅၀၆**	၂၀,၆၀၈,၅၀၀

ကုမ္ပဏီအုပ်စု၏အစီရင်ခံသည့်နှစ်အတွက် ပိုင်ဆိုင်မှုအချိုးဖြင့် တွက်ချက်သော ရင်းနှီးမြှုပ်နှံမှု (မြန်မာဂျပန်သီလဝါ ဖွံ့ဖြိုး တိုးတက်ရေး ကုမ္ပဏီလီမိတက်) မှ ခွဲဝေသော အချိုးကျအမြတ်ဝေစုမှာ ကျပ် ၁၁,၃၉၅,၀၅၃,၃၁၉.၂၂ (အမေရိကန် ဒေါ်လာ ၇,၅၂၁,၉၈၃.၈၄@၁,၅၁၄.၉) ၂၀၁၈: အမြတ်ငွေကျပ် ၉,၀၈၂,၇၃၁,၅၈၇ (အမေရိကန်ဒေါ်လာ ၆,၈၀၃,၅၄၄.၂၆ @၁,၃၃၅) ဖြစ်သည်။ ပိုင်ဆိုင်မှုအချိုးဖြင့်တွက်ချက်သော ရင်းနှီးမြှုပ်နှံမှုသည် အများပိုင်ကုမ္ပဏီမဟုတ်သောကြောင့် အများ ပြည်သူသို့ ကြေငြာထားသော ရောင်းဈေးမရှိပါ။

အောက်တွင် တွဲဖက်ကုမ္ပဏီ၏ ဝင်ငွေ၊အသုံးစရိတ်များနှင့် ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များကို ဖော်ပြထားသည်။

အမေရိကန်ဒေါ်လာ (ဒေါ်လာထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
ပိုင်ဆိုင်မှု ရာခိုင်နှုန်း	**၄၁%**	၄၁%
လက်ငင်းရပိုင်ခွင့်များ	**၆၃,၇၇၃**	၅၇,၄၂၃
လက်ငင်းမဟုတ်သောရပိုင်ခွင့်များ	**၁၂,၀၄၇**	၁၂,၅၉၈
စုစုပေါင်းရပိုင်ခွင့်များ	**၇၅,၈၂၀**	၇၀,၀၂၁
လက်ငင်းပေးရန်တာဝန်များ	**၁၈,၉၃၆**	၂၅,၂၈၂
လက်ငင်းမဟုတ်သောပေးရန်တာဝန်များ	**၁,၆၃၂**	၈၃၃
စုစုပေါင်းပေးရန်တာဝန်များ	**၂၀,၅၆၈**	၂၆,၁၁၅
အသားတင်ရပိုင်ခွင့်များ	**၅၅,၂၅၂**	၄၃,၉၀၆
ဝင်ငွေ	**၄၂,၉၆၆**	၄၄,၂၂၆
အသုံးစရိတ်များ	**(၂၄,၆၂၀)**	(၂၇,၆၃၂)
အမြတ်	**၁၈,၃၄၆**	၁၆,၅၉၄
အမြတ်ခွဲဝေခြင်း	**၇,၅၂၂**	၆,၈၀၄

၉။ အခြားရင်းနှီးမြှုပ်နှံမှု (မြန်မာကျပ် ၁၀,၀၀၀,၀၀၀)

အထက်ဖော်ပြပါ ငွေပမာဏသည် ကုမ္ပဏီက မြန်မာကျောက်ဖြူ အထူးစီးပွါးရေးဇုန် ဟိုး(လ်)ဒင်း ကုမ္ပဏီအုပ်စု အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် ရင်းနှီးမြှုပ်နှံထားရှိမှု ဖြစ်ပါသည်။

၁၀။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	မြေယာ နှင့် အဆောက်အဦး
မူရင်းတန်ဖိုး	
၂၀၁၈ ခုနှစ်၊ ဧပြီလ (၁)ရက် နေ့ရှိ စာရင်းဖွင့်လက်ကျန်	**၄,၂၀၂,၃၈၀**
ကုန်လက်ကျန်များမှ လွှဲပြောင်းခြင်း	**၆၇၄,၈၄၂**
၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စာရင်းပိတ်လက်ကျန်	**၄,၈၇၇,၂၂၂**
စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု	
၂၀၁၈ ခုနှစ်၊ ဧပြီလ (၁)ရက် နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့	**(၁၀၅,၀၅၉)**
တန်ဖိုးလျော့	**(၁၀၆,၃၀၇)**
တန်ဖိုးကျ၍ ဆုံးရှုံးမှု	**-**
၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့	**(၂၁၁,၃၆၆)**
မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု	**(၁၃၀,၄၆၅)**
၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စုစုပေါင်း အသားတင်တန်ဖိုး	**၄,၅၃၅,၃၉၁**
မူရင်းတန်ဖိုး	
၂၀၁၇ ခုနှစ်၊ ဧပြီလ (၁)ရက် နေ့ရှိ စာရင်းဖွင့်လက်ကျန်	၄,၂၁၃,၂၉၉
ကုန်လက်ကျန်များမှ လွှဲပြောင်းခြင်း	-
ကုန်သွယ်လုပ်ငန်းခွန်	(၁၀,၉၁၉)
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စာရင်းပိတ်လက်ကျန်	၄,၂၀၂,၃၈၀
စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု	
၂၀၁၇ ခုနှစ်၊ ဧပြီလ (၁)ရက် နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့	(၂၁,၀၆၆)
တန်ဖိုးလျော့	(၈၃,၉၉၃)
တန်ဖိုးကျ၍ ဆုံးရှုံးမှု	-
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့	(၁၀၅,၀၅၉)
မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု	(၆၁,၄၆၇)
၂၀၁၈ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ စုစုပေါင်း အသားတင်တန်ဖိုး	၄,၀၃၅,၈၅၄

၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတွင် သီလဝါအထူးစီးပွားရေးဇုန်၏ အပန်းဖြေရေးနှင့်စီးပွားရေးဆိုင်ရာ နယ်မြေဧရိယာ (R&C) တွင် အလုပ်သမားများနေထိုင်သည့် အဆောက်အဦး (၃)လုံး ပါဝင်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲချိန်ရှိ ပစ္စည်း၏မျှတသောတန်ဖိုး (fair value) သည် တိကျသေချာမှု ရှိလိမ့်မည် မဟုတ်ကြောင်း ဒါရိုက်တာများက ထင်မြင်ယူဆကြသည်။ ၎င်းထင်မြင်ယူဆချက်သည် အောက်ဖော်ပြပါ အချက်အလက်များပေါ်တွင် အခြေခံပါသည်။

၁။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းနှင့် အမျိုးအစားတူမရှိခြင်း၊

၂။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းနှင့်တူညီသော ပုံသေပိုင်ပစ္စည်းကို အရောင်းအဝယ်ပြုလုပ်ခဲ့သော သမိုင်းကြောင်းမရှိခဲ့ခြင်း နှင့်

၃။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းအမျိုးအစားကဲ့သို့ ပစ္စည်းများအား အရောင်းအဖြစ် စာရင်းဖော်ဆောင်မှု မရှိခဲ့ခြင်း။

ထိုအခြေအနေတွင် ဝယ်လိုသောဆန္ဒရှိသူနှင့် ရောင်းလိုသောဆန္ဒရှိသူအပေါ် အခြေခံ၍ တန်ဖိုးသတ်မှတ်ရန် မဖြစ်နိုင်သောကြောင့် Market Comparable Approach ကို လက်ခံကျင့်သုံးနိုင်မည် မဟုတ်ပေ။ ပစ္စည်း၏ တန်ဖိုးသတ်မှတ်ရန် Income Capitalization Approach ကို သုံးမည်ဆိုပါက ထိုပစ္စည်းသည် ငှါးရမ်းမှုအတွက် လုံလောက်သောအချိန် ပေးနိုင်ရမည်။ ထို့အပြင် ပစ္စည်း၏ ပြန်ရချက်သည် တည်ငြိမ်မှုရှိ၍ Capitalization rate ကို အသုံးပြုနိုင်သော အခြေအနေ

ရှိရပါမည်။ ပိုင်ဆိုင်မှုအတွက် ခွင့်ပြုမိန့်သည် လက်တလောကာလတွင် ရရှိထားသဖြင့် ငှါးရမ်းမှုဖြစ်စဉ်သည် ကနဦးအဆင့်တွင်သာရှိပါသည်။ သို့ဖြစ်၍ Income Capitalization Approach ကို ကျင့်သုံးနိုင်မည် မဟုတ်ပေ။

ကနဦးဖော်ပြထားသော တန်ဖိုးသတ်မှတ်ခြင်းနည်းလမ်းနှစ်ခုကို အသုံးမပြုနိုင်သောကြောင့် တတိယအသုံးပြုနိုင်သောနည်းလမ်းမှာ Cost Approach ဖြစ်ပါသည်။ သင့်လျော်သော ဝယ်ယူသူမှ အလားတူအဆောက်အဦးတစ်ခု ဆောက်လုပ်ခြင်းအတွက် ကုန်ကျသောစရိတ်နှင့် တူညီသောပမာဏ (သို့မဟုတ်) ပိုသောပမာဏဖြင့် ပေးချေခြင်းကို ဆိုလိုပါသည်။ ၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ Cost Approach သည် ပစ္စည်း၏တန်ဖိုးကို ခန့်မှန်းခြင်းနှင့် ပြန်လည်တန်ဖိုးသတ်မှတ်ခြင်းအတွက် အသင့်တော်ဆုံးနည်းလမ်းဖြစ်ပါသည်။

၂၀၁၈ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၁၉ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ကာလအတွင်းတွင် လူနေဆိုင်ခန်း (၂)ခု အားကုန်လက်ကျန်စာရင်းမှ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းစာရင်းသို့ မူရင်းတန်ဖိုးဖြင့် လွှဲပြောင်းခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၉ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတွင်
၁။ အလုပ်သမားများနေထိုင်သည့် အဆောက်အဦး (၃)လုံး၊
၂။ အဓိကလမ်းမကြီးနှင့် မျက်နှာချင်းဆိုင်ရှိ A အမျိုးအစား လူနေဆိုင်ခန်း (၁)ခု၊
၃။ အတွင်းလမ်းမနှင့် မျက်နှာချင်းဆိုင်ရှိ B အမျိုးအစား လူနေဆိုင်ခန်း (၁)ခု တို့ ပါဝင်ပါသည်။

၂၀၁၉ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ရှိ ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများနှင့် ပတ်သက်သည့် မျှတသောတန်ဖိုး (fair value) အဆင့်ဆင့်၏ အသေးစိတ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

	အဆင့် (၁)	အဆင့် (၂)	အဆင့် (၃)	**၂၀၁၉ခုနှစ်၊ မတ်လ (၃၁) ရက် နေ့ရှိ မျှတသော တန်ဖိုး (fair value)**
ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း				
အလုပ်သမားများနေထိုင်ရန် အဆောက်အဦး	-	-	၈,၅၄၈,၆၈၈	**၈,၅၄၈,၆၈၈**
Unit A -အဓိကလမ်းမကြီး	-	၄၃၃,၇၈၅	-	**၄၃၃,၇၈၅**
Unit B -အတွင်းလမ်းမ	၃၆၃,၆၀၅	-	-	**၃၆၃,၆၀၅**

Unit A - အဓိကလမ်းမကြီးအတွက် မျှတသောတန်ဖိုး (fair value) သတ်မှတ်မှုပြုလုပ်ရာတွင် Market Comparable Approach ကို အသုံးပြု၍ အရှေ့မြောက်လပ်အတွက် ညှိနှိုင်းထားပြီးသော အလားတူပိုင်ဆိုင်ပစ္စည်း၏ လက်ရှိဈေးကွက်ပေါက်ဈေး အပေါ်အခြေခံပြီး ရယူထားပါသည်။

Unit B - အတွင်းလမ်းအတွက် မျှတသောတန်ဖိုး (fair value) သတ်မှတ်မှုပြုလုပ်ရာတွင် Market Comparable Approach ကို အသုံးပြု၍ မည်သည့် အရေးပါသော ညှိနှိုင်းမှုမျှမပြုလုပ်ထားသော အလားတူပိုင်ဆိုင်ပစ္စည်း၏ လက်ရှိဈေးကွက်ပေါက်ဈေးအပေါ်အခြေခံပြီး ရယူထားပါသည်။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများအတွက် မျှတသောတန်ဖိုး (fair value) အဆင့်ဆင့်ကို Level 3 သို့ ခွဲခြားရာတွင် အောက်ဖော်ပြပါ အချက်အလက်များ သက်ဆိုင်ပါသည်။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း	တန်ဖိုးသင့်သော နည်းလမ်း	Significant unobservable input(s)	အထိအခိုက်ခံနိုင်မှု (Sensitivity)
အလုပ်သမားများ နေထိုင်သည့် အဆောက်အဦး	Income Capitalization Approach	Capitalization rate	Capitalization rate တိုးလာခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကို ဖြစ်စေပါသည်။ အပြန်အလှန်အားဖြင့် မျှတသောတန်ဖိုး (fair value) လျော့ကျလျှင်လည်း Capitalization rate တိုးလာနိုင်ပါသည်။
		Occupancy rate	ပိုင်ဆိုင်မှုနှုန်း လျော့ကျခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကို ဖြစ်စေပါသည်။ အပြန်အလှန်အားဖြင့် မျှတသောတန်ဖိုး (fair value) လျော့ကျလျှင်လည်း ပိုင်ဆိုင်မှုနှုန်း လျော့ကျနိုင်ပါသည်။
		Monthly rental	လစဉ်ငှါးရမ်းခ လျော့ကျခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကို ဖြစ်စေပါသည်။ အပြန်အလှန်အားဖြင့် မျှတသော တန်ဖိုး (fair value) လျော့ကျလျှင်လည်း လစဉ်ငှားရမ်းခ လျော့ကျနိုင်ပါသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်းတွင် အဆင့် (၁)၊ အဆင့် (၂) နှင့် အဆင့် (၃) တို့အကြား ပြောင်းလဲမှုများ မရှိပါ။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ၏ မျှတသောတန်ဖိုး (fair value) သည် လွတ်လပ်သော တန်ဖိုးသင့်သူ၏ တန်ဖိုးသင့်မှုအပေါ်တွင် အခြေခံထားခြင်းမဟုတ်ပါ။

ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများအားလုံးမှ ပိုင်ဆိုင်ပစ္စည်းငှားရမ်းခရငွေ မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) ၁၈၅,၂၅၇ မှာ ကာလတိုငှားရမ်းခြင်း (operating lease) မှ ရရှိသော ငှားရမ်းခရငွေဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ ငှားရမ်းမှုအတွက် တိုက်ရိုက်လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ် (ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း အပါအဝင်) မှာ မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) ၁၃၁,၇၂၆ ဖြစ်ပါသည်။

၁၁။ ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့်

ရွှေ့ဆိုင်းထားသော အခွန်များသည် တူညီသော ဘဏ္ဍာရေးနှစ် အခွင့်အာဏာနှင့် သက်ဆိုင်သောအခါနှင့် နှစ်အတွင်း ဝင်ငွေခွန်ရပိုင်ခွင့်ကို ဝင်ငွေခွန်ပေးရန်တာဝန်ဖြင့် တရားဝင်ခိုင်မာသော ခုနှိမ်ခွင့်ရှိသောအခါ ရွှေ့ဆိုင်းထားသော ဝင်ငွေရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို ခုနှိမ်ပါသည်။ သင့်လျော်သော ခုနှိမ်မှုပြုလုပ်ပြီးနောက် ငွေပမာဏမှာ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် အောက်ပါအတိုင်းဖော်ပြပါသည်။

မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း)	၂၀၁၉	၂၀၁၈
ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့်		
တစ်နှစ်အတွင်းပြန်လည်ရပိုင်ခွင့်	-	-
တစ်နှစ်နောက်ပိုင်းပြန်လည်ရပိုင်ခွင့်	၁၂,၀၆၀	၈,၁၇၉
	၁၂,၀၆၀	၈,၁၇၉

၁၂။ ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ

မြန်မာကျပ်ငွေ(ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
ငွေလက်ကျန်	**၂၀,၂၁၃**	၂၀,၃၄၂
ဘဏ်လက်ကျန် - စာရင်းရှင်	**၃၀,၉၅၁,၀၃၇**	၃၀,၃၅၂,၈၁၂
ဘဏ်လက်ကျန် - စုငွေ	**၁,၃၅၈,၁၁၉**	၁,၄၆၅,၈၀၉
ဘဏ်လက်ကျန် - ခေါ်ယူအပ်ငွေ	**၁၃,၇၁၂**	၂၈၇,၈၇၇
	၃၂,၃၄၃,၀၈၁	၃၂,၁၂၆,၈၄၀

၁၃။ ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
ကုန်သွယ်မှုရရန်ရှိများမှ		
-ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ*	**၂၆၀,၈၆၆**	၂၂၉,၈၈၇
-ဆက်နွယ်မှုမရှိသောအဖွဲ့အစည်းများ	**၃၉၉,၁၀၆**	၁၂,၄၉၀
အခြားရရန်ရှိများမှ		
-လက်အောက်ခံကုမ္ပဏီနှင့် ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ**	**-**	၉၀
-ဆက်နွယ်မှုမရှိသောအဖွဲ့အစည်းများ	**၉,၅၅၉**	-
ဆောက်လုပ်ရေးကန်ထရိုက်များ		
-ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ	**၃၂၅,၁၉၆**	၂,၇၆၁,၇၉၃
ရရန်ရှိဝင်ငွေ		
-ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ	**၅၈၈,၉၃၆**	၅၉၀,၀၄၉
-ဆက်နွယ်မှုမရှိသောအဖွဲ့အစည်းများ	**၁၂,၁၉၈**	-
စရန်ငွေ	**၁၇,၀၄၀**	၂၂,၀၂၁
ကြိုတင်ပေးငွေများ	**၅၆,၂၇၄**	၁၁၉,၃၉၁
ကြိုတင်ဝင်ငွေခွန်	**၃၃၆,၉၂၃**	၁၀၇,၄၇၃
ကြိုတင်ကုန်သွယ်ခွန်	**၈၈၀,၀၉၃**	၁,၀၂၄,၂၉၁
	၂,၈၈၆,၁၉၁	၄,၈၆၇,၄၈၅

* အထက်ဖော်ပြပါ စာရင်းသည် MJTD မှ စီမံခန့်ခွဲမှု အခကြေးငွေများ ဖြစ်သည်။

** အထက်ဖော်ပြပါစာရင်းသည် TPD ကိုယ်စား ကုမ္ပဏီက ကျခံပေးထားသော အသုံးစရိတ်များဖြစ်ပါသည်။

၁၄။ ကုန်လက်ကျန်များ (မြန်မာကျပ် ၂၇,၃၇၈,၉၄၇,၀၀၀)

ကုန်လက်ကျန်များတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ လူနေအိမ်ယာနှင့် စီးပွားရေးဧရိယာဖွံ့ဖြိုးရေးအတွက် MJTD ထံမှ ဝယ်ယူထားသော မြေတန်ဖိုးနှင့် မြေယာဖော်ထုတ်သည့် ကုန်ကျစရိတ်တို့ ပါဝင်ပါသည်။ ထို့အပြင် ယခုနှစ်အတွင်း မြေပြုပြင်မှုများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဆိုင်ခန်းများဆောက်လုပ်ခြင်းလုပ်ငန်းများ စားသောက်ဆိုင်တန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ရေဆိုးသန့်စင်စက်တွင် ခြံစည်းရိုးကာခြင်းလုပ်ငန်း အတွက် ကုန်ကျစရိတ်များ ပါဝင်ပါသည်။

၁၅။ ဆောက်လုပ်ရေးကန်ထရိုက်များ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
ဆောင်ရွက်ဆဲဆောက်လုပ်ရေးကန်ထရိုက်		
နှစ်စရှိစာရင်းဖွင့်လက်ကျန်	**၁၈၅,၀၀၇**	၉,၁၉၆
ကန်ထရိုက်အတွက်ကုန်ကျငွေ	**၁,၅၆၅,၉၂၁**	၄,၁၅၄,၈၄၃
အသိအမှတ်ပြုအမြတ် / အရှုံး	**(၁,၇၀၆,၀၁၇)**	(၃,၉၇၉,၀၃၂)
နှစ်ကုန်စာရင်းပိတ်လက်ကျန်	**၄၄,၉၁၁**	၁၈၅,၀၀၇
မပြည့်စုံသော ဆောက်လုပ်ရေး ကန်ထရိုက်များ၏ စုစုပေါင်းကုန်ကျ စရိတ်နှင့်		
အသိအမှတ်ပြု အမြတ်ငွေ	**၂,၃၂၉,၂၂၂**	၅,၉၅၀,၆၆၀
ပြီးစီးမှုအတွက်ငွေတောင်းခံလွှာ	**(၁,၉၀၄,၅၂၇)**	(၅,၃၆၀,၆၁၂)
မတောင်းခံရသေးသောရရန်ရှိ - လက်ရှိဘဏ္ဍာရေးနှစ်	**၄၂၄,၆၉၅**	၅၉၀,၀၄၉
ကန်ထရိုက်လုပ်ငန်း အပ်နှံသူထံမှ ရရန်ရှိများ (မှတ်စု - ၁၄)		
တောင်းခံပြီးသောရရန်ရှိ	**၃၂၅,၁၉၆**	၂,၇၆၀,၇၉၃
မတောင်းခံရသေးသောရရန်ရှိ - လက်ရှိဘဏ္ဍာရေးနှစ်	**၄၂၄,၆၉၅**	၅၉၀,၀၄၉
မတောင်းခံရသေးသောရရန်ရှိ - ယခင်ဘဏ္ဍာရေးနှစ်	**၁၆၄,၂၄၁**	-
နှစ်ကုန်စာရင်းပိတ်လက်ကျန်	**၉၁၄,၁၃၂**	၃,၃၅၁,၈၄၂

၁၆။ ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**ထုတ်ဝေထားသောသာမန် အစုရှယ်ယာအရေအတွက်**		**ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ**	
	၂၀၁၉	၂၀၁၈	**၂၀၁၉**	၂၀၁၈
နှစ်စရှိစာရင်းဖွင့်လက်ကျန်	**၃၈,၉၂၉,၁၅၀**	၃၈,၉၂၉,၁၅၀	**၃၈,၉၂၉,၁၅၀**	၃၈,၉၂၉,၁၅၀
အစုရှယ်ယာ ထုတ်ဝေခြင်း	-	-	-	-
နှစ်ကုန်စာရင်းပိတ်လက်ကျန်	**၃၈,၉၂၉,၁၅၀**	၃၈,၉၂၉,၁၅၀	**၃၈,၉၂၉,၁၅၀**	၃၈,၉၂၉,၁၅၀

၁၇။ ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
မဆက်နွယ်သောအဖွဲ့အစည်းများ သို့ ကုန်သွယ်မှုပေးရန်ရှိများ	**၈,၄၄၂**	၂,၀၅၃,၇၆၉
ဆောက်လုပ်ရေးကန်ထရိုက်-ကုန်ရောင်းသူသို့ပေးရန်ရှိ	**၆၃၄,၈၆၆**	၃၆,၂၆၇
အခြားပေးရန်ရှိများ		
-ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ	**၁၄၉,၉၃၂**	၉၃,၃၁၄
-ဆက်နွယ်မှုမရှိသောအဖွဲ့အစည်းများ	**၁၄၅,၄၇၈**	၁၀၅,၀၈၆
ရောင်းသူများထံမှ စရန်ရငွေများ	**၃၈၀,၅၄၇**	၄၀၈,၈၅၆
ပေးရန်ရှိအသုံးစရိတ်များ	**၁၃၆,၅၁၅**	၄,၁၆၀
ပေးရန်ရှိအမြတ်ဝေစု	**၈၆၉,၅၃၃**	၇၉၇,၂၇၃
ရွှေ့ဆိုင်းထားသော ငှားရမ်းခဝင်ငွေ		
-ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ	**၅၅,၁၀၆**	၄၆၄,၆၃၇
-ဆက်နွယ်မှုမရှိသောအဖွဲ့အစည်းများ	**၇၂,၃၅၂**	၁၀,၀၂၁
ကုန်သွယ်လုပ်ငန်းခွန်	**၇,၈၆၈**	၉၃,၁၃၅
	၂,၄၆၀,၆၃၉	၄,၀၆၆,၅၁၈

၁၈။ ဝင်ငွေ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
စီမံခန့်ခွဲမှု အခကြေးငွေ	**၁,၀၄၀,၈၄၆**	၉၁၅,၅၀၇
အရောင်းကော်မရှင်	**၁,၃၃၅,၈၈၉**	၂၀၃,၆၈၇
ဆောက်လုပ်ရေးလုပ်ငန်းဝင်ငွေ	**၂,၃၂၉,၂၂၂**	၅,၉၅၀,၆၆၂
မြေယာအရောင်းဝင်ငွေ	**၇၃၈,၇၂၀**	၃,၅၇၄,၃၅၈
အဆောက်အဦးရောင်းရငွေ	-	၇၉၇,၃၉၀
ငှားရမ်းခ	**၁၈၅,၂၅၇**	၇၉,၇၅၉
	၅,၆၂၉,၉၃၄	၁၁,၅၂၁,၃၆၃
ကုန်သွယ်လုပ်ငန်းခွန်*	**(၂၄၇,၇၅၅)**	(၅၂၀,၅၃၉)
	၅,၃၈၂,၁၇၉	၁၁,၀၀၀,၈၂၄

စီမံခန့်ခွဲမှုအခကြေးငွေ

စီမံခန့်ခွဲမှုအခကြေးငွေကို အောက်ပါပုဂ္ဂိုလ်များက MJTD အား စီမံခန့်ခွဲမှုဆောင်ရွက်ပေးခြင်းအတွက် ရရှိခဲ့ပါသည်။

(၁) ဉက္ကဋ္ဌ
(၂) ဒုဉက္ကဋ္ဌ
(၃) ဘဏ္ဍာရေးအရာရှိချုပ်
(၄) စီမံနှင့် လူ့စွမ်းအားအရင်းအမြစ်အရာရှိချုပ်

အရောင်းကော်မရှင်

ကုမ္ပဏီသည် အလားအလာရှိသော လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုများ ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် သတင်းအချက်အလက်များကို ဝန်ဆောင်မှုပေးရန် MJTD နှင့် စျေးကွက်သဘောတူညီချက်များ ပြုလုပ်ခဲ့ပါသည်။

ဆောက်လုပ်ရေး ဝင်ငွေ

ဆောက်လုပ်ရေးဝင်ငွေတွင် အဓိကအားဖြင့် MJTD မှ လမ်းဆောက်လုပ်ရေးကန်ထရိုက်များ နှင့် rental factory B တိုးချဲ့ဆောက်လုပ်ခြင်းများ ပါဝင်ပါသည်။

မြေယာရောင်းချမှု

မြေယာရောင်းချမှုတွင် မြန်မာရှေ့ဆောင်ဘဏ်လီမိတက်သို့ ရောင်းချထားသော မြေယာများ ပါဝင်ပါသည်။

ငှါးရမ်းခ

ငှါးရမ်းခဝင်ငွေတွင် အခန်းငှါးရမ်းခြင်း နှင့် ဆိုင်ခန်းငှားရမ်းခြင်း များ ပါဝင်ပါသည်။

၁၉။ အခြားဝင်ငွေ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
အတိုးဝင်ငွေ	**၁,၃၃၇,၈၀၉**	၃၃၆,၅၃၇
တင်ဒါခေါ်ခြင်းမှရငွေ	**၈၀၀**	-
ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းမှုအတွက် ဝင်ငွေ	**၅၇,၂၈၀**	၄,၂၀၁
အထွေထွေဝင်ငွေ	**၁၇,၀၁၃**	-
ပုံသေပိုင်ပစ္စည်း ရောင်းရငွေ	**-**	၃,၃၆၀
	၁,၄၁၂,၉၀၂	၃၄၄,၀၉၈

၂၀။ အခြား အမြတ်/ အရှုံးများ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
အခြား ငွေကြေးလဲလှယ်မှုမှ အမြတ်	**၂,၆၈၃,၅၀၆**	၇၂၆,၁၁၄
	၂,၆၈၃,၅၀၆	၇၂၆,၁၁၄

၂၁။ လုပ်ငန်းစဉ်အလိုက် စရိတ်များ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
မြေယာ ကုန်ကျစရိတ်	**၂၇၈,၉၆၃**	၉၅၈,၅၈၆
ဆောက်လုပ်ရေး ကုန်ကျစရိတ်	**၁,၇၀၆,၀၁၇**	၃,၉၇၉,၀၃၂
ငှားရမ်းမှုအတွက်ကုန်ကျစရိတ်နှင့် ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းခြင်းစရိတ်	**၁၃၁,၇၂၆**	၅၄၆,၁၇၂
ပုံသေပိုင်ပစ္စည်း ပယ်ဖျက်ခြင်း	**၆၉၆**	၄၇၉
ပုံသေပိုင်ပစ္စည်း တန်ဖိုးလျော့	**၂၇၄,၂၅၈**	၂၂၃,၉၂၀
ရင်းနှီးမြှုပ်နှံမှုပစ္စည်း တန်ဖိုးလျော့	**၁၀၆,၃၀၇**	၈၃,၉၉၃
ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းတန်ဖိုးလျော့	**၂,၁၁၉**	၁,၃၂၀
ဝန်ထမ်းအကျိုးအမြတ်စရိတ် (မှတ်စု-၂၃)	**၆၇၉,၇၄၇**	၆၁၁,၉၇၈
သော့ချက်ကျသော စီမံအုပ်ချုပ်သူနှင့် ဒါရိုက်တာအခကြေးငွေများ (မှတ်စု-၂၅(ခ))	**၈၆၀,၇၈၆**	၉၂၅,၄၀၈
ကြော်ငြာနှင့် အေဂျင်စီစရိတ်များ	**၂၀၆,၆၀၆**	၅၃,၂၂၁
ငှားရမ်းခစရိတ်	**၁၈၀,၉၁၇**	၁၅၈,၆၈၀
သယ်ယူပို့ဆောင်ရေးစရိတ်	**၈၃,၃၂၇**	၃၀,၅၁၅
စာရင်းဝင်စရိတ်	**၆,၃၉၃**	၁၄,၇၄၇
အခြားစရိတ်များ	**၅၆၀,၅၀၇**	၅၄၃,၉၅၅
မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု	**(၁၂၂,၅၇၃)**	၁၇၂,၁၈၂
	၄,၉၅၈,၇၉၆	၈,၃၀၅,၁၉၈

၂၂။ ဝင်ငွေခွန်

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
လက်ရှိနှစ်	**၂၉၃,၉၉၃**	၄၅,၇၁၉
ရွှေ့ဆိုင်းထားသော ဝင်ငွေခွန်	**(၃,၈၈၁)**	(၈,၁၇၉)
ယခင်နှစ်နှင့်ဆက်စပ်သော ခန့်မှန်းမှုပြောင်းလဲချက်များ	**၁၄,၃၄၂**	၅,၉၃၄
	၃၀၄,၄၅၄	၄၃,၄၇၄

၂၃။ ဝန်ထမ်းအကျိုးအမြတ်စရိတ်

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
လုပ်ခနှင့် လစာများ	**၄၇၅,၂၄၅**	၃၉၃,၉၁၈
အခြားအကျိုးအမြတ်များ	**၂၀၄,၅၀၂**	၂၁၈,၀၆၀
	၆၇၉,၇၄၇	၆၁၁,၉၇၈

၂၄။ ရှယ်ယာတစ်စု၏ ဝင်ငွေ

ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေ

အခြေခံကျသော ရှယ်ယာတစ်စု၏ဝင်ငွေကို ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏အစုရှင်များသို့ ခွဲဝေပေးရသော အမြတ်ကို အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာအရေအတွက်ဖြင့် စားပြီး တွက်ချက်ထားပါသည်။

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
ဘဏ္ဍာရေးနှစ်အတွင်းကုမ္ပဏီ၏အစုရှင်များသို့ ခွဲဝေပေးရသော အသားတင်အမြတ်/(အရှုံး) (မြန်မာကျပ်ငွေထောင်ပေါင်း)	**၁၅,၄၈၇,၄၈၆**	၁၂,၀၆၀,၉၆၅
အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာအရေအတွက် (ရှယ်ယာထောင်ပေါင်း)	**၃၈,၉၂၉**	၃၈,၉၂၉
အခြေခံကျသောရှယ်ယာတစ်စု၏အမြတ်	**၃၉၈**	၃၁၀
ရှယ်ယာတစ်စောင်လျှင် (မြန်မာကျပ်)	**၁,၀၀၀**	၁,၀၀၀

၂၅။ ဆက်နွယ်ပတ်သက်သော အဖွဲ့အစည်းများအကြား ဆောင်ရွက်ချက်များ

ဘဏ္ဍာရေးရှင်းတမ်း၏ အခြားနေရာများတွင် ဖော်ပြထားသော အချက်အလက်များအပြင် အောက်ပါလုပ်ငန်းလုပ်ဆောင်ချက်များသည် ကုမ္ပဏီနှင့် ဆက်နွယ်ပတ်သက်နေသော အဖွဲ့အစည်းများအကြားတွင် သဘောတူညီချက်များနှင့်အညီ ပေါ်ပေါက်ခဲ့ပါသည်။

(က) ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းနှင့် ရောင်းချခြင်း

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
MJTD ထံမှ ရရှိခဲ့သော အုပ်ချုပ်မှုအခကြေးငွေ	**၉၉၁,၂၈၂**	၈၇၁,၉၁၂
MJTD ထံမှ ရရှိခဲ့သော အရောင်းကော်မရှင်	**၁,၂၇၂,၂၇၅**	၁၉၃,၉၈၇
MJTD ထံမှ ရရှိခဲ့သော ဆောက်လုပ်ရေးလုပ်ငန်း ဝင်ငွေ	**၂,၂၃၈,၀၈၉**	၅,၆၉၅,၃၉၅

အခြားဆက်နွယ်ပတ်သက်နေသော ပုဂ္ဂိုလ်အဖွဲ့အစည်းများသည် အဓိကအားဖြင့် အုပ်စု၏ အဓိကကျသော အုပ်ချုပ်သူများ၏ အထင်ကရ လွှမ်းမိုးခြင်းခံရသော (သို့မဟုတ်) ထိန်းချုပ်ခံရသော ကုမ္ပဏီများဖြစ်ပါသည်။

အမှတ်	ကုမ္ပဏီအမည်	ဆက်နွယ်နေသော ပုဂ္ဂိုလ်များ	ရာထူး	၂၀၁၉ (ကျပ်ထောင်ပေါင်း)	၂၀၁၈ (ကျပ်ထောင်ပေါင်း)
၁။	Union of Myanmar Federation of Chamber of commerce & Industry (ရှုံးချုပ်ငွားရမ်းခြင်း)	ဦးသိန်းဟန်	ဒါရိုက်တာ	**၁၈၁,၈၈၇**	၁၆၄,၂၂၈
၂။	Sinma Construction Group Ltd (ရှုံးသစ်ပြုပြင်မွမ်းမံခြင်း)	ဦးကျော်ကျော်ဝင်း	Alternative ဒါရိုက်တာ	**၂,၁၇၇**	၂,၆၁၄
၃။	Star City	ဦးသိမ်းဝေ	ဒုဥက္ကဌ	**-**	၂၈,၈၉၄
၄။	CB Securities	ဦးခင်မောင်အေး	ဒုဥက္ကဌ	**၂,၅၀၀**	၂,၅၀၀
၅။	KFC	ဦးသိမ်းဝေ	ဒုဥက္ကဌ	**-**	၁၅,၀၀၀
၆။	Information Matrix	ဦးသောင်းစုငြိမ်း	Alternative ဒါရိုက်တာ	**၂၆,၃၇၈**	၂၉,၅၉၆
၇။	IM Ringer Co.,Ltd	ဦးသောင်းစုငြိမ်း	Alternative ဒါရိုက်တာ	**၁၃၁,၄၁၃**	-

၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့အထိ ဆက်နွယ်ပက်သက်သောအဖွဲ့အစည်းများ၏ လက်ကျန်စာရင်းများကို မှတ်စု (၁၃) နှင့် (၁၇) တို့တွင် အသီးသီးဖော်ပြထားပါသည်။

(ခ) သော့ချက်ကျသော စီမံအုပ်ချုပ်သူနှင့် ဒါရိုက်တာ အခကြေးငွေများ

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	**၂၀၁၉**	၂၀၁၈
ဒါရိုက်တာ အခကြေးငွေ	**၇၂,၀၀၀**	၇၂,၀၀၀
ဒါရိုက်တာ ဆုကြေး*	**၁၄၉,၉၃၂**	၉၃,၁၁၃
သော့ချက်ကျသော စီမံအုပ်ချုပ်သူများအတွက် အခကြေးငွေ	**၅၇၆,၂၀၃**	၇၄၄,၁၇၅
သော့ချက်ကျသော စီမံအုပ်ချုပ်သူများအတွက် ဆုကြေး	**၆၃,၆၅၁**	၁၅,၉၂၀
	၈၆၁,၇၈၆	၉၂၅,၄၀၈

*ကုမ္ပဏီသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ လုပ်ငန်းဖော်ဆောင်မှုအတွက်နှင့် စပ်လျဉ်း၍ ဘုတ်အဖွဲ့ဝင်များအား အပိုဆုငွေ ကျပ် ၁၄၉,၉၃၂,၃၂၇ ပေးရန် လျာထားခဲ့ပါသည်။

(ဂ) ဆက်နွယ်ပက်သက်သော အဖွဲ့အစည်းများအကြား အရေးပါသောသဘောတူညီချက်များ

စီမံခန့်ခွဲမှုအခကြေးငွေ

ကုမ္ပဏီသည် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများပေးရန်အတွက် မြန်မာဂျပန်သီလဝါ ဒတ်ပလော့မင့် ကုမ္ပဏီလီမိတက် နှင့် စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီမှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါသဘောတူညီချက်များအရ ကုမ္ပဏီသည် သဘောတူညီချက်တွင် သတ်မှတ်ထားသည့်အတိုင်း စီမံခန့်ခွဲမှုအခကြေးငွေကို ရပိုင်ခွင့်ရှိပါသည်။ ၎င်းသဘောတူညီချက်သည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ကော်မရှင်အခကြေးငွေ

ကုမ္ပဏီသည် အလားအလာရှိသော လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှုများ ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် သတင်းအချက်အလက်များပေးရန် မြန်မာဂျပန်သီလဝါဒတ်ပလော့မင့်ကုမ္ပဏီလီမိတက်နှင့် ဈေးကွက်သဘောတူညီမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါသဘောတူညီချက်များအရ ကုမ္ပဏီသည် စာချုပ်တန်ဖိုး၏ (၆%) ကို ကော်မရှင်အဖြစ် ရပိုင်ခွင့်ရှိပါမည်။ သဘောတူညီမှုသည် (၅)နှစ်သက်တမ်းရှိမည်ဖြစ်ပြီး နောက်ထပ်သက်တမ်းတိုးမြှင့်ရန်အတွက် သဘောတူညီချက်သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်အသိပေးရမည် ဖြစ်ပါသည်။

၂၆။ အစီရင်ခံစာတင်ပို့ပြီး လုပ်ဆောင်သော ဖြစ်ရပ်များ

- ဘုတ်အဖွဲ့က ၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၉)ရက် နေ့တွင် ၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ကုန်ဆုံးသောနှစ်အတွက် ရှယ်ယာတစ်စောင်လျှင် အမြတ်ဝေစု ၂၅၀ ကျပ် ထုတ်ပေးရန် ဆုံးဖြတ်ခဲ့သည်။

၂၇။ အမှားပြင်ဆင်ခြင်း

မြေငှားရမ်းခြင်းနှင့် လူနေဆိုင်ခန်းရောင်းခြင်းတို့အတွက် မြေ၏ တစ်စတုရန်းပေတန်ဖိုးကို စုစုပေါင်းမြေဧရိယာပေါ်တွင် တန်ဖိုးသင့်တွက်ချက်ထားသဖြင့် ကုန်ရောင်းတန်ဖိုး (cost of sale) ကို တွက်ချက်ရာတွင် လျော့နည်းဖော်ပြခဲ့ကြောင်းကို စီမံခန့်ခွဲသူများသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း တွေ့ရှိခဲ့ပါသည်။ ယခင်နှစ်များအတွက် ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် အကျိုးသက်ရောက်နေသော အကြောင်းအရာတစ်ခုစီကို ပြင်ဆင်ဖော်ပြခြင်းဖြင့် အမှားများကို ပြင်ဆင်ခဲ့ပါသည်။

(၁). ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း (ကောက်နုတ်ဖော်ပြချက်)

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၁၈	အတိုး/(အလျော့) ၁.၄.၂၀၁၇	အတိုး/(အလျော့) ၂၀၁၈	၂၀၁၈ (ပြင်ဆင်ဖော်ပြချက်)
ကုန်လက်ကျန်များ	၂၉,၅၁၉,၃၄၀	(၁၉၃,၉၆၀)	(၁၁၅,၈၅၁)	၂၉,၂၀၉,၅၂၉
စာရင်းဖွင့် အမြတ်လက်ကျန်	၃၉,၂၂၉,၉၀၁	(၁၅၅,၁၆၈)	(၉၂,၆၈၁)	၃၈,၉၈၂,၀၅၂
ထိန်းချုပ်နိုင်မှုမရှိသောပိုင်ဆိုင်မှုများ	၇,၅၄၂,၉၂၃	(၃၈,၇၉၂)	(၂၃,၁၇၀)	၇,၄၈၀,၉၆၁
		(၁၉၃,၉၆၀)	(၁၁၅,၈၅၁)	

(၂). အမြတ် သို့ မဟုတ် အရှုံးပါဝင်သော ရှင်းတမ်း (ကောက်နုတ်ဖော်ပြချက်)

မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)	၂၀၁၈	အတိုး/(အလျော့) ၂၀၁၈	၂၀၁၈ ပြင်ဆင်ဖော်ပြချက်
မြေယာကုန်ကျစရိတ်	၈၄၂,၇၃၅	၁၁၅,၈၅၁	၉၅၈,၅၈၆

၂၈။ ဘဏ္ဍာရေးရှင်းတမ်းအတည်ပြုခြင်း

မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် ကုမ္ပဏီ လီမိတက်၏ ၂၀၁၉ ခုနှစ်၊ မတ်လ (၃၁)ရက် နေ့ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို ၂၀၁၉ ခုနှစ်၊ ဖွန်လ (၁၉)ရက် နေ့တွင် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ ထုတ်ပြန်ရန် အတည်ပြုခဲ့ပါသည်။

DIRECTORY

RESPONSIBLE ENTITY

MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.
Company Registration No. 151830293
MTSH OFFICE, ROOF TOP FLOOR, UMFCCI OFFICE TOWER,
NO. 29, MIN YE KYAW SWAR STREET, LANMADAW TOWNSHIP,
YANGON

ASSOCIATE

MYANMAR JAPAN THILAWA DEVELOPMENT LIMITED
Company Registration No. 103789656
ADMINISTRATION BUILDING, MJTD OFFICE,
DAGON THILAWA ROAD, THILAWA SEZ,
THANLYIN TOWNSHIP, YANGON

SUBSIDIARY

THILAWA PROPERTY DEVELOPMENT LIMITED
Company Registration No. 101952428
THILAWA DEVELOPMENT ROAD, THILAWA SEZ,
THANLYIN TOWNSHIP, YANGON
REGISTERED OFFICE

AUDITOR

WIN THIN & ASSOCIATES (CERTIFIED PUBLIC ACCOUNTANT)
ROOM (2B/2C), 1ST FLOOR, ROSE CONDOMINIUM,
NO. 182/194, BOTAHTAUNG PAGODA ROAD,
PAZUNDAUNG TOWNSHIP, YANGON

INVESTOR INQUIRIES

MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.
MTSH OFFICE, ROOF TOP FLOOR, UMFCCI OFFICE TOWER,
NO. 29, MIN YE KYAW SWAR STREET, LANMADAW TOWNSHIP,
YANGON
TEL: +9512301772, 2301773, 2301853
WEB: www.mtshmyanmar.com

MTSH

MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.

Rooftop Floor, UMFCCI Office Tower,
No 29, Min Ye` Kyaw Swar Street, Lanmadaw Township,
Yangon Region, Myanmar.
Tel : +95 1 2301772, 2301773, 2301853
E-mail : info@mtshmyanmar.com
www.mtshmyanmar.com